**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။

ဓမ္မပဒ


# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိ မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၇၆)

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက်
၂၀၂၆ ခုနှစ်၊ ဇူလိုင် ၃ ရက်၊ သောကြာနေ့


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိလာသည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ ညနေပိုင်းတွင် နိုင်ငံတော်သမ္မတက သမ္မတအိမ်တော်၊ ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ လိုက်ပါလာသည့် အထူးယာဉ်တန်းသည် နိုင်ငံတော်သမ္မတအိမ်တော်သို့ ရောက်ရှိလာရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှစ်ဦးသည် နိုင်ငံတော်သမ္မတအိမ်တော်၊ ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ် ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက အဆွေတော်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို မိမိတို့မြန်မာနိုင်ငံမှ လှိုက်လှဲနွေးထွေးစွာကြိုဆိုပါကြောင်း၊ အဆွေတော်အနေဖြင့် ရှည်လျားသည့်ခရီးစဉ်လမ်းကြောင်းအဖြစ် ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ ထိုမှတစ်ဆင့် မိမိတို့နိုင်ငံသို့

**စာမျက်နှာ ၁၆ ကော်လံ ၁★**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုနှင့် တွေ့ဆုံဆွေးနွေးစဉ်။

**❖ ယခုကဲ့သို့ မြန်မာနိုင်ငံသို့ တကူးတကဝင်ရောက်၍ အလုပ်သဘော ချစ်ကြည်ရေးခရီးစဉ် ဝင်ရောက်ခဲ့မှုသည် မိမိအပေါ်ခင်မင်ရင်းနှီးမှုကို ဖော်ပြခြင်းဖြစ်သဖြင့် မိမိအနေဖြင့်တန်ဖိုးထား . . .**

**❖ မိမိတို့ နှစ်နိုင်ငံခေါင်းဆောင်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှုမှ တစ်ဆင့် နှစ်နိုင်ငံ ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက် မြှင့်တင်ဆောင်ရွက်သွားလို . . .**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

**❖ လက်ရှိနှစ်နိုင်ငံအကြား ဆက်ဆံရေးကို မိမိတို့နှစ်နိုင်ငံ ခေါင်းဆောင်နှစ်ဦး ပူးပေါင်း၍ ယခုထက်ပိုမိုမြှင့်တင်နိုင်ရေး နောက်ထပ်ခြေလှမ်းသစ်ကိုစတင်ရမည့် အချိန်အခါဖြစ် . . .**

**❖ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အောင် ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ် . . .**

ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို

**တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ၊ အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် အာဆီယံ၏အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး**

စာ - ၇ သို့

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇူလိုင် ၃ ရက်)

# အမျိုးသမီးများ၏ ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး

နှစ်စဉ် ဇူလိုင်လ ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် နိုင်ငံတော်အဆင့်အခမ်းအနားများကျင်းပကာ ဂုဏ်ပြုလျက်ရှိသည်။ ထူးချွန်ထင်ရှား၍စွမ်းဆောင်ရည်မြင့်မားသော အမျိုးသမီးများကိုလည်း အဆိုပါမြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် ထိုက်တန်စွာဆုများချီးမြှင့်လျက်ရှိသည်။ ထိုသို့ကျင်းပလျက်ရှိရာတွင် အကြိုလှုပ်ရှားမှုများအဖြစ် ဝတ်စားဆင်ယင်မှုပြပွဲ၊ စာတမ်းဖတ်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲများကိုကျင်းပကြသည်။ ယခုနှစ်ဇူလိုင်လ ၁ ရက်က ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အကြိုလှုပ်ရှားမှု "ပုလဲရတု စွမ်းအားပြ၊ ဂုဏ်ယူဝင့်ကြွား မြန်မာအမျိုးသမီးများ"ဝတ်စားဆင်ယင်မှုပြပွဲနှင့် ရုပ်ရှင်သဘင်ဂီတဖျော်ဖြေပွဲကို နေပြည်တော်မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၌ ကျင်းပခဲ့သည်။ ကျင်းပပုံများကို တိုက်ရိုက်(Live)ထုတ်လွှင့်ပြသခဲ့သည်။ ချစ်ခင်မြတ်နိုးဖွယ်ကောင်းသော မြန်မာအမျိုးသမီးများ၏ဝတ်စားဆင်ယင်မှု၊ သီဆိုကပြမှု၊ ကိုယ်ဟန်အနေအထားလှပမှုတို့ကို မြင်တွေ့ကြသည်မှာ အလွန်ပင်ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကြည်နူးချမ်းမြေ့ဖွယ်ကောင်းလှသည်။

မြန်မာတို့သည် ယဉ်ကျေးမှုအစဉ်အလာကြီးမားသောလူမျိုးများဖြစ်သည်။ ယဉ်ကျေးမှုအစဉ်အလာကြီးမားသည့်အားလျော်စွာ မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်များကိုတန်ဖိုးထားပြီး ကိုယ်ပိုင်ယဉ်ကျေးမှုကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုသောလူမျိုးဖြစ်သည်။ ထိုအထဲတွင် မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုမှာ ပိုမိုပေါ်လွင်ထင်ရှားပြီး တင့်တယ်လှသည်။ မြန်မာအမျိုးသမီးများသည် ပင်ကိုသဘာဝအရ တည်ငြိမ်ပြီးစိတ်ထားနူးညံ့သူများဖြစ်သည့်အပြင် အရှက်အကြောက်နှင့် ဣန္ဒြေသိက္ခာကြီးမားသည်။ သို့ရာတွင် မြန်မာအမျိုးသမီးတို့သည် နိုင်ငံတော်အတွက် အရေးကြုံလာသည့်အခါ အသက်ကိုပဓာနမထားဘဲ ရဲဝံ့စွန့်စားမှုပြုကြသည်။ မြန်မာ့သမိုင်းတွင် သူရသတ္တိအရာတွင် စံထားနိုင်သူအမျိုးသမီးသုံးဦးပေါ်ပေါက်ခဲ့သည်။ ထိုသူတို့မှာ သူရမချစ်ပို၊ သူရဒေါ်စန်းမော်အေးနှင့် သူရဒေါ်စနေမတို့ဖြစ်ကြသည်။ ထိုသုံးဦးမှာ မြန်မာအမျိုးသမီးများအတွက် ဂုဏ်ယူဖွယ်ဖြစ်သည်။

မြန်မာအမျိုးသမီးဆိုသည်မှာ မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်သည့် တိုင်းရင်းသူလူမျိုးပေါင်းတစ်ရာ့သုံးဆယ်ကျော်ကို ရည်ညွှန်းခြင်းဖြစ်သည်။ တိုင်းရင်းသားအားလုံးကိုကိုယ်စားပြုသည့်အမည်မှာ မြန်မာဖြစ်သည့်အတွက် မြန်မာအမျိုးသမီးများဟု ရေးသားခြင်းဖြစ်သည်။ တိုင်းရင်းသားလူမျိုးများအလိုက် ရိုးရာအမျိုးသမီးဝတ်စုံများမှာလည်း လှပ၍ကျက်သရေမင်္ဂလာနှင့်ပြည့်စုံသည်။ အဆိုပါဝတ်စားဆင်ယင်မှုကိုကြည့်ခြင်းဖြင့် မြန်မာအမျိုးသမီးတို့သည် မြန်မာနိုင်ငံကိုချစ်မြတ်နိုးသည်၊ မြန်မာဖြစ်ရသည်ကို ဂုဏ်ယူသည့်အသွင်ကိုဖော်ဆောင်နေသည်။

မြန်မာအမျိုးသမီးများသည် အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် "ဇာတိ ပုည ဂုဏ်မာန" ရှိခဲ့ကြသည်ကို သမိုင်းတွင်ထင်ရှားစွာရှိထားပြီးဖြစ်သည်။ အမျိုးသားများနှင့်ရင်ပေါင်တန်းပြီး ရဲရဲတောက်အစွမ်းပြသတ္တိပြခဲ့ကြသည်။ ယနေ့တိုင်လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်မှုတွင် အမျိုးသားများကဲ့သို့ပင် တပ်မတော်(ကြည်း၊ ရေ၊ လေ)တို့တွင် ကျရာတာဝန်များထမ်းဆောင်လျက်ရှိသည်။ နိုင်ငံတော်ကာကွယ်ရေးသာမက တည်ငြိမ်အေးချမ်းရေးဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင်လည်းကောင်း၊ နိုင်ငံတော်၏အနာဂတ်ပိုမိုကောင်းမွန်ရန် ပညာရေးနယ်ပယ်၊ ကျန်းမာရေးနယ်ပယ်အစရှိသည့် နယ်ပယ်များစွာတွင်လည်းကောင်း မြန်မာအမျိုးသမီးများမှာ တာဝန်ကိုကျေပွန်စွာထမ်းဆောင်လျက်ရှိနေသည်။

ကမ္ဘာ့ကုလသမဂ္ဂ၏စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (၁၇)ရပ်တွင် "ကျား/မတန်းတူညီမျှရရှိရေးနှင့် အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအားလုံး စွမ်းပကားတိုးမြှင့်စေရေး" ဟူသော ဖွံ့ဖြိုးမှုပန်းတိုင်လည်းပါဝင်သည်။ အမျိုးသမီးများနှင့်ပတ်သက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၄၈ တွင်"နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကိုအကြောင်းပြု၍ ခွဲခြားမှုမရှိစေရ။"၊ ပုဒ်မ ၃၅၀ တွင် "အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများခံစားခွင့်ရှိသောအခွင့်အရေးနှင့်လစာတို့ကို ခံစားခွင့်ရှိသည်။"၊ ပုဒ်မ ၃၅၁ တွင် "မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာအခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိစေရမည်။"၊ ပုဒ်မ ၃၅၂ တွင် "နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းရွေးချယ်တာဝန်ပေးရာတွင်ဖြစ်စေ သတ်မှတ်သောအရည်အချင်းနှင့်ပြည့်စုံပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ ဘာသာသာသနာ၊ အမျိုးသား၊ အမျိုးသမီးကိုအကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကိုခွဲခြားမှုမပြုရ။ သို့ရာတွင် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်များအတွက် အမျိုးသားများအား ရွေးချယ်ခန့်ထားခြင်းကို ဤပုဒ်မအရ အဟန့်အတားမဖြစ်စေရ။" ဟူ၍ ပြဋ္ဌာန်းပေးထားသည်။ အနှစ်ချုပ်ဆိုရသော် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာအမျိုးသမီးများ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးကိစ္စအဝဝ ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။
၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

## ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေ့ါသွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေ့ါသွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။
၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ပိုးသတ်ဆေးကင်းစင်သည့် စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ပညာပေးကွင်းသရုပ်ပြ

နေပြည်တော် ဇူလိုင် ၂

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာ တောင်သူဒေါ်သင်းသင်းခိုင်၏ နှံကောက်၊ သက်တမ်းတိုသုခစပါးစိုက်ခင်း၌ ဇူလိုင်လ ၁ ရက်တွင် ပိုးသတ်ဆေးကင်းစင်သည့် စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ပညာပေးကွင်းသရုပ်ပြပွဲ ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲမှ တာဝန်ရှိသူများက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လိုက်နာကျင့်သုံးခြင်း၊ သီးနှံစိုက်တောင်သူများအနေဖြင့် မိမိတို့၏စိုက်ခင်းတွင် ပိုးမွှားရောဂါ၊ ပေါင်းကျရောက်မှုအား အမြဲမပြတ်ကြိုတင်ကင်းထောက်စစ်ဆေးခြင်း၊ အပင်သက်တမ်းအလိုက်ကျရောက်တတ်သော ဖျက်ပိုးများအား ဘက်စုံကာကွယ်နှိမ်နင်းနည်းများအသုံးပြု၍ နှိမ်နင်းခြင်း၊ ပိုးသတ်ဆေးတို့ကိုလိုအပ်မှသာအသုံးပြုခြင်း၊ ပိုးသတ်ဆေးအုပ်စုတစ်မျိုးတည်းကို ဆက်တိုက်မသုံးစွဲဘဲ အခြားပိုးသတ်ဆေးအုပ်စုများနှင့် အလှည့်ကျပြောင်းလဲအသုံးပြုခြင်း၊ သုံးစွဲမှုအကြိမ်အရေအတွက်လျှော့ချခြင်း၊ အဝါရောင်နှင့်အပြာရောင်ပိုးဖမ်းထောင်ချောက်များ အသုံးပြုခြင်း၊ ပိုးသတ်ဆေးဖျန်းပြီးနောက် သီးနှံရိတ်သိမ်းခူးဆွတ်ရန် စောင့်ဆိုင်းရမည့်ကာလတို့အား တိကျစွာလိုက်နာ၍ ပညာပေးစံကွက်ဆောင်ရွက်ခဲ့သည့်အပေါ် တောင်သူများ လိုက်နာလက်ခံကျင့်သုံးနိုင်ရေးအတွက် ကွင်းသရုပ်ပြကျင်းပကြသည်။

ထို့နောက်ထွက်ရှိလာသော သီးနှံများ၏ ပိုးသတ်ဆေး ဓာတ်ကြွင်းပါဝင်မှုအား စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ၏ISO/IEC 17025 နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် စိုက်ပျိုးရေးထွက်ကုန်များစစ်ဆေးရေးဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်းနှင့် အဆိုပါပညာပေးပြကွက်များအား တိုင်းဒေသကြီးနှင့်ပြည်နယ်ခုနစ်ခုတွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(၄၀၂)

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၃၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄**
**စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်**
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုဖူးမြော်စဉ်။

နေပြည်တော် ဇူလိုင် ၂

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက်သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ အေးစေတီကျောင်းတိုက်၌ အခြေပြု၍ အဆိုပါမြို့ပေါ်ရှိ သံဃာတော် ၃၀ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သောသံဃာတော်များအားနယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# (၂-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၂၀,၀၈၉,၇၆၈.၁၄ | ၂,၅၀၈,၈၄၄.၀၀ | ၁၅,၉၇၂,၇၀၃.၆၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ တိရစ္ဆာန်အစာတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၁၁ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၀၄ သန်းကိုလည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃,၇၀၀.၀၀ ကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၆)ကျင်းပ

နေပြည်တော် ဇူလိုင် ၂

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီ အစည်းအဝေး(၁/၂၀၂၆) ကို ယနေ့နံနက်ပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ ၌ Hybrid စနစ်ဖြင့်ကျင်းပသည်။

ဦးစွာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ နေခြည်လွဲလွဲသိန်းက တွေ့ကြုံနေရသည့် အခက်အခဲများကို သုံးသပ်ပြီး နိုင်ငံတော်နှင့် ဝန်ကြီးဌာန ရည်မှန်းချက်များနှင့် ကိုက်ညီသော သုတေသနမူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲတင်ပြခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းတို့ဖြင့် နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်က သုတေသန၏တိုးတက်မှုသတ်မှတ်ခြင်း၊ သုတေသန ရန်ပုံငွေ ခွဲဝေမှုကို ထိရောက်စေခြင်းနှင့် သုတေသနစီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လာစေရေး Technology Readiness Level(TRL) ဆိုင်ရာအခြေခံမှုများကို ရှင်းလင်းတင်ပြပြီး ဦးစီးဌာန အသီးသီးက လက်ရှိသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ သုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ၊ ဆောင်ရွက်သင့်သောလုပ်ငန်းများကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ကဏ္ဍအလိုက်သုံးသပ်ဆွေးနွေးခြင်းနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ







# အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ဆုရရှိသောအသင်းအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇူလိုင် ၂

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ ပြည်ထောင်စုအားကစားကွင်း အားကစားခန်းမ၌ပြုလုပ်ရာတိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့်အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အသင်းလိုက် ဆုရရှိကြသူများ၊ တစ်ဦးချင်းဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသောအသင်းတို့အား တိုင်းမှူးနှင့်တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်တပ်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၀ သင်းနှင့် အမျိုးသမီးအသင်း ၁၀ သင်းတို့ဖြင့် ဇွန်လ ၂၆ ရက်မှယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# (၂-၇-၂၀၂၆) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၆,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ကမ္မဖလ

**တင့်တယ်**



**ယမန်နေ့မှအဆက်**

ထိုအခါ ကျွန်တော်က ပြုံးရင်း "ကံတရား ဆန်းတယ် ဆိုတာကိုတော့ ကျွန်တော်လက်ခံပါတယ်၊ ဒါပေမဲ့ ဦးလေး အခုပေးတဲ့ အဖြစ်အပျက်ဟာ ဟိုတစ်လောက ကြိုးကျသွားတဲ့ သူဌေးဦးကံကောင်းကိုယ်တိုင် ရေးခဲ့တာသာအစစ်ဆိုရင် ကျွန်တော်တော့ ကံကို ပိုပြီးတော့ မယုံတော့ဘူး" ဟု ဖြေလိုက်သည်၌ ဦးလေး၏ နှုတ်ခမ်းမွေးမှာ ဘေးသို့ ကော့ထောင်သွားကာ "ဆိုစမ်းပါဦး ... မင်းက ဘာပြုလို့ မယုံတာလဲ" ဟု ဒေါနှင့်မေးလိုက်၏။ ဤတွင် ကျွန်တော်က "ဘယ်မှာ ကံကံ၏အကျိုးကို ယုံစားစရာရှိလို့လဲ ဦးလေးရဲ့၊ ဦးကံကောင်းဟာ လူခုနစ်ယောက်အသက်ကို သတ်တဲ့အတွက်တော့ မသေရ၊ ဘယ်လူက အချောင်ဝင်သတ်သွားမှန်းမသိတဲ့ ဦးစိန်မောင်အတွက် ကြားက အချောင်ဝင်ပြီး စက်တိုင်တက်ရတာကို ထောက်လိုက်ရင် တရားဥပဒေက ပတ်ဝန်းကျင်အခြေအနေနဲ့ သက်သေထွက်ချက်စကားတွေကို ကိုးကားပြီး ကြိုးဒဏ်ပေးတာကိုသာ အခြောက်တိုက်ကြီး ခံသွားရတာပဲ၊ ဟို ... အသက်ခုနစ်ချောင်းကို သတ်ခဲ့တဲ့အပြစ်ဒဏ်ကိုမှမခံရဘဲ ဦးကံကောင်းလုပ်ခဲ့တဲ့ အကုသိုလ်ကံက တိုက်ရိုက်မှ မစူးဘဲ ဦးလေးရ ..." ဟု ငြင်းချက်ထုတ်လိုက်သည်၌ ဦးလေး ပြုံးလာ၏။ ပြီးလျှင် ဦးကံကောင်းဟာ သူ့မှတ်တမ်းမှာ ပါတဲ့အတိုင်း စက်တိုင်တက်ရတယ် ထင်သလားကွ" ဟု မေးလိုက်၏။ ကျွန်တော်ကလည်း "စက်တိုင်တက်ရလို့မှ ကြိုးပေးတဲ့သတင်းကိုတောင် ဖတ်လိုက်ရပါသေးသကော ဦးလေးရဲ့" ဟု ဆိုလိုက်ရာ ဦးလေးက "ဦးကံကောင်းဟာ ဦးစိန်မောင်သတ်တဲ့အမှုနဲ့ စက်တိုင်မတက်ရတဲ့အပြင် ကွင်းလုံးကျွတ်တောင် လွတ်သွားသေးတယ်၊ မင်းမသိလို့ ဒါက အတွင်းရေးကွဟု ဆို၏။ ကျွန်တော်လည်း ခပ်ဆန်းဆန်းရှိသည့်အတွက် "ရှင်းပြစမ်းပါဦး ဦးလေးရယ်၊ ကျွန်တော်ဖြင့် နားမလည်ပါဘူး" ဟု တောင်းပန်လိုက်ရ၏။

ထိုအခါမှ ဦးလေးက "ဒီလိုလေ ... ဦးကံကောင်း စက်တိုင်ပေါ်ရောက်ပြီး ဒေါက်ဖြုတ်တော့မည့်ဆဲဆဲကလေးမှာ ဝန်ကြီးဆီက တယ်လီဖုန်းလာပြီး ကြိုးမပေးဘဲ ရပ်ထားဖို့ တားလိုက်တယ်၊ တယ်လီဖုန်းသာ ဆယ်စက္ကန့်လောက်နောက်ကျရင် မင့်ဦးကံကောင်း အသေပဲ ...၊ အဲဒီလို တားလိုက်တာက တခြားမဟုတ်ဘူးကွ၊ ဦးစိန်မောင်ကို သတ်တဲ့လက်သည်အစစ်ပေါ်လာတာကိုးကွ ...၊ လက်စသတ်တော့ ဒရဝမ်အဘိုးကြီးရဲ့သမီး စက်ထဲက ကူလီမလေးကို ဦးစိန်မောင်က အနိုင်ကျင့်နေတော့ ကိုယ်ဝန်ရှိရောဆိုပါစို့ကွာ ...၊ အဲဒါကို ဦးစိန်မောင်က သူ့အပေါ်မှာ တာဝန်မရှိအောင် တစ်ညမှာ ကောင်မလေးကိုချိန်းပြီး ဆန်စက်မောင်းတဲ့ ကုလားနဲ့ အခန်းပိတ်ပေးသတဲ့၊ အဲဒါကို အဖေ ဒရဝမ်ကြီး သိတော့ ဦးကံကောင်းသွားပြီး ဦးစိန်မောင်ကို ထိုးကြိတ်လုပ်တဲ့ညမှာ အဘိုးကြီးက အခွင့်ကောင်းယူပြီး သတိမေ့နေတဲ့ ဦးစိန်မောင်ကို ပုလင်းနဲ့ အသေရိုက်သတ်၊ ရိုက်တဲ့ပုလင်းကို မြေကြီးထဲ တူးမြှုပ်ပစ်လိုက်တယ်၊ ဒီအကြောင်းကို ဒရဝမ်အဘိုးကြီးက မြွေပေါက်ခံရလို့ သေခါနီးကျမှ ဖွင့်ပြောသွားတာ၊ ကိုင်း ... ဘယ်လောက်ဆန်းသလဲ၊ ဦးကံကောင်းကို တစ်ခါတည်း တရားသေလွှတ်ရတော့တာပဲဟေ့"ဟု ရှင်းပြ၏။ သို့တိုင်အောင် ကျွန်ုပ်မှာ နားထွေးထွေးပင် ရှိနေသေး၏။ ဦးကံကောင်း တရားသေလွှတ်သည် ဟုလည်းဆို၏။ ဦးကံကောင်းအား ကြိုးပေးပြီးသော သတင်းများမှာလည်း သတင်းစာများ၌ ကျွန်တော် အသေအချာ စာလုံးမည်းကြီးများနှင့် ဖတ်ခဲ့ရဖူးသေး၏။ နားမရှင်းနိုင်ပါ။ ထို့ကြောင့် ...

"ဒါဖြင့် ဦးကံကောင်းကို ကြိုးပေးပြီးတဲ့အကြောင်း သတင်းစာတွေမှာ ဘာပြုလို့ပါလာရတာလဲ ဦးလေးရယ်၊ ကဲ ..." ဟု မေးလိုက်ရာ ဦးလေးလည်း ဝါးခနဲ တစ်ချက်သမ်းကာ နှုတ်ခမ်းမွေးကို တစ်ချက်သလိုက်ပြီးမှ...

"ဒီလိုလေကွာ ... ကြိုးစင်ပေါ်က ဦးကံကောင်းကို ချခဲ့ပြီးတော့ အကျိုးအကြောင်းလည်း ပြောလိုက်ရော ... ဦးကံကောင်းဟာ ဝမ်းသာလွန်းလို့ ချက်ချင်း ထပြီး ကတာပဲဟေ့၊ ကသမှ စိန်ကတုံးကကို ကတာ၊ အဲဒီလိုကနေတုန်းမှာ ဝတ်လုံတွေကလည်း ရှန်ပိန်ပုလင်းနဲ့ ဖန်ခွက်နဲ့ ရောက်လာပြီး အောင်ပါစေသော အောင်စေသောဆိုပြီး တပျော်တပါးကြီး အရက်ခွက်ချင်း နှုတ်ခမ်းရိုက်ပြီး သောက်ကြသေးတယ်၊ ပြီးတော့ကာ ထောင်မှူးကြီးကိုယ်တိုင်လည်း ဦးကံကောင်းတို့ကို သူ့ရုံးခန်းခေါ်သွားပြီး ဦးကံကောင်းကို လွှတ်ဖို့ ချက်ချင်းစီရင်ရတာပဲဟေ့ ...။ နိုင်ငံရေးသမားတွေရဲ့ မိတ်ဆွေရင်း တကယ့်သူဌေးကို မှားပြီး ကြိုးပေးမိမလို့၊ တားတားကလေးလိုတော့တဲ့ အဖြစ်မို့ အားလုံးမျက်လုံးပြူးကုန်ကြရတာပေါ့ကွာ ..."ဟု ဆိုကာ စကားကို ရပ်လိုက်၏။ ကျွန်ုပ်လည်း ဦးလေး တမင်စကားရပ်၍ အဖိုးတန်အောင် နားထောင်ချင်စိတ်ဖြင့် မချင့်မရဲဖြစ်အောင်လုပ်နေသည်ကို သိသဖြင့် "ကိုင်း-ကျွန်တော် ပြန်တော့မယ်၊ ဦးလေး ပြောချင်လည်းပြော မပြောချင်နေ" ဟု ခွတ်ကိုင်လိုက်ရ၏။ ဤတွင် ဦးလေးလည်း တစ်ချက်ရယ်ကာ "ဒီအရွယ်ရောက်တောင် ကလေးစိတ်လိုလုပ်တုန်းပဲကိုး၊ အဲကွာ... ဦးကံကောင်းကို ချက်ချင်းလွှတ်လိုက်ရတော့ ဦးကံကောင်းဟာ ဝမ်းသာလုံးဆို့ပြီး ကြိုးတိုက်ထဲက သူ့ခေါင်းအုံးအောက်မှာ ဟောဒီ မင်းအခု ဖတ်ပြီးတဲ့ မှတ်တမ်းကြီးကို ဦးကံကောင်းဟာ မေ့ပြီး ထားခဲ့သကွ၊ ကြိုးတိုက်ကို ဗာရာတွေ ရှင်းတော့မှ တွေ့ပြီး တို့ဆီကို လာပို့တယ် ...၊ ဒီမှတ်တမ်းကြီးထက် လူသတ်မှုဖြောင့်ဆိုချက်စစ်တာ ဘယ်မှာရှိလိမ့်လဲကွာ ...၊ ဒီတော့မှ ဦးကံကောင်းကို ပြန်ဖမ်းပြီး ထောင်ထဲမှာပင် အမှုစစ်ပြီးတော့ ကြိုးပေးလိုက်ရတာပဲ၊ ကိုင်း...ပြန်...ပြန်...ပြန်တော့"ဟု ဆိုလိုက်ပါသတည်း။

**ပြီးပါပြီ။**

## ဤဝတ္ထုပြီးဆုံးပါက စာရေးဆရာကြီးရွှေဥဒေါင်း၏ "ရတနာပုံဝတ္ထု" ဝတ္ထုအား ဆက်လက်ဖော်ပြပါမည်။

# ဟသ်ာတမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မိုးရာသီ သစ်ပင်စိုက်ပျိုး



ဟသ်ာတ ဇူလိုင် ၂

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် ရွာသစ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်း အတွင်း၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်လ ၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဟသ်ာတခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အဖွင့်အမှာစကားပြောကြားသည်၊ ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သက်သက်ဦးက မြန်မာအမျိုးသမီးများနေ့ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အခမ်းအနားတက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများထံ ပျိုးပင်များပေးအပ်သည်။ ထို့နောက် သစ်ပင်စိုက်ပျိုးပွဲကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဟသ်ာတခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သက်သက်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးရွာနေပြည်သူများက သတ်မှတ်နေရာအသီးသီး၌ သစ်ပင်များစုပေါင်းစိုက်ပျိုးကြသည်။

ဟသ်ာတခရိုင် သစ်တောဦးစီးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရန်၊ လေကောင်းလေသန့်ရရှိစေရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်၍ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပခြင်းဖြစ်ပြီး အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ခရေ၊ ကံ့ကော်၊ မဟော်ဂနီ စုစုပေါင်း ပျိုးပင် ၉၉၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ချမ်းမြေ့**

# ကြိမ်အခြေခံလက်မှုထည်ထုတ်လုပ်မှု နည်းပညာ သင်တန်းဆင်းပွဲကျင်းပ

စစ်ကိုင်း ဇူလိုင် ၂

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော ဒေသတစ်ခု ထုတ်ကုန်တစ်ခုဆောင်ရွက်မည့်အစီအစဉ်ဖြင့် ကြိမ်အခြေခံလက်မှုထည်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင်လ ၂ ရက်တွင် စစ်ကိုင်းမြို့နယ် မန်းကျည်းစဉ်ရပ်ကွက် ဘုရားကြီးကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲပိုင်အောင်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်လွင်မာအောင်က သင်တန်းမှထွက်ရှိသော ကုန်ချောပစ္စည်းများကို သင်တန်းသား၊ သင်တန်းသူများထံ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၁၅ ဦးအား ကြိမ်ခြင်းအမျိုးမျိုး၊ ဦးထုပ်၊ အုပ်ဆောင်း၊ ထိုင်ခုံ၊ ဗန်းအမျိုးမျိုး၊ လိပ်စာထည့်ခွက်၊ တစ်သျှူးဘောက်၊ ခေါင်းအုံး၊ ခွတ်ပုံဘောင် စသည့် ကြိမ်အခြေခံလက်မှုထည်များကို ဇွန်လ ၁၈ ရက်မှ ဇူလိုင်လ ၂ ရက်အထိ သင်ကြားပေးပြီး သင်တန်းမှ အမှန်တကယ် ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသား၊ သင်တန်းသူငါးဦးအား သတ်မှတ်ချက်များနှင့် အညီရွေးချယ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

# ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးရောက်ရှိ



ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုအား ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။

နေပြည်တော် ဇူလိုင် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးလာရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုဦးဆောင်သော အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသော အထူးလေယာဉ်သည် ယနေ့ညနေပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ရောက်ရှိသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့အား ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးကိုကိုကျော်၊ ဘယ်လာရုစ်သမ္မတ နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သမ္မတ နိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ကြိုဆို နှုတ်ဆက်ကြသည်။

ထို့ပြင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့အား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြု၍ လည်းကောင်း၊ မြန်မာကလေးငယ်နှစ်ဦး က ပန်းစည်းကမ်း၍လည်းကောင်း ဂုဏ်ပြု ကြိုဆိုကြသည်။

မြဝတီ

# ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ် တည်ထောင်မှုဆိုင်ရာ ဒုတိယဝန်ကြီးအဆင့် စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း တက်ရောက်

နေပြည်တော် ဇူလိုင် ၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းကျန့်မြို့ တွင် ဇွန်လ ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက် ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (Shanghai Cooperation Organization Development Bank – SCOB) တည်ထောင်မှုဆိုင်ရာ ဒုတိယ ဝန်ကြီးအဆင့် စတုတ္ထအကြိမ် ညှိနှိုင်းအစည်း အဝေးသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့်အဖွဲ့ တက်ရောက်ခဲ့သည်။




အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Min Liao နှင့် ကာဂျစ်စတန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Nurbek Akzholov တို့က ပူးတွဲ သဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။

အစည်းအဝေး ပထမနေ့တွင် ကြားဖြတ် အတွင်းရေးမှူးရုံးက ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ် တည်ထောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (မူကြမ်း)ရေးဆွဲရာ၌ အဓိကကျသည့်အချက် အလက်များဖြစ်သည့် ရင်းနှီးငွေထည့်ဝင်မှု၊ ရှယ်ယာခွဲဝေမှုနှင့် မဲပေးပိုင်ခွင့်တို့နှင့် စပ်လျဉ်း၍ လေ့လာသုံးသပ်ချက်များကို လည်းကောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းက Credit Rating Agency များ၏ အပြည်ပြည် ဆိုင်ရာဖွံ့ဖြိုးရေးဘဏ်များကို အကဲဖြတ် ဆောင်ရွက်သည့် နည်းလမ်းများကို လည်းကောင်း ရှင်းလင်းတင်ပြရာ အစည်း အဝေးတက်ရောက်ကြသူများက သိရှိလို သည်များကို မေးမြန်းအကြံပြုဆွေးနွေးကြ သည်။

အစည်းအဝေးဒုတိယနေ့တွင် သက်ဆိုင် ရာအဖွဲ့အစည်းများက ဘဏ္ဍာရေးဆိုင်ရာ ဆန်းသစ်တီထွင်မှုများ၊ ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ မိတ်ဖက် အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်မှု နည်းလမ်းများကိုလည်းကောင်း၊ ကြားဖြတ် အတွင်းရေးမှူးရုံးက ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်မှုပုံစံများနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်တို့ကို လည်းကောင်း ရှင်းလင်းတင်ပြရာ အစည်း အဝေးတက်ရောက်ကြသူများက ဝိုင်းဝန်း ဆွေးနွေးကြသည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံ များဖြစ်ကြသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့ အပါအဝင် နိုင်ငံပေါင်း ၂၈ နိုင်ငံမှ ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့ ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန် မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သိရသည်။

မြဝတီ

# ကလေးမြို့နယ်၌ ဆိုလာစနစ်ဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ကလေး ဇူလိုင် ၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ကလေးမြို့နယ် တောင်ရွာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းခွင့်ပြုငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆိုလာစနစ်ဖြင့် သောက်သုံးရေ ရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဇူလိုင်လ ၂ ရက်တွင် ကွင်းဆင်းစစ်ဆေး သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ဦးစီးမှူး ဦးဟန်ထွန်းအောင်၊ ကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မျိုးသီရိထွန်းနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုး ရေးကော်မတီဝင်များနှင့်အတူ တောင်ရွာကျေးရွာ၌ ဆိုလာစနစ်ဖြင့် သောက်သုံးရေ ရရှိရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ် သည်များပြောကြားသည်။

တောင်ရွာကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် ဆိုလာတပ်ဆင်ခြင်း၊ ရေမြှုပ်ပန့် တပ်ဆင်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းခွင့်ပြုငွေ ငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၁၆ ဒသမ ၇ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာ ပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက် ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ သောက်သုံးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၆၄ အိမ်မှ လူဦးရေ ၇၅၄ ဦးတို့အတွက် ရာသီမရွေးသောက်သုံးရေအဆင်ပြေ စွာရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

သူသူ

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပစိမ်းမြမြ။**

# ပြည်တွင်း / ပြည်ပအလုပ်သမားဆိုင်ရာကော်မတီအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တွေ့ဆုံ



နေပြည်တော် ဇူလိုင် ၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်ရေးရာဆောင်(I-1)ရှိပြည်တွင်း/ပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီဝင်များနှင့် တွေ့ဆုံသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်၍ ပြည်တွင်း/ ပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေက ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့်အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ အဆိုပါတွေ့ဆုံပွဲသို့ သီးခြားဖိတ်ကြားထားသည့် အလုပ်သမားဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်းနှင့် လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါ်ဝင်းမော်ထွန်းတို့ကလည်း ယခင်လုပ်ငန်းအတွေ့အကြုံများအရ လုပ်ဆောင်သင့်သည့်လုပ်ငန်းများ၊ ပြင်ဆင်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပြုချက်များကို ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက်ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွှတ်တော်ကော်မတီများ၏လုပ်ပိုင်ခွင့်၊ တာဝန်နှင့်အခွင့်အရေးများဆိုင်ရာကိစ္စရပ်များ၊ ကော်မတီတွင်ပါဝင်ကြသည့် ကိုယ်စားလှယ်များအနေဖြင့် စွမ်းဆောင်ရည်မြင့်မားရေးနှင့် ဘာသာရပ်ဆိုင်ရာကိစ္စရပ်များကို ကျွမ်းကျင်ပိုင်နိုင်အောင် လေ့လာဆည်းပူးသွားကြရန်နှင့် အစိုးရအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရာတွင် ပေါင်းစပ်ညှိနှိုင်းခြင်းဖြင့်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့ပြည်သူ့လွှတ်တော်တွင် လွှတ်တော်လုပ်ငန်းစဉ်များကို အထောက်အကူပြုရန် အမြဲတမ်းကော်မတီလေးခု အပါအဝင် ကော်မတီ ၂၂ ခု ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ယင်းကော်မတီများအနက် ယနေ့တွေ့ဆုံသော ပြည်တွင်း/ ပြည်ပအလုပ်သမားဆိုင်ရာကော်မတီသည်အရေးပါသည့် ကော်မတီတစ်ခုဖြစ်ပါကြောင်း၊ မည်သည့်ကော်မတီမဆို လွှတ်တော်အားအထောက်အကူပြုသည့် ခေါက်တိုင်များဖြစ်ပြီး လွှတ်တော်ငယ်များဟုလည်း ခေါ်ဆိုနိုင်ကြပါကြောင်း၊ အလုပ်သမားကိစ္စအား စဉ်းစားရာတွင် ပြည်တွင်းရှိ ကာယဉာဏအလုပ်သမားများ၊ ပြည်ပသို့ရောက်ရှိနေသော မြန်မာနိုင်ငံသားအလုပ်သမားများနှင့်ပြည်ပရှိ အလုပ်သမားများမှ မိခင်နိုင်ငံသို့ လုပ်ခလစာများ ပြန်လည်လွှဲပြောင်းပေးပို့သည့် (Remittances) များဟူ၍ အဓိကအပိုင်းသုံးပိုင်းကို အလေးထားစဉ်းစားရန်ဖြစ်ကြောင်း။

ပြည်တွင်းအလုပ်သမားများနှင့်ပတ်သက်၍ ၎င်းတို့၏ ခံစားခွင့်၊ အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို ဥပဒေနှင့်အညီဖြစ်စေရေး လေ့လာကြရန်လိုကြောင်း၊ နောက်ထပ်အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုမှာ နိုင်ငံတော်တွင် ပြည်တွင်းတည်ဆဲဥပဒေ ၄၁၉ ခု၊ အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသောဥပဒေ ၁၂၀ ခန့်ရှိကြောင်း၊ ယင်းဥပဒေများအား သက်ဆိုင်ရာကော်မတီအလိုက် ဖြန့်ခွဲပေးမည်ဖြစ်၍ ယင်းဥပဒေများအား ခေတ်ကာလအခြေအနေနှင့်လျော်ညီအောင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဥပဒေအသစ်ပြဋ္ဌာန်းခြင်း စသည့်လုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ လက်ရှိလူဦးရေမှာ ၅၁ သန်းကျော်ရှိသည့်အနက် ခန့်မှန်း ၆ သန်းကျော်ခန့်သည် ပြည်ပသို့ရောက်ရှိ အလုပ်လုပ်ကိုင်နေကြသူများဖြစ်သည်ဟု စာရင်းဇယားများအရ သိရှိရကြောင်း၊ ဤမျှများပြားသော ပမာဏရှိသည့်အလုပ်သမားများအတွက်ဥပဒေအရ အကာအကွယ်ရရှိရေးအတွက်အလုပ်သမားဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စသည့် သက်ဆိုင်သောဝန်ကြီးဌာနများနှင့် အခါအားလျော်စွာ တွေ့ဆုံဆွေးနွေး၍ ပြည်ပရှိအလုပ်သမားများအတွက် လိုအပ်သည်များကို ကူညီပံ့ပိုးပေးရမည့်ကိစ္စရပ်များအား ဆွေးနွေးညှိနှိုင်းရန်လိုကြောင်း။

ပြည်ပရှိ အလုပ်သမားများအတွက် အကာအကွယ်ပေးရန် အနိမ့်ဆုံးအဆင့်ကော်မတီနှင့် စောင့်ကြည့်လေ့လာရေးအဖွဲ့ဖွဲ့စည်းထားရှိရန်လိုကြောင်း၊ ဥပဒေများကိုပြင်ဆင်ရေးဆွဲရာတွင် ILO စံချိန်စံညွှန်းများကိုပါလေ့လာ၍ ဂရုပြုရေးဆွဲဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်ပရှိ အလုပ်သမားများနှင့်ပတ်သက်၍ အလုပ်အကိုင်ရှာဖွေဆောင်ရွက်နေသော အေဂျင်စီများ၏လုပ်ငန်းစဉ်များကိုလည်း စနစ်တကျလေ့လာသုံးသပ်၍ နိုင်ငံအတွက် နစ်နာမှုမရှိရအောင် ကြိုးပမ်းဆောင်ရွက်သွားရေးလုပ်ငန်းများကိုလည်း အလေးအနက်ထားဆောင်ရွက်သွားကြစေလိုကြောင်း စသည်ဖြင့် အကျယ်တဝင့်ပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

မြဝတီ

# အားကစားနည်းအလိုက် သင်တန်းသား၊ သင်တန်းသူများ၏ လေ့ကျင့်နေမှုများနှင့် အားကစားကွင်း၊ အားကစားရုံများအား ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ကြည့်ရှုစစ်ဆေး




နေပြည်တော် ဇူလိုင် ၂

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦး၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်ငွေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဒေါက်တာထူးခြားအောင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး၊ အားကစားဥယျာဉ်အတွင်းရှိ အားကစားကွင်း၊ အားကစားရုံများနှင့် Football for School အစီအစဉ်ဖြင့် အားကစားနည်းအလိုက် သင်တန်းသား၊ သင်တန်းသူများ၏လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ Football for School အစီအစဉ်အဖြစ် အခြေခံဘောလုံးအားကစားသင်တန်း၊ အခြေခံလက်ဝှေ့အားကစားသင်တန်း၊ အခြေခံကရာတေးအားကစားသင်တန်းတို့တွင်အားကစားနည်းစနစ်များစနစ်တကျလေ့ကျင့်သင်ကြားပေးနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး သင်တန်းသားများအတွက်အားကစားပစ္စည်းများနှင့် အင်အားဖြည့် Royal-D အချိုရည်များကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဝေါမြို့နယ် အားကစားကွင်း၊ အားကစားရုံများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝေါမြို့နယ်အားကစားကွင်း၌ ကျင်းပသည့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲတွင် ကျိုက်လှအသင်းနှင့် နောင်ပတ္တရာအသင်းတို့၏ အကြိတ်အနယ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ




| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄°c | / | ၃၂°c |
| ရန်ကုန် | ၂၄°c | / | ၂၉°c |
| မန္တလေး | ၂၈°c | / | ၃၇°c |

လျှပ်စစ်မီးကို

ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို

ချွေတာကြပါစို့

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

## အာဆီယံထုတ်ပြန်ချက် (၅) ရပ်သည် အာဆီယံ၏အခြေခံမူများနှင့်ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိနိုင်ငံရေးအခြေအနေနှင့်ကိုက်ညီမှု မရှိသည့်အတွက် သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

နေပြည်တော် ဇူလိုင် ၂

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၅၂ ဦး တက်ရောက်သဖြင့် ၉၈ ဒသမ ၅၇ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက်ပဲခူးတိုင်းဒေသကြီးအမျိုးသား လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးလှသိန်းက လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Joint Coordinating Committee on Parliamentary Development–JCC) ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တွင် ပါဝင်ရန်လျာထားသည့် အဖွဲ့ဝင် ၁၆ ဦး၊ ဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးလှသိန်း၊ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော်ရုံး အမြဲတမ်းအတွင်းဝန် ဦးဇော်ဟိန်း၊ တွဲဖက်အတွင်းရေးမှူး(၁) အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးနိုင်ထွန်း၊ တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်ထိုက်နှင့် အဖွဲ့ဝင်များ၏အမည်စာရင်းများကို တင်ပြပြီး ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့်အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေး ချုပ်ဆိုခဲ့သည့် သဘောတူစာချုပ်နှင့် မြန်မာ



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပစဉ်။

နိုင်ငံ၏ အသိပေးအကြောင်းကြားစာကို ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ပေးပို့နိုင်ရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေက မြန်မာ–ဘယ်လာရုစ် နှစ်ထပ်အခွန်ကင်းလွတ်ခွင့် (DTA) စာချုပ်ချုပ်ဆိုခြင်းဖြင့် နိုင်ငံတော်နှင့်အများပြည်သူအတွက် အကျိုးကျေးဇူးများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းအသစ်များပေါ်ထွန်းလာခြင်း၊ ခေတ်မီနည်းပညာနှင့် စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ခြင်း၊ မျှတသော အခွန်နှုန်းထားနှင့် ကုန်ကျစရိတ်သက်သာစေခြင်း၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများရရှိစေခြင်းတို့ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံကို စီးပွားရေးမြှုပ်နှံမှုပိုမိုရောက်ရှိလာမည်ဖြစ်သည့်အတွက် အခွင့်အလမ်းများပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊ မြန်မာ–ဘယ်လာရုစ် (DTA) စာချုပ်သည် အခွန်ကောက်ခံရုံသက်သက်မဟုတ်ဘဲ မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာကူးပြောင်းရယူမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးမှုအတွက် မရှိမဖြစ်လိုအပ်သော တရားဝင်စီးပွားရေးတံတားတစ်စင်း ချိတ်ဆက်လိုက်ခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်နှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ရေရှည်စီးပွားရေးအကျိုးစီးပွားကို ရှေးရှုလျက် ဘယ်လာရုစ်နိုင်ငံသို့ မြန်မာနိုင်ငံ၏အသိပေးအကြောင်းကြားစာပေးပို့နိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၏သဝဏ်လွှာအပေါ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါရန် ထောက်ခံဆွေးနွေးသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူက မိမိတို့နိုင်ငံအနေဖြင့် ဘယ်လာရုစ်သမ္မတနိုင်ငံနှင့် မဟာဗျူဟာမိတ်ဖက်အဖြစ် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခြင်းဖြင့် သိပ္ပံနှင့်နည်းပညာကဏ္ဍများ၊ စီးပွားရေးဆိုင်ရာကုန်သွယ်မှုများ၊ စက်မှုပစ္စည်းနည်းပညာအကူအညီများ၊ နိုင်ငံရေးနှင့်သံတမန်ရေးရာအကျိုးဆက်ကောင်းများ တိုးတက်ရရှိနိုင်မည့်အပြင် နိုင်ငံသားများအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်သည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

စာချုပ်ချုပ်ဆိုခြင်းဖြင့် ဝင်ငွေတစ်ခုအတွက် အခွန်နှစ်ထပ်ကျသင့်ခြင်းကို ရှောင်ရှားနိုင်ခြင်း၊ အခွန်လိမ်လည်မှုနှင့် အခွန်ရှောင်မှုများကို ထိရောက်စွာ ကာကွယ်နိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးမြှင့်တင်ရန် အကူအညီဖြစ်စေပြီး အခွန်စီမံခန့်ခွဲမှု ကောင်းမွန်စေခြင်း၊ ရှင်းလင်းတည်ငြိမ်သော စည်းမျဉ်းစနစ်ဖြင့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအတွက်အရေးပါသည့်ဥပဒေရေးရာအခြေခံအုတ်မြစ်ဖြစ်လာနိုင်ပြီး သတ်မှတ်ဝင်ငွေအမျိုးအစားများအတွက် အခွန်သက်သာခွင့်စသည့် သီးခြားဝင်ငွေအမျိုးအစားများအတွက်လည်း သက်သာသည့် အခွန်နှုန်းများရရှိစေမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ယခုစာချုပ်သည်မိမိတို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၁၀၈)(က,ခ)၊ ပုဒ်မ(၂၀၉)(က)၊ ပုဒ်မ (၂၉၅)(က–၁)နှင့် ပုဒ်မ(၄၅၆)တို့အရ ညီညွတ်ကိုက်ညီမှုရှိပြီး မိမိတို့နိုင်ငံအတွက် အပြုသဘောဆောင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေသော စာချုပ်တစ်ရပ် ဖြစ်သောကြောင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မြောင်းမြမဲဆန္ဒနယ်မှ ဒေါ်မြင့်စန္ဒာအောင်က သဘောတူစာချုပ်များသည် စာချုပ်ချုပ်ဆိုသည့် နိုင်ငံနှစ်ခုလုံးအပေါ် အခွန်ကောက်ခံပိုင်ခွင့်များကို ခွဲဝေပေးပြီး အဆိုပါနိုင်ငံနှစ်ခုအတွက် တာဝန်ဝတ္တရားများကို သတ်မှတ်ပေးသည်ကို တွေ့ရှိရပါကြောင်း၊ စာချုပ်၏ အဓိကပြဋ္ဌာန်းချက်များသည် စာချုပ်ချုပ်ဆိုသည့် နိုင်ငံတစ်ခုသို့မဟုတ် နှစ်ခုလုံးတွင် နေထိုင်သည့် အခွန်ထမ်းများကို အကျိုးကျေးဇူးရရှိရန် ရည်ရွယ်ချုပ်ဆိုလေ့ရှိသောကြောင့် မိမိတို့နိုင်ငံကဲ့သို့သော ဖွံ့ဖြိုးစနိုင်ငံများအတွက် ကုန်သွယ်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ပေါ်ထွန်းလာစေမည်ကိုသုံးသပ်ရရှိပါကြောင်း။

ထို့ကြောင့် ရွေးကောက်ခံအစိုးရသစ်အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် သဘောတူစာချုပ်တစ်ရပ်ချုပ်ဆိုရန်အတွက် လွှတ်တော်မှ သဘောတူလက်ခံပေးရမည်မှာ ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်၏ တာဝန်ဖြစ်သကဲ့သို့ ပါဝင်ထောက်ခံပေးရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဇဗ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်က ဘယ်လာရုစ်နိုင်ငံသည် စက်မှုလုပ်ငန်း၊ ကာကွယ်ရေးလုပ်ငန်းနှင့် နည်းပညာပိုင်းတွင် အဆင့်မြင့်မားသော နိုင်ငံဖြစ်သည့်အတွက် ယခုကဲ့သို့ အခွန်နှစ်ထပ်ကျမှုရှောင်ရှားရေးစာချုပ်ကို အတည်ပြုပြီး မြန်မာနိုင်ငံ၏ အသိပေးအကြောင်းကြားစာကို အမြန်ဆုံးပေးပို့ခြင်းအားဖြင့် နှစ်နိုင်ငံသံတမန်ရေးရာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း။

နောင်တွင် ဘယ်လာရုစ်နိုင်ငံမှ လုပ်ငန်းရှင်များက မိမိတို့နိုင်ငံရှိ ငါးကန်၊ ပုစွန်ကန်များကို အခြေပြု၍ ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်လာပါက ၎င်းကန်များအား စာချုပ်ပါ Article 5 အရ အမြဲတမ်းလုပ်ငန်းတည်ရာဌာန (Permanent Establishment) အဖြစ်တိကျစွာသတ်မှတ်ပြီး Article 6 နှင့် Article7 ပြဋ္ဌာန်းချက်များကိုပေါင်းစပ်ကာ မိမိတို့ မြန်မာနိုင်ငံဘက်က အခွန်အပြည့်အဝစည်းကြပ်ကောက်ခံပိုင်ခွင့်ရှိကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ဥပဒေကြောင်းအရ ကြိုတင်သတိပြုပြင်ဆင်ထားရန် ဖြည့်စွက်တိုက်တွန်းလိုပါကြောင်း။

စာချုပ်ပါ Article 32 ခုစလုံးသည် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီပြီး နိုင်ငံတော်အတွက် အကျိုးရှိသည့်အတွက် ဤသဘောတူစာချုပ်အား အတည်ပြုရန်နှင့် စာချုပ်အသက်ဝင်မည့် အသိပေးအကြောင်းကြားစာကို ဘယ်လာရုစ်နိုင်ငံသို့ အမြန်ဆုံးပေးပို့နိုင်ရေးအတွက်ပြည်ထောင်စုလွှတ်တော်က ကန့်ကွက်ရန်မရှိဘဲ အတည်ပြုပေးပါရန် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေးသဘောတူစာချုပ်များချုပ်ဆိုရာတွင် နှစ်နိုင်ငံအကြားရှိ သံတမန်ဆက်ဆံရေးကောင်းမွန်မှု၊ စီးပွားရေးဆက်ဆံမှု၊ ကုန်သွယ်မှုပမာဏနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေများကို ထည့်သွင်းစဉ်းစား၍လည်းကောင်း၊ မိမိတို့နိုင်ငံ၏အခွန်ဘဏ္ဍာငွေများအပေါ် သက်ရောက်မှု အနည်းဆုံးဖြစ်စေနိုင်မည့်နိုင်ငံများကို ရွေးချယ်၍လည်းကောင်း စာချုပ်ချုပ်ဆိုနိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေးသဘောတူစာချုပ်ကို နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားရေးအခွင့်အလမ်းများ ပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ ချုပ်ဆိုခဲ့ခြင်းဖြစ်ပါကြောင်း၊ ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေးသဘောတူစာချုပ် ချုပ်ဆိုထားခြင်းဖြင့် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံသူများအတွက် တည်ငြိမ်မှုရှိသော စီးပွားရေးနှင့်အခွန်စနစ်ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းများတွင် အခွန်နှစ်ထပ်ကောက်ခံခြင်းကို ရှောင်ရှားနိုင်သည့်အတွက် နိုင်ငံနှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုများ တိုးတက်လာစေနိုင်ခြင်း၊

စာမျက်နှာ ၈ သို့ ◆

◆ စာမျက်နှာ ၇ မှအဆက်

အခွန်ဌာနများအကြား သတင်းအချက်အလက်ဖလှယ်မှုများ တိုးတက်လာပြီး အခွန်တိမ်းရှောင်မှုများကို ပူးပေါင်းတားဆီးနိုင်သဖြင့် အခွန်လိုက်နာမှု မြင့်မားလာစေနိုင်ခြင်း၊ နိုင်ငံနှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးကို တိုးတက်ကောင်းမွန်လာစေခြင်းစသည့်အကျိုးကျေးဇူးများရရှိစေနိုင်မည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေးစာချုပ်ကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးပါက အဆိုပါစာချုပ်ကို မြန်မာနိုင်ငံတွင် စတင်ကျင့်သုံးနိုင်ရေးနှင့် အများပြည်သူများသိရှိလိုက်နာဆောင်ရွက်နိုင်စေရေးတို့အတွက် အမိန့်ကြော်ငြာစာများထုတ်ပြန်ခြင်း၊ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာခြင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝက်ဘ်ဆိုက်တွင် လွှင့်တင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား လက်မှတ်ရေးထိုးခဲ့သည့်ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအားကာကွယ်တားဆီးရေး သဘောတူစာချုပ်အား အကျိုးသက်ရောက်စေရေး ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုနိုင်ရန်နှင့် မြန်မာနိုင်ငံဘက်က အသိပေးအကြောင်းကြားစာကို ဘယ်လာရုစ်သမ္မတနိုင်ငံဘက်သို့ ပေးပို့နိုင်ရန်တို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၈၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၅၉ တို့နှင့် အညီပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ရယူပေးနိုင်ပါရန် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူပြီး သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒီဇယ်ဆီ HSD(500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ကာလ တစ်လထပ်မံတိုးမြှင့်၍ ခွင့်ပြုနိုင်ရေးနှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တစ်လ ခွင့်ပြုနိုင်ရေးကိစ္စနှင့် စပ်လျဉ်းပြီး တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေက LNG အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ကို တစ်လခွင့်ပြုခြင်းသည် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးအတွက်အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ LNG အသုံးပြုမှုမြှင့်တင်ခြင်းသည် လျှပ်စစ်ဓာတ်အားကဏ္ဍတွင် လောင်စာရင်းမြစ်များ ခွဲဝေအသုံးပြုနိုင်ရေး (Energy Diversification)နှင့် စွမ်းအင်လုံခြုံရေး ( Energy Security) ကို တိုးတက်စေမည်ဖြစ်ပါကြောင်း။

Premium Diesel သည် သန့်ရှင်းသောလောင်စာဖြစ်ပြီး စွမ်းအင်ထိရောက်မှု၊ အင်ဂျင်သက်တမ်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပိုမိုကောင်းမွန်ပါသဖြင့် Premium Diesel ကိုပါ ခွင့်ပြုပေးမည်ဆိုပါက ပိုမိုသန့်ရှင်းသည့်စွမ်းအင်ကို အားပေးခြင်းဖြစ်သဖြင့် စက်ကိရိယာနှင့် ပတ်ဝန်းကျင်သက်ရောက်မှုအပေါ် များစွာသက်သာစေပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးတည်ငြိမ်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝသက်သာချောင်ချိရေး၊ စွမ်းအင်လုံခြုံရေး၊ ရေရှည်အခွန်အခြေခံခိုင်မာရေးတို့ကို ရည်ရွယ်သည့် မူဝါဒဆိုင်ရာဆောင်ရွက်ချက်များဖြစ်ပါသောကြောင့် အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိကအသုံးပြုရသည့် ဒီဇယ်ဆီ HSD (500 ppm) ဈေးနှုန်းတည်ငြိမ်စေရန်၊ အများပြည်သူအတွက် လျှပ်စစ်ဓာတ်အားခဈေးနှုန်းမြင့်တက်မှုမရှိစေရန်၊ ကုန်ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ရန်နှင့် အခြေခံပြည်သူလူထု၏ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရေးကို အဓိကဦးတည်၍ ဒီဇယ်ဆီ HSD (500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) တို့အပေါ် အခွန်ကင်းလွတ်ခွင့်ပေးခြင်းဖြစ်ပါကြောင်း။

ယခုကာလတွင် အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများကြောင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းနှင့် သဘာဝဓာတ်ငွေ့ရည်ဈေးနှုန်းမြင့်တက်နေမှုသည် ပြည်သူလူထု၏ စားဝတ်နေရေးနှင့်ကုန်ဈေးနှုန်းအပေါ် တိုက်ရိုက်ရိုက်ခတ်မှုရှိနေပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုစားဝတ်နေရေး၊ လူမှုစီးပွားဘဝအဆင်ပြေချောမွေ့စေရေးတို့အတွက် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ထိန်းညှိဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း။

ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှုအခြေအနေနှင့် ကမ္ဘာ့လောင်စာဆီဈေးနှုန်းအခြေအနေ၊ ပြည်တွင်းဒီဇယ်ဆီဈေးနှုန်းနှင့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းအခြေအနေ၊ အခြားဒေသတွင်းနိုင်ငံများ၏ တုံ့ပြန်ဆောင်ရွက်မှု အခြေအနေများကို လစဉ်စိစစ်သုံးသပ်လျက်ရှိပြီး လိုအပ်ပါက ဒီဇယ်ဆီ HSD(500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည်တို့အပေါ် အခွန်ကင်းလွတ်ခွင့်ကာလကို ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ ဒီဇယ်ဆီ HSD(500 ppm) အပေါ် ၂၀၂၆ ခုနှစ် မေလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လထပ်မံ၍ အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ကာလတိုးမြှင့်၍ ခွင့်ပြုနိုင်ရေးနှင့်သဘာဝဓာတ်ငွေ့ရည်(Liquefied Natural Gas)အပေါ် ၂၀၂၆ ခုနှစ် မေလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုနိုင်ရေးတို့အတွက် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ရယူပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၅၃၁ မဲ၊ ကြားနေမဲလေးမဲဖြစ်၍ ထောက်ခံမဲများသဖြင့် သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့် တင်သွင်းသည့် အာဆီယံထုတ်ပြန်ချက် (၅)ရပ်သည် အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံ၏ တန်းတူရည်တူရှိမှုကိုထိခိုက်စေပြီး နိုင်ငံတစ်နိုင်ငံ၏ပြည်တွင်းရေးကိုစွက်ဖက်ခြင်းမပြုရန်ဟူသော အာဆီယံ၏အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိ ပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် လိုအပ်သကဲ့သို့ သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဒေါက်တာခိုင်ခိုင်ဆုက ထိုတူညီဆန္ဒငါးချက်ထုတ်ပြန်မည်ကို အာဆီယံဥက္ကဋ္ဌက အဖွဲ့ဝင်နိုင်ငံများကို ကြိုတင်အသိပေးညှိနှိုင်းခဲ့ခြင်းမဟုတ်ဘဲ အစည်းအဝေးအပြီး ဥက္ကဋ္ဌကြေညာချက်၏နောက်ဆက်တွဲအဖြစ်သာ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည့်အတွက် အစည်းအဝေးတွင်အဖွဲ့ဝင်နိုင်ငံအားလုံး၏သဘောတူညီချက်အနေဖြင့် ချမှတ်ခဲ့ခြင်းမဟုတ်ဟု ဆိုရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အာဆီယံထုတ်ပြန်ချက် (၅) ရပ်သည် မြန်မာနိုင်ငံအတွက် ဥပဒေအရ စည်းနှောင်မှုမရှိပါကြောင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သည့် အာဆီယံအနေဖြင့် အဖွဲ့ဝင်နိုင်ငံအချို့က မိမိတို့ဆန္ဒအလျောက် မြန်မာနိုင်ငံကို ခွဲခြားဆက်ဆံပုံသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဂုဏ်သိက္ခာကို များစွာ ထိခိုက်စေပါကြောင်း။

အာဆီယံအနေဖြင့်လည်း မြန်မာပြည်သူများအပေါ် စေတနာသဘောထားမှန်ကန်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသူနိုင်ငံသားများအတွက် အမှန်တကယ်အပြုသဘောဆောင်သော အပြောင်းအလဲနှင့်တိုးတက်မှုများကိုအလိုရှိပါက မြန်မာပြည်သူလူထုအတွက် တကယ်တမ်းသက်ရောက်မှုရှိပြီး လက်တွေ့ကျသော ချဉ်းကပ်မှုများ (Practical and Realistic Approaches) ကိုသာ အဓိကထားဦးစားပေးဆောင်ရွက်သင့်ပါကြောင်း။

ပြည်သူ့ဆန္ဒအရရွေးကောက်ထားသော ရွေးကောက်ခံအစိုးရကို အသိအမှတ်မပြုခြင်းသည် ရွေးကောက်ပွဲကိုမလေးစားခြင်းနှင့် ထိုရွေးကောက်ပွဲတွင် တက်ကြွစွာ ပါဝင်မဲပေးခဲ့သော ပြည်သူပြည်သားများကို အလေးမထားခြင်းပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် လက်ရှိဆောင်ရွက်နေသော အရေးယူမှုများဖြင့် သာမက ရှေ့ဆက်လက်ထိရောက်သည့် လက်တွေ့ကျသော အစီအမံများဖြင့် တုံ့ပြန်သင့်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်သန်းထွန်းအောင်က အာဆီယံထုတ်ပြန်ချက်(၅)ရပ်အပေါ်လေ့လာကြည့်ပါက ပထမအချက်တွင် “မြန်မာနိုင်ငံ၌ အကြမ်းဖက်မှုများချက်ချင်းရပ်တန့်ရန်နှင့် သက်ဆိုင်သူများအားလုံးအနေဖြင့် အတတ်နိုင်ဆုံးထိန်းသိမ်းဆောင်ရွက်ရန်” ဟုဖော်ပြထားပါကြောင်း၊ တပ်မတော်အနေဖြင့် အကြမ်းဖက်လုပ်ငန်းများလုပ်ကိုင်နေသောအဖွဲ့များအပေါ်တွင်သာ တန်ပြန်အကြမ်းဖက်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီး အေးချမ်းစွာနေထိုင်သော ပြည်သူများ၊ ငြိမ်းချမ်းစွာနေထိုင်လျက်ရှိသော EAOs အဖွဲ့များနှင့်အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလက်တွေ့ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ဒုတိယအချက်ဖြစ်သည့် “ပြည်သူများ၏အကျိုးစီးပွားအတွက် ငြိမ်းချမ်းသောအဖြေရရှိရန် သက်ဆိုင်သူများအားလုံးအကြား အပြုသဘောဆောင်ဆွေးနွေးပြုလုပ်ရန်”အချက်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူစဉ်ကာလအတွင်း NCA လက်မှတ်ရေးထိုးပြီးနှင့် မပြီးသေးသော EAOs အဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ငြိမ်းချမ်းရေးဆိုင်ရာလုပ်ငန်းများတွေ့ဆုံဆွေးနွေးမှု ၁၆၃ ကြိမ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ရွေးကောက်ခံအစိုးရသစ်လက်ထက်တွင်လည်း ငြိမ်းချမ်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသကဲ့သို့ ရက် ၁၀၀ အတွင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖိတ်ခေါ်ဆောင်ရွက်ခြင်း၊ ငါးနှစ်အတွင်း တည်ငြိမ်အေးချမ်းအောင်ရည်မှန်းချက်ထားဆောင်ရွက်ခြင်းများ စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

တတိယအချက်ဖြစ်သည့် “အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်သည် ဆွေးနွေးမှုလုပ်ငန်းစဉ်များ၌ ကြားဝင်ဖျန်ဖြေဆောင်ရွက်ပေးရန်”နှင့် ပတ်သက်၍ ကမ္ဘောဒီးယားနိုင်ငံ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်သည် မြန်မာနိုင်ငံသို့ ၂၀၂၄ ခုနှစ်အတွင်းလာရောက်စဉ် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့မှ ကိုယ်စားလှယ်များ၊ မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီ ၃၉ ပါတီမှ ကိုယ်စားလှယ်များဖြင့် တွေ့ဆုံဆွေးနွေးနိုင်ရေး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

စတုတ္ထအချက်ဖြစ်သည့် “AHA Centre မှတစ်ဆင့် လူသားချင်းစာနာမှုအကူအညီများပေးအပ်ရန်”နှင့် ပတ်သက်၍ ASEAN Task Force ကိုဖွဲ့စည်းပြီး လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့ရေးလုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပဉ္စမအချက်ဖြစ်သည့် “အထူးကိုယ်စားလှယ်နှင့် ကိုယ်စားလှယ်အဖွဲ့များသည် သက်ဆိုင်သူအားလုံးနှင့်တွေ့ဆုံရန်အတွက် မြန်မာနိုင်ငံသို့သွားရောက်ရန်” နှင့်ပတ်သက်၍ အထူးကိုယ်စားလှယ်လေးဦး မြန်မာနိုင်ငံသို့ ရှစ်ကြိမ်လာရောက်ခဲ့ပြီး လိုအပ်သောပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ပေးခဲ့ပါကြောင်း။

အာဆီယံထုတ်ပြန်ချက် (၅)ရပ်နှင့်ပတ်သက်ပြီး အထက်ဖော်ပြပါအချက်များအရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် အာဆီယံအပေါ် မိတ်ဝတ်မပျက်ဆက်ဆံပြီး အလေးထားပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်တွင် ရွေးကောက်ခံပြည်ထောင်စုအစိုးရနှင့်တပ်မတော်တို့အနေဖြင့် အကြမ်းဖက်မှုပပျောက်ရေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသောကြောင့် အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် သီးခြားအကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်မဟုတ်ဘဲ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်တည်ငြိမ်အေးချမ်းရေးကို အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ ပြည်သူလူထုတို့၏ ထောက်ခံအားပေးမှုစွမ်းအားဖြင့်သာ ဆက်လက်ဆောင်ရွက်သင့်ကြောင်း၊ အာဆီယံ၏ အခြေခံမူဖြစ်သည့် နိုင်ငံတစ်နိုင်ငံ၏အချုပ်အခြာအာဏာကိုလေးစားပြီး နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြင်းမပြုရန်ဟူသော အခြေခံမူနှင့်ကွဲလွဲလျက်ရှိသည့်အတွက် မြန်မာနိုင်ငံ၏ တန်းတူညီမျှမှုနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားစေလိုသဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိ ပကတိနိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသဖြင့်လည်းကောင်း အာဆီယံထုတ်ပြန်ချက်(၅)ရပ်အား သုံးသပ်ဆောင်ရွက်နိုင်ရန် အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်ပါ ပြဋ္ဌာန်းချက်များကို တိကျစွာလေးစားလိုက်နာလျက်ရှိပြီး အာဆီယံရေးရာကိစ္စများကိုလည်း တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိသည့် မြန်မာအစိုးရနှင့် တပ်မတော်အား မသင့်လျော်သည့် သုံးနှုန်းဖော်ပြချက်များကိုလည်း ပြင်းထန်စွာကန့်ကွက်ပါကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံစလုံးပါဝင်သည့် ဆွေးနွေးညှိနှိုင်းခြင်းနှင့် တူညီဆန္ဒဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းကိုသာ လက်ခံမည်ဖြစ်ပါကြောင်း၊ အာဆီယံပဋိညာဉ်ပါ ပြဋ္ဌာန်းချက်နှင့်အခြေခံမူကို လေးစားလိုက်နာပြီး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားတစ်နိုင်ငံက ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်တောင်းဆိုလိုပါကြောင်း၊ မိမိတို့နိုင်ငံသည် အာဆီယံနှင့် တစ်နိုင်ငံချင်းစီ၏ အကျိုးစီးပွား၊ ဒေသအတွင်း အကျိုးစီးပွားဖြစ်ထွန်းရေးကို သာရေးရှုပြီး အပြုသဘောပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ASEAN Charter ၏အခြေခံမူများနှင့်ပြဋ္ဌာန်းချက်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး မတိမ်းမစောင်းဘဲ လိုက်နာဆောင်ရွက်ရန်၊

စာမျက်နှာ ၉ သို့ ◆

◆ **စာမျက်နှာ ၈ မှအဆက်**

တစ်နိုင်ငံ၏ ပြည်တွင်းရေးကို မစွက်ဖက်ဘဲ၊ နိုင်ငံတစ်နိုင်ငံချင်း၏ အချုပ်အခြာအာဏာကို လေးစားရန် (Non–Interference)၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အဆင့်အတန်းတူစွာကိုယ်စားပြုရေးဆိုသည့် ASEAN Charter အပိုဒ် (၅) ပြဋ္ဌာန်းချက်ကို လေးစားလိုက်နာရန်၊ မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သည့်ပူးပေါင်းဆောင်ရွက်မှုဖြစ်ပေါ်တိုးတက်မှုများကို မျက်ကွယ်မပြုရန်နှင့် AIPA အာဆီယံပါလီမန်များ ညီလာခံအဖွဲ့ဝင်နိုင်ငံများရှိ ပါလီမန်အမတ်များအား မိမိတို့နိုင်ငံ၏ ပကတိအရှိတရားများကို ကိုယ်တိုင်ကိုယ်ကျလာရောက်လေ့လာရန်နှင့် လွှတ်တော်အချင်းချင်းပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် အကြံပြုတိုက်တွန်းလိုပါကြောင်းနှင့် အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုးက ရွေးကောက်ခံနိုင်ငံတော်အစိုးရနှင့် နိုင်ငံ၏လွှတ်တော်တို့သည် မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာကို မီးမောင်းထိုးပြနေပါကြောင်း၊ မြေပြင်ပကတိ အရှိတရားကို မျက်ကွယ်ပြုပြီး အာဆီယံ၏ထုတ်ပြန်ချက်(၅)ရပ်ပေါ်ပေါက်လာခြင်းက ဖြစ်သင့်သောကိစ္စမဟုတ်ပါကြောင်း၊ သို့ပါ၍ နိုင်ငံအချင်းချင်းတန်းတူညီမျှစွာ ပို၍ချစ်ကြည်ရင်းနှီးရန်နှင့် အကြမ်းဖက်မှုမှန်သမျှ ရပ်တန့်သွားစေရန် မူလအာဆီယံ၏ ရည်ရွယ်ချက်အတိုင်း နိုင်ငံအချင်းချင်းပူးပေါင်းလုပ်ဆောင်ရေးကို အကောင်အထည်ဖော်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံအချင်းချင်း အပြုသဘောဆွေးနွေးမှု၊ ညှိနှိုင်းမှုတို့လိုအပ်ပါကြောင်း၊ မလိုမုန်းထားစိတ်ဖြင့် အာဆီယံဒေသတွင်းသာမက ကမ္ဘာ့အကျိုးကိုပါ မျက်ကွယ်ပြုနေခြင်းသည် ဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေတတ်ပါကြောင်း။

အဆိုပါ အာဆီယံ၏ထုတ်ပြန်ချက်(၅)ရပ်သည် အာဆီယံနိုင်ငံ အချင်းချင်းရင်းနှီးမှု၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံအကျိုးလိုလားမှု၊ ဘုံအကျိုးစီးပွားကို ဖော်ဆောင်နိုင်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှု၊ အာဆီယံအသိုက်အဝန်း၏ စည်းလုံးညီညွတ်မှု၊ အာဆီယံပြည်သူအချင်းချင်းယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်နိုင်မှု၊ နိုင်ငံအချင်းချင်းအချုပ်အခြာအာဏာကိုလေးစားတတ်မှု၊ တန်ဖိုးထားမှုစသည့် ဖြစ်တည်မှုအခြေအနေများနှင့် အာဆီယံ၏စွမ်းရည်များကို အမှန်တကယ်ကျဆင်းစေမည်သာဖြစ်ပါကြောင်း၊ နိုင်ငံတိုင်း၏အမျိုးသားစရိုက်လက္ခဏာများကိုပါ ပျက်စီးစေသည့်အတွက် အာဆီယံဆိုင်ရာ အဆိုကိုလေးလေးနက်နက်ထောက်ခံပါကြောင်းနှင့် အာဆီယံ၏ထုတ်ပြန်ချက်(၅)ရပ်ကို ပြန်လည်ညှိနှိုင်းပြင်ဆင်ပေးရန် ဆန္ဒပြုတိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ ဦးစိုင်းကျော်လှက မိမိတို့နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အလျောက် အာဆီယံချမှတ်ထားသည့် အရှေ့တောင်အာရှနိုင်ငံများအသင်း ပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်များနှင့် အခြေခံမူများကိုလိုက်နာပြီး ပူးပေါင်းဆောင် ရွက်လျက်ရှိပါကြောင်း၊ သဘောတူညီချက်ချမှတ်ထားသော ရည်ရွယ်ချက်နှင့်အခြေခံမူများကို တိကျစွာလိုက်နာကျင့်သုံးပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်း ဆက်ဆံကြရန်လိုအပ်သော်လည်း အဖွဲ့ဝင်နိုင်ငံများ၏သဘောတူညီမှုမပါရှိသောအာဆီယံထုတ်ပြန်ချက်(၅)ရပ်ကို အာဆီယံဥက္ကဋ္ဌက ထုတ်ပြန်ကြေညာခဲ့ပြီး မိမိတို့နိုင်ငံအပေါ် ဖိအားပေးမှုများပြုလုပ်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏အချုပ်အခြာအာဏာကို ထိပါးပြီး နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်ခြယ်လှယ်လုပ်ကိုင်လိုသည့် ထုတ်ပြန်ကြေညာချက်မျိုးဖြစ်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာနှင့် ဆက်ဆံရေးကိုမိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် လေးစားသော်လည်း အချို့နိုင်ငံများ၏အကြီးအကဲပြည်သူများအနေဖြင့် မိမိတို့နိုင်ငံ၏ လူမျိုး၊ ဘာသာစကား၊ ယဉ်ကျေးမှုများကို အခြေခံပြီး လေးစားမှုမရှိကြသည်ကို တွေ့မြင်နေရပါကြောင်း၊ ယခုအချိန်အခါတွင် မိမိတို့နိုင်ငံအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်တင်မြှောက်ခြင်းဖြင့် ဖွဲ့စည်းသည့် အစိုးရသစ်တစ်ရပ်တရားဝင်ပေါ်ထွန်းလာပြီဖြစ်သည့်အတွက် နိုင်ငံတကာဆက်ဆံရေးကို အလေးထားပြီး အာဆီယံထုတ်ပြန်ချက်(၅)ရပ်အပေါ် ပြန်လည်သုံးသပ်ပြီး ဆောင်ရွက်သင့်ပါကြောင်းနှင့်အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကျွန်းစုမဲဆန္ဒနယ်မှ ဦးအောင်ကျော်နှင်းက အာဆီယံထုတ်ပြန်ချက်(၅)ရပ်သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း၏ အခန်း(၇)ပါ ပြည်တွင်းရေးတွင် မစွက်ဖက်ရေးမူနှင့် အာဆီယံပဋိညာဉ်စာတမ်းနှစ်ခုလုံးတွင်ပါရှိသည့်အချုပ်အခြာအာဏာနှင့် ပြည်တွင်းရေးတွင် မစွက်ဖက်ရေးမူများကို ဖောက်ဖျက်နေပါကြောင်း၊ မြန်မာအစိုးရခေါင်းဆောင်များကို အာဆီယံထိပ်သီးအစည်းအဝေးများမှဖယ်ကြဉ်ရန် သဘောတူညီချက်၊ ကန့်သတ်ချက်များထားရှိခြင်း၊ တန်းတူကိုယ်စားပြုမှုကိုချန်လှပ်ထားခြင်းတို့သည် အာဆီယံပဋိညာဉ်စာတမ်းကို ဖောက်ဖျက်ကာ ပြည်တွင်းရေးကိုစွက်ဖက်ခြင်းပင်ဖြစ်ပါကြောင်း၊ “သဘောတူညီမှုဖြင့် ဆုံးဖြတ်ခြင်း” ဆိုသည့်မူကို အကောင်အထည်ဖော်ရာတွင် အာဆီယံအတွင်း သဘောထားကွဲလွဲမှုကို ပိုမိုပေါ်လွင်စေပါကြောင်း၊ အာဆီယံ၏အခန်းကဏ္ဍသည် ဖျန်ဖြေရေးသာဖြစ်ပြီး မြန်မာ့ပြည်တွင်းရေးတွင် တိုက်ရိုက်ဝင်ရောက်စွက်ဖက်ခွင့်မရှိပါကြောင်း၊ အာဆီယံ၏စည်းရုံးညီညွတ်မှုကိုပါ စိန်ခေါ်နေသည့်အခြေအနေကို ဖန်တီးနေပါကြောင်း။

ထို့ကြောင့် အာဆီယံ၏ဒေသတွင်းဗဟိုချက်ကျမှု(centrality)ကို အားနည်းစေပြီး အခြားသောအင်အားကြီးနိုင်ငံများအတွက် ဩဇာလွှမ်းမိုးနိုင်သည့် နေရာတစ်ခု ဖန်တီးပေးလိုက်သည်ဟု သုံးသပ်၍ရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် တာဝန်ဝတ္တရားများကို အစဉ်တစိုက်ဖြည့်ဆည်းဆောင်ရွက်ခဲ့သော်လည်း အာဆီယံဘက်မှ ခွဲခြားဆက်ဆံမှုများကြောင့် အပြုသဘောမဆောင်ကြောင်းကို ထောက်ပြလိုပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာသည် အလွန်အရေးကြီးပါကြောင်း၊ လူတစ်ဦး၏ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်အရ အခြားသူ၏အမိန့်ကိုမနာခံဘဲ မိမိ၏အနာဂတ်ကို မိမိရွေးချယ်နိုင်သည့် ဂုဏ်သိက္ခာနှင့်တန်းတူညီမျှမှုကိုကိုယ်စားပြုပြီး အချုပ်အခြာအာဏာသည် အားနည်းချိန်တွင် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ပျောက်ဆုံးလေ့ရှိပြီး ပြန်လည်ရရှိရန် အသက်၊ သွေး၊ ချွေး၊ မျက်ရည်၊ ဘဝနှင့်မျိုးဆက်ပေါင်းများစွာရင်းပြီး ကြိုးပမ်းကြရပါကြောင်း၊ အချုပ်အခြာအာဏာသည် တန်ဖိုးဖြတ်၍မရ၊ အလဲအလှယ်လုပ်မရနိုင်သောအရာတစ်ခုဖြစ်ပါကြောင်း၊ အာဆီယံကို မိသားစုဟုထင်မြင်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ကောင်းကွက်များကိုမမြင်ဘဲ အပြုသဘောဆောင်ခြင်းများကို မျက်ကွယ်ပြုနေပါကြောင်း၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာအချုပ်အခြာအာဏာနှင့် ကံကြမ္မာကို ထိပါးစေသည့် ထုတ်ပြန်ချက်ကို ထိရောက်ပြတ်သားစွာအမြန်ဆုံးတုံ့ပြန်ဆောင်ရွက်သင့်ပါကြောင်းနှင့် အဆိုကိုထောက်ခံကြောင်း ဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော်နာယက က ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းအစီအစဉ်ကို ဇူလိုင်လ ၇ ရက်တွင် ကျင်းပမည့်ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်ရန်လျာထားပါကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးဆဋ္ဌမနေ့ကို ဇူလိုင်လ ၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ မြဝတီ

# အောင်လံမြို့၌ စာစီစာကုံးနှင့်ကျပန်းစကားပြောပြိုင်ပွဲ ဆုပေးပွဲကျင်းပ

အောင်လံ ဇူလိုင် ၂

မကွေးတိုင်းဒေသကြီး အောင်လံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ခရိုင်အမျိုးသမီးရေးရာအဖွဲ့မှကြီးမှူး၍ ၂၀၂၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာစီစာကုံးနှင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုပေးအပ်ခြင်းနှင့် ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင်လ ၁ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ အောင်လံခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါက်တာဌေးဌေးဝင်းက အဖွင့်အမှာစကားပြောကြားပြီး အောင်လံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များက “အင်အားသစ်များနှင့်အတူ” သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။



ဆက်လက်၍ ဆုပေးပွဲကျင်းပရာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင်၅ဘာသာဂုဏ်ထူးရရှိသည့်ကျောင်းသူများနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံးအဆင့် (၆) ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့်ကျောင်းသူအားတာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။

ယင်းနောက်ကျပန်းစကားပြောပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်ပေးခဲ့ကြသော ဒိုင်လူကြီးများအား အမှတ်တရလက်ဆောင်များပေးအပ်ခြင်း၊ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်စာစီစာကုံးနှင့်ကျပန်းစကားပြောပြိုင်ပွဲတွင်ဆုရရှိခဲ့ကြသည့် ကျောင်းသူများအား ဆုများပေးအပ်ခြင်း၊ (၄၈) ကြိမ်မြောက်သွေးလှူရှင်ဒေါ်ယဉ်ယဉ်လှအား ဂုဏ်ပြုဆုပေးအပ်ခြင်းတို့ဆောင်ရွက်ကြောင်း သိရသည်။ **အာကာ(ပြန်/ဆက်)**

## ဝမ်းမြောက်စွာကြိုဆိုသည်

❍ မြန်မာနှင့်ဘယ်လာရုစ်
ချစ်ကြည်မှု ခရီးစဉ်။
မိတ်ရင်းဆွေ ချစ်ကြည်ရေး
မင်္ဂလာတေးပင်။
ရင်းနှီးလို့ ခင်မင်
ပြုံးရွှင်စွာ လက်ချင်းယှက်။
ပူးပေါင်းကာ အောင်မြင်မှု
ပြု ရွက်ဆောင်လျက်။

❍ အိမ်သာလျှင် ဧည့်လာမြဲ
ထူးကဲလို့ ကြွရောက်လာ
ကြိုဆိုလျက်ပါ။
ဆွေရင်းစစ် မိတ်ရင်းမှန်စွာ
ဘယ်လာရုစ် သမ္မတ။
ချစ်ကြည်စွာ လာရောက်မှု
ဂုဏ်ပြုကြိုကြ။

❍ မြန်မာမှာ မိတ်ဆွေပေါ
လောကသဘော ပြောရမည်။
ဖြူစင်ကြည် စိတ်ထားရင်း
ရင်တွင်းတူညီ။
သာယာလှတဲ့ မြန်မာပြည်
စိန်စီသည့် ပတ္တမြား။
အပြန်အလှန် မိတ်ဆွေရင်းတို့
ချစ်ခြင်းဆပွား။

❍ ဘယ်လာရုစ်နှင့် တို့မြန်မာ
အလှမ်းကွာ အနေဝေးပေမယ့်
သွေးသားရင်းသို့ပမာ။
တစ်ဦးအပေါ် တစ်ဦးက
တူမျှညီစွာ။
မေတ္တာနှင့် စေတနာ
ဝေဖြာကာ ပေါင်းစုပေး။
နှစ်နိုင်ငံ ရွှေလမ်းဖောက်
ဝမ်းမြောက်တယ်လေး။ ။

ဘုန်းမောင်ဝင်း(ဖျာပုံ)

## သဖင်(FM)အသံလွှင့်အစီအစဉ်

၃-၇-၂၀၂၆(သောကြာနေ့)

၁။ ၀၈:၀၀ For Youth
၂။ ၁၀:၀၀ သတင်း/သီချင်း
၃။ ၁၃:၀၀ တိုင်းရင်းသားစကားပြောကြရအောင်
၄။ ၁၇:၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား
၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ
၆။ ၂၁:၂၀ စာလာတယ်ဗျို့

# ကျောက်ဆည်မြို့နယ် အနောက်ရေပြားတောကျေးရွာ၌ ငှက်ပျောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



ကျောက်ဆည် ဇူလိုင် ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ မြေအောက်ရေကိုအသုံးပြု၍ စပါးကို အဓိကထားစိုက်ပျိုးသည့်အပြင် သီးနှံမျိုးစုံကိုလည်းစိုက်ပျိုးလျက်ရှိရာ အနောက်ရေပြားတောကျေးရွာ၌ စိုက်ပျိုးထားသော ငှက်ပျောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ငှက်ပျောကို မိသားစုတစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်ပြီး ရောင်းချရာတွင် ငွေကြေးအလုံးအရင်းရရှိခြင်းကြောင့် ဒေသခံများ ပိုမိုစိုက်ပျိုးလာကြောင်း၊ စိုက်ပျိုးရာတွင် မြေအနေအထားပေါ်မူတည်၍ တစ်ပင်နှင့်တစ်ပင်၊ တစ်တန်းနှင့်တစ်တန်း ၆ ပေ၊ ၈ ပေ အကွာထား၍ အတန်းလိုက်စိုက်ပျိုးကြကြောင်းနှင့် ငှက်ပျောပင်သည် စိုက်ပျိုးပြီးရှစ်လအကြာတွင် အဖူးများထွက်ရှိပြီး ၁၂ လအကြာတွင် ခုတ်ယူရောင်းချနိုင်ကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ် ရဲဘော်ကြီး၊ အနောက်ရေပြားတော၊ ဖျောက်ဆိပ်ပင်၊ ကျီးအိပ်၊ ကောင်းတင်၊ ကျောက်ဆောက်ကုန်း၊ ဒါန်းတိုင်၊ သံရွာ၊ ပေါင်လောင်ကြီး၊ ရွာသစ်၊ ရေသရောက်၊ ချောင်းဆုံ၊ သရက်ပင်၊ ရဲ၊ ကြောင်၊ ဇရစ်ခဲ၊ အုန်းကြော၊ ကြက်သားဟင်းကျေးရွာတို့၌ ငှက်ပျောစိုက်ပျိုးကြောင်းနှင့် စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ မျိုး၊ မြေ၊ ရေ၊ နည်းပညာဖြစ်ပြီး မြေကောင်းမြေသန့်ဖြစ်စေရေး မြေဩဇာကို သဘာဝနည်းဖြင့် မှန်ကန်စွာအသုံးချရန်၊ စိုက်ပျိုးရေအပြည့်အဝရရှိရန်၊ ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန်၊ ရာသီဥတုအခြေအနေပေါ်မူတည်၍ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးရန်လိုအပ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## မြစ်သားမြို့နယ်၌ ပဒေသာစပါးမျိုး စိုက်ပျိုးခြင်းသရုပ်ပြ

မြစ်သား ဇူလိုင် ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်စက်မှုလယ်ယာဦးစီးဌာန အမှတ် (၆၄) စက်မှုလယ်ယာစခန်းမှ ဒေသခံတောင်သူများ လယ်ယာသုံးစက်ကိရိယာများကို တွင်ကျယ်စွာအသုံးပြုလာစေရေးရည်ရွယ်၍ ကောက်စိုက်စက်တွဲဖက်သုံး ၁၀ တန်းသွား မျိုးစေ့ချကိရိယာနှင့် လက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder)တို့ဖြင့် ပဒေသာစပါးမျိုးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ဇူလိုင်လ ၁ ရက်က မြစ်သားမြို့နယ် ရွာသစ်ကျေးရွာ ကွင်းအမှတ် (၄၄၂) ဦးပိုင်အမှတ် (၅၂/၂) ရှိ တောင်သူဦးတင်မြင့်၏ လယ်မြေနှစ်ဧက၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းလင်းက ကောက်စိုက်စက်တွဲဖက်သုံး ၁၀ တန်းသွား မျိုးစေ့ချကိရိယာနှင့် လက်ဆွဲမျိုးစေ့ချကိရိယာ(Drum Seeder)တို့ကို အသုံးပြုစိုက်ပျိုးခြင်းဖြင့် ကောက်ကွက်ပြည့်မီခြင်း၊ ပျိုးနုတ်ရန်မလိုခြင်းကြောင့် ပျိုးပင်ထိခိုက်မှုသက်သာစေခြင်း၊ အမြစ်ကြီးထွားဖွံ့ဖြိုးမှု စောစီးစွာရရှိစေခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမင်းနိုင်က ဒေသခံတောင်သူများအနေဖြင့် ခေတ်မီစိုက်ပျိုးနည်းစနစ်များနှင့် အကျွမ်းတဝင်ရှိလာစေရေး၊ စိုက်ပျိုးစရိတ်သက်သာပြီး တစ်ဧကအထွက်နှုန်း ကောင်းမွန်လာစေရေးနှင့် တောင်သူများ၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သရုပ်ပြပွဲကျင်းပရခြင်းဖြစ်သည်ဟု ရှင်းလင်းပြောကြားကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

# တောင်ငူမြို့နယ်၌ ဝင်ငွေတိုးစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် စက်ချုပ်နည်းပညာ(မွမ်းမံ)သင်တန်းဆင်းပွဲကျင်းပ

တောင်ငူ ဇူလိုင် ၂

ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ တောင်ငူခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ ကျေးလက်နေမိသားစုဝင်ငွေတိုးစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် စက်ချုပ်နည်းပညာ(မွမ်းမံ)သင်တန်းဆင်းပွဲကို ဇူလိုင်လ ၁ ရက်က တောင်ငူမြို့နယ် ကင်းဆိပ်ကျေးရွာအုပ်စု ဘော်နင်းစုကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက သင်တန်းဆင်းအမှာစကားပြောကြားပြီး တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင် ဦးဝင်းနိုင်နှင့် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးတို့က သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းမှထွက်ရှိသောကုန်ချောပစ္စည်းများ ပေးအပ်ကြသည်။

အဆိုပါသင်တန်းတွင် အမျိုးသမီးဝတ်အင်္ကျီအမျိုးမျိုး၊ ဂါဝန်၊ သုံးလွှာစကပ်၊ လေးလွှာစကပ်နှင့် ချိတ်စကပ်ချုပ်နည်း စသည်တို့ကို မေလ ၁၂ ရက်မှ ဇွန်လ ၁၀ ရက်အထိ တစ်လကြာ စာတွေ့လက်တွေ့သင်ကြားပေးခဲ့ပြီး ဇွန်လ ၁၇ ရက်မှ ဇူလိုင်လ ၁ ရက်အထိ မွမ်းမံသင်တန်းဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။



အဆိုပါအခမ်းအနားသို့ တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့်အဖွဲ့ဝင်များ၊ တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဆုလှိုင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီမံကိန်းကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။ (၄၁၀)

# ခရမ်းမြို့နယ်၌ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာဒေသန္တရဆေးပေးခန်းများ၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအရွယ် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းကို ဇူလိုင်လ ၂ ရက်တွင် ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရာတွင် မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၃ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၃ အုပ်စုတို့မှ အသက် နှစ်လ၊ လေးလ၊ ခြောက်လ၊ ကိုးလမှ တစ်နှစ်ခွဲအရွယ် ကလေးငယ်များအား အသက်အပိုင်းအခြားအလိုက် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေးများထိုးနှံပေးခြင်း၊ ပိုလီယိုအစက်ချဆေးတိုက်ကျွေးခြင်းတို့အပြင် ပေါင်ချိန်ပေးခြင်း၊ ကလေးငယ်များအား တခြားကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကလေးငယ်များအား ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးပေးခြင်းအပြင် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သက်ကြီးရွယ်အိုများအား ဆီးချို၊ သွေးတိုးရောဂါနှင့် တခြားကျန်းမာရေးစစ်ဆေးကုသပေးခြင်း စသည့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို သတ်မှတ်ရက်များအလိုက် မြို့နယ်ပြည်သူ့ဆေးရုံ၊ ဒေသန္တရဆေးပေးခန်းနှင့် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာ ကျန်းမာရေးဆေးပေးခန်းတို့၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခင်နှင်းဝေ(ပြန်/ဆက်)**

# ပင်လောင်းမြို့နယ် ထာငိုကျေးရွာ၌ ကော်ဖီစိုက်ပျိုးနည်းပညာသင်တန်းဖွင့်လှစ်

ပင်လောင်း ဇူလိုင် ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ထီပေါင်းကျေးရွာအုပ်စု ထာငိုကျေးရွာ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ကော်ဖီစိုက်ပျိုးနည်းပညာသင်တန်းကို ဇူလိုင်လ ၁ ရက်က ဖွင့်လှစ်သည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်လွင်လွင်ဦးက အမှာစကားပြောကြားပြီး ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်များကိုပြောကြားကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်သန်းက ကော်ဖီစိုက်ပျိုးခြင်းမှ ရရှိလာမည့်အကျိုးကျေးဇူးများကို ပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်လွင်လွင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား စိုက်ပျိုးရေးသုံးဆေးဖျန်းပုံးနှင့် သင်တန်းသုံးစာရေးကိရိယာများ ပေးအပ်ကြကြောင်း သိရသည်။

**ချမ်းမြေ့**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်

နေပြည်တော်  ဇူလိုင် ၂

၂၀၂၆ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး ဒေါ်နန်းကူးကူ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အမှာစကားပြောကြားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီးဒေါ်နီလာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

**❖ သစ်ပင်စိုက်ပျိုးခြင်းထက် စိုက်ပျိုးပြီးနောက် ရှင်သန်ကြီးထွားလာစေရန် ပြုစုစောင့်ရှောက်ခြင်းကလည်း ပိုပြီးအရေးကြီး၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် ထာဝရကုသိုလ်ပြုခြင်းဖြစ်၍ သစ်ပင်စိုက်ပျိုးရာတွင် တာဝန်ကျေစိုက်ပြီး ပစ်ထားသည့် စိုက်ပျိုးခြင်းမျိုးမဟုတ်ဘဲ "ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း" ဆိုသည့် ဆောင်ပုဒ်နှင့်အညီတစ်ပင်စိုက်တစ်ပင်ရှင်၊ စိုက်သမျှအပင်ရှင်သန်အောင်မြင်ဖြစ်ထွန်းအောင် စီမံချက်ချပြီး ဆောင်ရွက်ကြရမည်ဖြစ် . . .**

မိမိတို့ ဗုဒ္ဓဘာသာအရ သစ်ပင်စိုက်ပျိုးခြင်းသည် မွန်မြတ်သည့်ကုသိုလ်တစ်ပါးဖြစ်ပြီး ထာဝရကုသိုလ် သို့မဟုတ် နိစ္စကုသိုလ် (နေ့စဉ်အကျိုးပေးတဲ့ ကုသိုလ်) ဟု ခေါ်ဆိုနိုင်ခြင်းဖြစ်သည့်အတွက် ထူးကဲမွန်မြတ်ပြီး တန်ဖိုးဖြတ်မရသည့် ကုသိုလ်ပြုခြင်းတစ်မျိုးဖြစ်ကြောင်းကို ပြောကြားလိုကြောင်း၊ လူသားတို့နေထိုင်ရာ ကမ္ဘာမြေပေါ်တွင် သစ်ပင်၊ သစ်တောများ ရှင်သန်နေခြင်းသည် "အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်ကာလ၏ အကျိုးစီးပွား၊ အနာဂတ်ကာလ၏ ဖွံ့ဖြိုးမှု"ဟု ဆိုထားသည့်အတိုင်း နိုင်ငံတော်စဉ်ဆက်မပြတ်

စာမျက်နှာ ၁၂ သို့ ▼

ဗိုလ်ချုပ်ကြီးကိုကိုဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက အမှာစကားပြောကြားရာတွင် ယနေ့မိမိတို့နေထိုင်သည့် ကမ္ဘာမြေတစ်ဝန်းတွင် နေ့စဉ်နှင့်အမျှ ရင်ဆိုင်ကြုံတွေ့နေကြရသည့် ပြဿနာသည် ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်း၊ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းအစရှိသည့်ကြီးမားသော သဘာဝဘေးအန္တရာယ်ပင်ဖြစ်ကြောင်း၊ အဆိုပါ သဘာဝဘေးအန္တရာယ်များကို တားဆီးကာကွယ်ရန်နှင့်ပြန်လည်ကုစားရန်အတွက် အရိုးရှင်းဆုံးနည်းလမ်းသည် သစ်ပင်များ စိုက်ပျိုးရန်နှင့် သစ်တောများကို ထိန်းသိမ်းကာကွယ်ရန် လိုအပ်မည်ဖြစ်ကြောင်း။

သစ်ပင်သစ်တောများသည် သက်ရှိသတ္တဝါများကို အဆိပ်အတောက်ဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို ဖယ်ရှားသန့်စင်ပေးပြီး သက်ရှိသတ္တဝါများ အသက်ရှင်ရပ်တည်နေနိုင်ရန်အတွက် များစွာအရေးပါသည့် အောက်ဆီဂျင်ကိုလည်း ထုတ်လွှတ်ပေးနေသည့်အပြင် ရာသီဥတုမျှတစေရန်၊ မြေဆီလွှာပျက်စီးမှု လျော့ပါးစေရန်၊ ရေကြီးရေလျှံမှုများကို ကာကွယ်ပေးရန် စသည့်သဘာဝဘေးအန္တရာယ်များ လျော့ပါးစေရေးအတွက်လည်း ကြီးမားသည့်အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်ကို အားလုံးသိရှိထားရန်လိုကြောင်း။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၏ဇနီးဒေါ်နန်းကူးကူ ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



နေပြည်တော်တိုင်း စစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



တြိဂံဒေသတိုင်း စစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အရှေ့တောင်တိုင်း စစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

▼ **စာမျက်နှာ ၁၁ မှအဆက်**

ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားရေရိက္ခာဖူလုံစေရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလွန်အရေးကြီးသည့်အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်းကို ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံဒေသတွင်း နိုင်ငံများအနက် သစ်တောဖုံးလွှမ်းမှုဧရိယာ ဒုတိယအများဆုံးနိုင်ငံဖြစ်သော်လည်း အပူပိုင်း ၁၃ ခရိုင်အပါအဝင် မြေလတ်ဒေသမြို့ကြီးများတွင် သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်း ယခုအခါနည်းပါးသည်ကို တွေ့နေရကြောင်း၊ မကြာသေးမီနှစ်များက စတင်ပြီး အလယ်ပိုင်းမြေလတ်ဒေသသည် ကမ္ဘာ့အပူချိန်အမြင့်ဆုံးစာရင်းဝင်သည်အထိ အပူချိန်တိုးလာခဲ့ကြောင်း၊ ၎င်းသည် သစ်ပင်သစ်တောနည်းပါးခြင်း၏ အကျိုးဆက်ပင်ဖြစ်ကြောင်း၊ ရာသီဥတုပူပြင်းလာသည်နှင့်အမျှ မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်းနှင့် တောမီးလောင်ကျွမ်းခြင်းများ ပိုမိုဖြစ်ပေါ်လာနိုင်ပြီး သဲကန္တာရဖြစ်ထွန်းမှု အန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် သစ်တောဖုံးလွှမ်းမှု သိသာထင်ရှားစွာတိုးလာစေရန် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုသာမက နိုင်ငံတော်တည်ဆောက်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင်လည်း တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအနေဖြင့် ၂၀၁၁ ခုနှစ်ကနေ ၂၀၂၆ ခုနှစ်၊ ပထမအကြိမ် သစ်ပင်စိုက်ပွဲအထိ စုစုပေါင်း (၄၅) ကြိမ်ကျင်းပပြုလုပ်ခဲ့ပြီး ရတနာတန်းဝင်၊ စက်မှုကုန်ကြမ်းသီးနှံ၊ နှစ်ရှည်စားသုံးသီးနှံနှင့် အရိပ်ရလေကာပင် စသည့်အပင်မျိုးစုံ ၂၁၀၈၂၅ ပင်ကို အောင်မြင်စွာစိုက်ပျိုးနိုင်ခဲ့ကြောင်း၊

**စာမျက်နှာ ၁၃ သို့** ▼



ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

# နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၂၆**
၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက်
(၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၆ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၄။ ပါတီတစ်ခုသည် -

(က) ယင်းပါတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းများနှင့်အညီ ပါတီဖွဲ့စည်းပုံ စည်းမျဉ်းကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း သို့မဟုတ် အသစ်ရေးဆွဲခြင်း ပြုလျှင်သော်လည်းကောင်း၊ နိုင်ငံရေးဝါဒသဘောတရားကို ပြင်ဆင်လျှင်သော်လည်းကောင်း အဆိုပါပြင်ဆင်ချက်များကို ကော်မရှင်သို့တင်ပြရမည်။ ယင်းတင်ပြချက်များကို ကော်မရှင်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်၍ ခွင့်ပြုပြီးမှသာလျှင် ဆက်လက်ဆောင်ရွက်နိုင်သည်။

(ခ) နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပါတီဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ၁၅ ဦးထက်မနည်းသော ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အမည်စာရင်းအား ကော်မရှင်သို့ တင်ပြရမည်။

(ဂ) ပါတီဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ပါတီဗဟိုအလုပ်အမှုဆောင် အဖွဲ့ အမည်စာရင်းပြောင်းလဲပါက ကော်မရှင်သို့ ၇ ရက် အတွင်းတင်ပြရမည်။

(ဃ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံ ပိုင်ခွင့်အရည်အချင်းနှင့် ပြည့်စုံသူကိုသာ ပါတီနာယကနှင့် ပါတီဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန် ပေးအပ်ရမည်။"

၃။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေများ နည်းဥပဒေ ၂၅ နည်းဥပဒေခွဲ(စ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(စ) နည်းဥပဒေခွဲ(ဃ)အရ အလိုအလျောက်ပယ်ဖျက်လိုက်သည့် ပါတီတစ်ခုခုကို ကိုယ်စားပြု၍ ရွေးကောက်တင်မြှောက်ခြင်းခံထားရသော လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး၏ ဆက်လက်ရပ်တည် ပိုင်ခွင့်နှင့်စပ်လျဉ်း၍ ကော်မရှင်က ဆုံးဖြတ်သတ်မှတ်ပေးရမည်။"

**(ပုံ)သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ချင်းပြည်နယ် ဖလမ်းမြို့၌ ယာယီဆေးရုံ ဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ဒုတိယဝန်ကြီး ဦးမျိုးမြင့် ကြည့်ရှု



ဖလမ်း ဇူလိုင် ၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ် အတွင်းပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ဇွန်လ ၃၀ ရက်က တီးတိန်-သိုင်းငင်း-ဖလမ်းလမ်းပိုင်းအခြေအနေ၊ ဖလမ်းမြို့၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုခဲ့သည်။

ဦးစွာ တီးတိန်-သိုင်းငင်း-ဖလမ်းလမ်းပိုင်း၊ ဗားရ်တံတားနှင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သည့် လမ်း၊ တံတားများကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် လိုအပ်သည့်ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်၊ မိုးရာသီတွင် လမ်း၊ တံတားများပေါ်တွင် ရေမတင်စေရေး အလေးထားဆောင်ရွက်ရန်နှင့်တောင်ပြို၍ လမ်းပြတ်တောက်မှုများမရှိစေရေး ကြိုတင်စုဖွဲ့၍ စီမံဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ထို့နောက် ဖလမ်းမြို့ရှိ ယာယီဆေးရုံ၌ ဆေးရုံအုပ်ကြီး၊ ဆေးရုံဝန်ထမ်းများ၊ မြို့မိမြို့ဖများတွေ့ဆုံပြီး ယာယီဆေးရုံ ပြင်ဆင်စီမံထားရှိမှုအခြေအနေ၊ (Mobile) ခွဲစိတ်ခန်းတပ်ဆင်ထားရှိမှုအခြေအနေ၊ ရေရရှိမှုအခြေအနေ၊ မီးရရှိမှုအခြေအနေ၊ ဆေးရုံထပ်မံတိုးချဲ့နိုင်မည့်အခြေအနေ၊ ဆေးဝါးများရရှိမှုအခြေအနေနှင့်ဆေးကုသပေးနေမှုအခြေအနေများကို ဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများကို အားပေးစကားပြောကြား၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဖလမ်းမြို့ ယာယီဆေးရုံတွင် ဆေးရုံအုပ်ကြီးအပါအဝင် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဝန်ထမ်းစုစုပေါင်း ၉၀ ဦးဖြင့် ယနေ့တွင် ပြင်ပလူနာ ၅၀ ဦးနှင့် အတွင်းလူနာရှစ်ဦးတို့အား ဆေးကုသမှုပေးလျက်ရှိပြီး ယနေ့အထိ ၎င်းဆေးရုံတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သော လူနာစုစုပေါင်း ၁၀၈၈ ဦးနှင့် ကာကွယ်ဆေးထိုးနှံပေးခဲ့သော လူနာ ၂၄ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

မြဝတီ

# ဒေသတွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုအားပေး

ဘားအံ ဇူလိုင် ၂

ဒေသတွင်းသာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံပိုလျှံစေရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ကိုင်စေလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယမန်နေ့ နေ့လယ်ပိုင်းက ဘားအံမြို့နယ် ဝင်းကျန်ကျေးရွာအုပ်စုရှိ ရာသီသီးနှံ ဟင်းသီးဟင်းရွက်စိုက်ခင်း ၁၃ ဒသမ ၉၆ ဧက အတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဝင်းကျန်ကျေးရွာအုပ်စုရှိ တောင်သူမင်းချမ်းလွန်၏ ရွှေရောင်လွှမ်း မှိုစိုက်ရုံလုပ်ငန်းအား ကြည့်ရှုအားပေးပြီး ဝါးပင်များစိုက်ပျိုး၍ မှိုစိုက်ချို ထုတ်လုပ်ရောင်းချမှုလုပ်ငန်းအား တိုးချဲ့လုပ်ကိုင်နိုင်ရေး ဆွေးနွေးပြောကြားကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့နယ် တရုတ်လှကော့ကျိုက်အုပ်စု ကော့ကျိုက် ကျေးရွာရှိမွေးမြူရေးတောင်သူ ဦးမောင်စိုး တစ်နိုင်တစ်ပိုင်မွေးမြူထားသော ဒေသနွား ရွှေနီမျိုး ၃၅ ကောင်နှင့် ဒေသဆိတ် ၁၀ ကောင်မွေးမြူထားရှိမှုအား သွားရောက်ကြည့်ရှုအားပေးပြီး တောင်သူတိုးချဲ့မွေးမြူနိုင်ရေး လိုအပ်သည်များအား မေးမြန်းဆွေးနွေးကာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထောက်ပံ့သော အာဟာရဆားခဲများနှင့်တိရစ္ဆာန်သုံးဆေးဝါးများကိုအခမဲ့ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (၄၀၆)

# တရုတ်နိုင်ငံ HEILONGJIANG ကုန်သည်ကြီးများအသင်းက ငှက်ပျောလျှော်နှင့် မြက်မှထုတ်လုပ်သည့် လက်မှုပစ္စည်းများအား ဝယ်ယူ

ရန်ကုန် ဇူလိုင် ၂

Green Banana Myanmar ၏ စွန့်ဦးတီထွင်လုပ်ငန်းဖြစ်သည့် ငှက်ပျောလျှော်နှင့် မြက်မှ ထုတ်လုပ်သည့် အရည်အသွေးမြင့် လက်မှုပစ္စည်းများကို တရုတ်နိုင်ငံ HEILONGJIANG ကုန်သည်ကြီးများ အသင်းက ဝယ်ယူရန်အတွက် ဇွန်လ ၃၀ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း အဆိုပါလုပ်ငန်းမှ သိရသည်။

"စွန့်ဦးတီထွင်လုပ်ငန်းအဖြစ် ကြိုးစားခဲ့သမျှ အောင်မြင်မှုရခဲ့ပါပြီ။ နိုင်ငံတော်အကြီးအကဲ တရုတ်ခရီးစဉ်သွားပြီး ဆီဒိုးနားဟိုတယ်မှာ ကျင်းပတဲ့ ခရီးသွားပြပွဲကနေ တစ်ဆင့်အချိတ်အဆက်ရခဲ့တယ်။ အဲဒီကနေ ငှက်ပျောလျှော်နဲ့ မြက်ကထွက်တဲ့ပစ္စည်းတွေ တင်ပို့ရောင်းချနိုင်ဖို့လက်မှတ်ထိုးဖြစ်ခဲ့တာပါ။ ဒီလုပ်ငန်းကနေ ဒေသခံတွေ အလုပ်အကိုင်ဖန်တီးပေးနိုင်လို့ ဝမ်းသာကျေနပ်ရပါတယ်။ စွန့်ပစ်ပစ္စည်းကနေ လူသုံးကုန်ပစ္စည်းတွေ ဆက်ထုတ်ချင်ပါတယ်။ နိုင်ငံတော်ကပေးတဲ့ ထူးချွန်စွန့်ဦးတီထွင်သူ ၁၁၉ ဦးထဲမှာ ပါဝင်ခဲ့တယ်။ အခုလို ထူးချွန်ဆုရရှိခဲ့တဲ့အပေါ် ဝမ်းမြောက်ဂုဏ်ယူပြီး အသိအမှတ်ပြုပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်"ဟု Green Banana Myanmar တည်ထောင်သူ ဦးမြင့်သိန်းက ပြောကြားသည်။

Green Banana Myanmar အနေဖြင့် ငှက်ပျောလျှော်နှင့်မြက်မှ ခေါင်းအုံး၊ ဦးထုပ်၊ ပဝါ၊ အိတ်၊ ဖိနပ်၊ ဖျာ ဒီဇိုင်းမျိုးစုံနှင့် အခြားလူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိပြီး အဆိုပါလက်မှုပစ္စည်းများကို HEILONGJIANG ကုန်သည်ကြီးများ အသင်းက တရုတ်နိုင်ငံ ပြည်နယ်လေးခုရှိ အခြားကုမ္ပဏီများ၊ အဖွဲ့အစည်းများထံ ရောင်းချသွားမည်ဖြစ်ကာ လာမည့် ဩဂုတ်လတွင် တင်ပို့ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ဓာတ်ပုံ-ကနွေး**



**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

■ **ကျောဖုံးမှအဆက်**

ဦးစွာ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ဗဟိုကော်မတီအနေဖြင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေတို့၏ အခန်း ၃၊ ပုဒ်မ ၅ ပါ လုပ်ငန်းတာဝန်များအရ နိုင်ငံတော်တွင် မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသားအဆင့် မူပိုင်ခွင့်ဆိုင်ရာမဟာဗျူဟာများ ၂၀၂၃-၂၀၂၈ ကိုလည်း ချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်၌ မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ်တည်ထောင်ရာတွင် မဟာဗျူဟာများပါ လုပ်ငန်းစဉ်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ မူပိုင်ခွင့်ဦးစီးဌာနနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ မူပိုင်ခွင့်ဥပဒေများအရ ပြည်တွင်းပြည်ပမှ မူပိုင်ခွင့်လျှောက်ထားချက်များကို လက်ခံခြင်း၊ စစ်ဆေးခြင်း၊ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ပြီဖြစ်သည့်အတွက် မူပိုင်ခွင့်အကာအကွယ်ရရှိပြီးသူများ၏ မူပိုင်ခွင့်အခွင့်အရေးများကို ချိုးဖောက်မှုများအား ကာကွယ်တားဆီးခြင်းကိုလည်း ဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်ကြောင်း။

မူပိုင်ခွင့်ကဏ္ဍနှင့်စပ်လျဉ်းပြီး နိုင်ငံတကာတွင် မူပိုင်ခွင့်စနစ်ကျင့်သုံးနေမှုအခြေအနေများနှင့် မြန်မာနိုင်ငံမူပိုင်ခွင့်စနစ်၏ အားသာချက်၊ အားနည်းချက်များကိုသုံးသပ်ပြီး ဆက်လက်ဆောင်ရွက်ရမည့်ရှေ့လုပ်ငန်းစဉ်များကိုဖော်ထုတ်နိုင်ရန်လိုအပ်ကြောင်း၊ ယင်းရည်ရွယ်ချက်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူခဲ့သည့် ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် နိုင်ငံတကာမူပိုင်ခွင့်ညီလာခံကို ပထမဦးဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံ၌ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ညီလာခံက ရရှိခဲ့သည့် ဆွေးနွေးသုံးသပ်ချက်ရလဒ်ကောင်းများနှင့် လေ့လာတွေ့ရှိချက်များကို စီးပွားရေးဂေဟစနစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခေတ်မီကောင်းမွန်ခိုင်မာသည့် မူပိုင်ခွင့်စနစ်တစ်ရပ်ဖွံ့ဖြိုးတိုးတက်လာစေရန် တွန်းအားအဖြစ် အသုံးချကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ညီလာခံက ဖော်ထုတ်ရရှိခဲ့သည့်ရှေ့လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများကပူးပေါင်းပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

ထို့ပြင် မူပိုင်ခွင့်စနစ်ကို သိရှိနားလည်ပြီး လိုက်နာကျင့်သုံးဆောင်ရွက်ကြရမည့်စီးပွားရေးလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များအတွက် မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ဒေသထွက်ကုန်များ၊ သယံဇာတအရင်းအမြစ်များကို ဆန်းသစ်သည့် နည်းပညာများနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး တီထွင်ဆန်းသစ်မှုများကို ဖော်ထုတ်ပေးနိုင်သည့် သုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများမှပေါ်ထွက်လာသည့် အဆင့်မြင့်နည်းပညာအသစ်များကို မူပိုင်ခွင့်အကာအကွယ်ရယူပြီး စီးပွားရေးလုပ်ကိုင်သူများနှင့် လိုအပ်သူများဆီကို နည်းပညာလွှဲပြောင်းပေးခြင်းဖြင့် ဝင်ငွေရစေမည့် မူပိုင်ခွင့်စနစ်တစ်ရပ်သည် နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပေးနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် ဆန်းသစ်တီထွင်မှုနှင့် ဖန်တီးမှုများ မြင့်မားတိုးတက်လာစေရန်အတွက် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ သုတေသနဌာနများနှင့် MSME လုပ်ငန်းရှင်များအကြား သုတေသနဆောင်ရွက်မှု၊ နည်းပညာဖြန့်ဖြူးမှု၊ နည်းပညာအသုံးချမှု စသည့် လုပ်ငန်းများကိုချိတ်ဆက်ပေးမည့် မူပိုင်ခွင့်ဂေဟစနစ်တစ်ရပ်ကိုလည်း ဖန်တီးရန်လိုအပ်မည်ဖြစ်ကြောင်း၊ တက္ကသိုလ်၊ သုတေသနဌာနများနှင့် မူပိုင်ခွင့်ဦးစီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် နည်းပညာနှင့် တီထွင်ဆန်းသစ်မှု အထောက်အကူပြုစင်တာ (Technology and Innovation Support Center–TISC) များကို ပြည်သူများသိရှိကြစေရန်နှင့် မူပိုင်ခွင့်ဆိုင်ရာသတင်းအချက်အလက်များ ရယူသုံးစွဲနိုင်စေရေး အသိပညာပေးကြရန် မှာကြားလိုကြောင်း။


အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် ပါသည့်အာဆီယံဒေသတွင်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ နိုင်ငံတော်အဆင့် မူပိုင်ခွင့်မှတ်ပုံတင်စနစ်များကို ကျင့်သုံးဆောင်ရွက်နေပြီဖြစ်သောကြောင့် နိုင်ငံတကာအဆင့် မူပိုင်ခွင့်မှတ်ပုံတင်စနစ်များကို ကျင့်သုံးနိုင်ရေးအတွက်ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ကြီးက အတည်ပြုပြဋ္ဌာန်းထားသော မူပိုင်ခွင့်နှင့်ဆက်နွှယ်နေသည့် နိုင်ငံတကာသဘောတူစာချုပ်များနှင့် ကွန်ဗင်းရှင်းများသို့ ဝင်ရောက်နိုင်ရေးကိုလည်း ရှေ့လုပ်ငန်းစဉ်များအနေဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။


ယခုကဲ့သို့ မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် ကျင့်သုံးဆောင်ရွက်ရာတွင် အောင်မြင်ကျော်ကြားသည့်ဒေသထွက်ကုန်များ၊ မြန်မာ့ထုတ်ကုန်များကို မူပိုင်ခွင့်ဖြင့် မြှင့်တင်ဆောင်ရွက်ကြရန်နှင့် မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက်ပြည်သူများ၊ တီထွင်ဖန်တီးသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များကို မူပိုင်ခွင့်ဆိုင်ရာအသိပညာဗဟုသုတများ စဉ်ဆက်မပြတ်ဖြန့်ဝေပေးရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်များအထိ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြရန်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှတာဝန်ရှိသူများကလည်း ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ယခုကျင့်သုံးနေသည့် မူပိုင်ခွင့်စနစ်သည် တစ်မျိုးသားလုံးကို အကျိုးပြုနိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်သည့် စနစ်တစ်ရပ်ဖြစ်သည့်အတွက် ယုံကြည်မှုအပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်၏ဦးတည်ချက်များကို အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေသည့် မူပိုင်ခွင့်အကာအကွယ်ပေးခြင်းစနစ် ကျင့်သုံးရာတွင် မိမိတို့ပါဝင်ဆောင်ရွက်နေသည့် အခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်တိုက်တွန်းလိုကြောင်း ပြောကြားသည်။


ထို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မူပိုင်ခွင့်ဆိုင်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမင်းမင်းက မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ကော်မတီတွဲဖက်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဗဟိုကော်မတီ (၁/၂၀၂၆) ကြိမ်မြောက်အစည်းအဝေးသို့ တင်ပြသည့် အမှာစာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မြဝတီ




● **တိုင်းဒေသကြီးနှင့်ပြည်နယ်မှ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းနှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဇူလိုင်လ ၃ ရက်၌ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်လာနိုင်ခြင်းတို့ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

၂-၇-၂၀၂၆

| | |
|---|---|
| လပွတ္တာ | ၃ ဒသမ ၆၇ လက်မ |
| မင်းကင်း | ၂ ဒသမ ၉၅ လက်မ |
| မာန်အောင် | ၂ ဒသမ ၆၈ လက်မ |
| မော်လိုက် | ၂ ဒသမ ၅၆ လက်မ |
| မော်လမြိုင်ကျွန်း | ၂ ဒသမ ၅၆ လက်မ |
| ကိုကိုးကျွန်း | ၂ ဒသမ ၃၆ လက်မ |
| မြောင်းမြ | ၂ ဒသမ ၃၆ လက်မ |
| ဟိုင်းကြီးကျွန်း | ၂ ဒသမ ၂၈ လက်မ |
| ကလေး | ၂ ဒသမ ၂၁ လက်မ |
| ကော့သောင်း | ၂ ဒသမ ၀၉ လက်မ |
| သီပေါ | ၂ ဒသမ ၀၅ လက်မ |
| လားရှိုး | ၂ ဒသမ ၀၅ လက်မ |
| မကွေး | ၂ ဒသမ ၀၁ လက်မ |
| ထားဝယ် | ၂ ဒသမ ၀၁ လက်မ |

**နေရာကွက်၍ မိုးကြီးနိုင်**

နေပြည်တော် ဇူလိုင် ၂

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုအား ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်စဉ်။

**❖ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ (၂၀၂၆-၂၀၂၈) ခုနှစ်ကာလအတွက် ပူးတွဲဆောင်ရွက်မည့်လုပ်ငန်းစီမံချက်(Joint Action Plan) ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများ၊ နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ဆေးဝါးထုတ်လုပ်ရေးကဏ္ဍ၊ လူသားချင်းစာနာထောက်ထားမှုကဏ္ဍနှင့် အခြားနယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ကဏ္ဍပေါင်းစုံ၌ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေး . . .**

☆ **ရှေ့ဖုံးမှအဆက်**

လာရောက်ခြင်းသည် မိမိတို့နိုင်ငံအပေါ် အထူးခင်မင်မှုအနေဖြင့် အလုပ်သဘောချစ်ကြည်ရေးခရီးအဖြစ် အလေးထားလာရောက်မှုအပေါ်တွင် မိမိအနေဖြင့် လှိုက်လှဲဝမ်းမြောက်မိပါကြောင်း၊ မိမိတို့နှစ်ဦးအနေဖြင့် မြန်မာနိုင်ငံတွင် ဒုတိယအကြိမ်မြောက်တွေ့ဆုံခြင်းဖြစ်ပြီး တွေ့ဆုံဆွေးနွေးမှုအနေဖြင့် ၅ ကြိမ်တွေ့ဆုံပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံသို့ တကူးတကဝင်ရောက်၍ အလုပ်သဘောချစ်ကြည်ရေးခရီးစဉ်ဝင်ရောက်ခဲ့မှုသည် မိမိအပေါ်ခင်မင်ရင်းနှီးမှုကိုဖော်ပြခြင်းဖြစ်သဖြင့် မိမိအနေဖြင့် တန်ဖိုးထားပါကြောင်း၊ မိမိတို့နိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြီး မိမိကိုသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရချိန်၌ အဆွေတော်အနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့မှုအတွက်လည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံခေါင်းဆောင်များ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် နှစ်နိုင်ငံကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွားလိုပါကြောင်း၊ အဆွေတော်နှင့် အဖွဲ့ဝင်များအား မိမိတို့မြန်မာနိုင်ငံမှ ဝမ်းမြောက်လှိုက်လှဲစွာဖြင့်ကြိုဆိုပါကြောင်းဖြင့် ခရီးဦးကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတက ပြန်လည်ဆွေးနွေးပြောကြားရာတွင် အဆွေတော်နှင့် မိမိတို့တွေ့ဆုံခဲ့မှုမှာ အဆွေတော်ပြောကြားခဲ့သကဲ့သို့ ၅ ကြိမ်ရှိပြီဖြစ်ပြီး နှစ်နိုင်ငံအချင်းချင်း ရင်းနှီးသည့်ဆက်ဆံမှုများရှိသကဲ့သို့ ပုဂ္ဂိုလ်ရေးအရလည်း ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးများရှိပါကြောင်း၊ လက်ရှိနှစ်နိုင်ငံအကြား ဆက်ဆံရေးကို မိမိတို့နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးပူးပေါင်း၍ ယခုထက်ပိုမိုမြှင့်တင်နိုင်ရေး နောက်ထပ်ခြေလှမ်းသစ်ကိုစတင်ရမည့် အချိန်အခါဖြစ်ပါကြောင်း၊ အဆွေတော်တို့မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ပြီး အဆွေတော်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရမှုအပေါ်တွင်လည်း မိမိအနေဖြင့် များစွာ

## ပညာရေးဝန်ကြီးဌာန ၂၀၂၆ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၂**

ပညာရေးဝန်ကြီးဌာန ၂၀၂၆ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာများ၊ နေပြည်တော်ကောင်စီနယ်မြေ ခရိုင်နှင့်မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်ဌာနဆိုင်ရာများက သတ်မှတ်နေရာတွင် ပျိုးပင်များကို ဦးဆောင်စိုက်ပျိုးပြီး တက်ရောက်လာသူများက ပျိုးပင်များကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသည့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်တွင် ကံ့ကော်ပင်၊ ကျွန်းပင်၊ ငုရွှေဝါပင်၊ စိန်ပန်းပင်၊ ပျဉ်းကတိုးပင်၊ မဟော်ဂနီပင်၊ မဲဇလီပင်နှင့်ရင်းမာပင် စသည်ဖြင့် ရတနာတန်းဝင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၄၀၀ ကျော်စိုက်ပျိုးခဲ့ကြောင်းသိရသည်။ **မြဝတီ**

## ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Mr. Abdullah AL Razi နှင့်အဖွဲ့အား ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေ လက်ခံတွေ့ဆုံ



**စစ်တွေ ဇူလိုင် ၂**

ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေသည် စစ်တွေမြို့ရှိ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Mr. Abdullah AL Razi နှင့်အဖွဲ့အား ယမန်နေ့ ညနေပိုင်းက ရခိုင်ပြည်နယ်လွှတ်တော်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**

**၂-၇-၂၀၂၆**

### ထူးခြားသည့်နေ့အပူချိန်များ

| | | | | | | | |
|---|---|---|---|---|---|---|---|
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် | မြင်းမူ | ၃၇ ဒသမ ၃ | ဒီဂရီဆဲလ်စီးယက် |
| | | | | | ကျောက်ဆည် | ၃၇ ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် | (လွန်ကျော်) | | |
| မုံရွာ | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် | ညောင်ဦး | ၃၆ ဒသမ ၇ | ဒီဂရီဆဲလ်စီးယက် |





ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုအား ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

ဝမ်းမြောက်ဂုဏ်ယူသည်ကို ထပ်မံပြောကြားလိုပါကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အောင် ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ (၂၀၂၆-၂၀၂၈) ခုနှစ်ကာလအတွက် ပူးတွဲဆောင်ရွက်မည့် လုပ်ငန်းစီမံချက်(Joint Action Plan)ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများ၊ နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ဆေးဝါးထုတ်လုပ်ရေးကဏ္ဍ၊ လူသားချင်းစာနာထောက်ထားမှုကဏ္ဍနှင့် အခြားနယ်ပယ်အသီးသီးတွင်ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ကဏ္ဍပေါင်းစုံ၌ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတနှင့် အဖွဲ့ဝင်များအား နိုင်ငံတော်သမ္မတအိမ်တော်၌ ညစာစားပွဲဖြင့် ရင်းနှီးနွေးထွေးစွာ တည်ခင်းဧည့်ခံသည်။

ညစာစားပွဲအပြီးတွင် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နိုင်ငံတော်သမ္မတအိမ်တော်မှ ပြန်လည်ထွက်ခွာကြရာ နိုင်ငံတော်သမ္မတက ရင်းနှီးနွေးထွေးစွာဖြင့် ပို့ဆောင်နှုတ်ဆက်သည်။

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်လေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

## မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီကကြီးမှူး၍ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် မြန်မာနိုင်ငံလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း MYDA တို့ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကျင်းပ

မန္တလေး ဇူလိုင် ၂

မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီကကြီးမှူး၍ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် မြန်မာနိုင်ငံလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း MYDA တို့ပူးပေါင်းကျင်းပသည့် "နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူငယ်များ၏အခန်းကဏ္ဍ လူငယ်စကားဝိုင်း"ကို ယနေ့နံနက်၉နာရီတွင် ရတနာပုံတက္ကသိုလ်၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက အမှာစကားပြောကြားပြီး ရတနာပုံတက္ကသိုလ်သို့ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။



ယင်းနောက် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အမှာစကားပြောကြားပြီး စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြမည့်လူငယ်ကိုယ်စားလှယ်များအား ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ လူငယ်ကိုယ်စားလှယ်ငါးဦးက "နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူငယ်များ၏အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် စကားဝိုင်းကျင်းပရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိလိုသည်များ မေးမြန်းဆွေးနွေးပြီး လူငယ်ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းဖြေကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာနရုံး ဆောက်လုပ်ရန်လျာထားသည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ရတနာတန်းဝင် ကျွန်းပင်အား စိုက်ပျိုးပေးကာ တက်ရောက်လာကြသူများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးမှုနှင့် ပထမအကြိမ် စိုက်ပျိုးခဲ့သည့် ရေသင်းဝင်၊ ပိတောက်၊ မဲဇလီ၊ အခြားအရိပ်ရ နှစ်ရှည်ပင်များနှင့် ကော်ဖီပင်များ ရှင်သန်ဖြစ်ထွန်းမှုကို ကြည့်ရှုအားပေးသည်။

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၏ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရေသင်းဝင်၊ ပိတောက်၊ မဲဇလီ၊ အခြားအရိပ်ရနှစ်ရှည်ပင် ၁၀၅၀ နှင့် ဒုတိယအကြိမ်သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၁၀၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြဝတီ

## နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၂

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။

(မိုး/ဇလ)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# President of the Republic of the Union of Myanmar U Min Aung Hlaing holds meeting with President of the Republic of Belarus Mr. Aleksandr Lukashenko

NAY PYI TAW July 2

President of the Republic of the Union of Myanmar U Min Aung Hlaing held a talk with President of the Republic of Belarus Mr. Aleksandr Lukashenko on his working visit to Myanmar and his delegation members at the Presidential Palace Reception Hall this evening.

On their arrival at the Presidential Palace, the Belarusian President to Myanmar was warmly welcomed by President U Min Aung Hlaing.

The two Presidents held a talk at the Presidential Palace Reception Hall.

At the meeting, the President of Myanmar extended greetings that he warmly welcomed the delegation led by the President of Belarus. He was very pleased that the Belarusian President has undertaken such a long journey—from the Russian Federation, China, and Indonesia, and then onward to Myanmar—as an official working visit, reflecting his special friendship and high regard for Myanmar. This is the second time they have met in Myanmar, and they have already held five rounds of discussions. He highly values the Belarusian President's effort in making this working visit, as it clearly reflects friendship and goodwill towards him. He would also like to express his sincere gratitude for the congratulatory message of the Belarusian President when he was elected President after Myanmar successfully held a free and fair multi-party democratic general election. He would further like to state that he deeply appreciate the visit of the Belarusian President, and he considers it an expression of friendship toward him. He wishes to continue strengthening and promoting multifaceted cooperation between the two countries through the friendly relations between the two leaders. Once again, he warmly and sincerely welcomes the Belarusian President and his delegation to Myanmar.



President of the Republic of the Union of Myanmar U Min Aung Hlaing holds talks with President of the Republic of Belarus Mr. Aleksandr Lukashenko.

The Belarusian President stated that as the President of Myanmar mentioned, this is the fifth time they have met. In addition to the friendly relations between the two countries, there are also close personal ties between them. It is now time for the two leaders of the two countries to take a new step forward and further elevate the current bilateral relationship through joint efforts. He would also like to once again express his great pleasure and pride that Myanmar was able to successfully hold a multi-party democratic general election, and that the President of Myanmar was elected as President. They will continue to promote and further strengthen the friendly relations and cooperation between the two countries.

They exchanged views openly and cordially on conditions for further enhancing friendly relations and engagements between the two countries, measures to implement the Joint Action Plan for the period (2026–2028), conditions for continuing to boost economic cooperation and investments between the two countries, conditions for promoting cooperation in the industrial sector, agricultural

See Page - 21

# Delegation led by President of the Republic of Belarus H.E. Mr. Aleksandr Gregoryevich Lukashenko arrives in Myanmar on working visit

NAY PYI TAW July 2

At the invitation of President of the Republic of the Union of Myanmar U Min Aung Hlaing, a special aircraft carrying a high-level delegation led by President of the Republic of Belarus H.E. Mr. Aleksandr Gregoryevich Lukashenko arrived at Nay Pyi Taw Tatmadaw Airport this evening for a working visit to Myanmar.

The high-level delegation led by the Belarusian President was warmly welcomed at the airport by U Mya Tun Oo, Union Minister for Transport and for Digital Development and Communications, U Ko Ko Kyaw, Deputy Minister for Foreign Affairs, the Ambassador of Myanmar to the Republic of Belarus, the Ambassador of the Republic of Belarus to Myanmar, and other officials.

Additionally, the high-level delegation led by the President of Belarus was honoured by a guard of honour salute, and two Myanmar children presented them with bouquets of flowers in welcome.

**Myawady**



President of the Republic of Belarus H.E. Mr. Aleksandr Gregoryevich Lukashenko arrives at Nay Pyi Taw Tatmadaw Airport for a working visit to Myanmar.

■■ From Page - 21

She stated that in implementing such an intellectual property protection system, it is necessary to promote famous local products and Myanmar products through intellectual property, and to continuously disseminate intellectual property knowledge to the public, creators, and entrepreneurs for the further development of the system. In doing so, she pointed out that operations need to be carried out extensively across regions and states, and officials from those regions and states must also cooperate. She concluded by urging them to work with full confidence because the current intellectual property system can benefit the entire nation and greatly support national development, and to actively participate from their respective roles in implementing the intellectual property protection system that contributes to achieving the state's objectives.

Then, the Vice Chairman of the Central Committee Union Minister explained the implementation status for the development of the intellectual property sector, the Committee Secretary Deputy Minister U Min Min clarified the completion status of the implementation on the decisions made at the Central Committee on Intellectual Property meeting (1/2025), and the Committee Joint Secretary and officials presented the memorandums submitted to the Central Committee meeting (1/2026).

Afterward, the attendees of the meeting suggested and discussed respective sectors regarding intellectual property matters, and the Vice President coordinated as necessary, delivered the concluding remarks, and adjourned the meeting.

**Myawady**

# Families of Office of the Commander-in-Chief of Defence Services (Army, Navy and Air) hold second rainy season tree planting ceremony for 2026

NAY PYI TAW July 2

The second rainy season tree planting ceremony by families of the Office of the Commander-in-Chief of Defence Services (Army, Navy and Air) for 2026 was held near Yezin Dam, Zeyathiri Township, Nay Pyi Taw. Commander-in-Chief of Defence Services General Ye Win Oo attended and led the ceremony by planting of a valuable teak tree.

Also present were Daw Nilar, wife of the Commander-in-Chief of Defence Services, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin and his wife Daw Nan Kuu Ku, Union Ministers and their wives, Chief of General Staff (Army, Navy and Air) General Ko Ko Oo and his wife,Commander-in-Chief (Navy) Admiral Htein Win and his wife, Commander-in-Chief (Air) Lt-Gen Tun Win and his wife, senior military officers from the Office of the Commander-in-Chief and their wives,trainee officers from the National Defence College, and officers, other ranks, and family members from various offices and departments under the Office of the Commander-in-Chief of Defence Services (Army, Navy and Air).

Commander-in-Chief of Defence Services General Ye Win Oo gave a speech. He said the world is facing major natural disasters including climate change, environmental deterioration, forest depletion, and loss of biodiversity every day. The simplest way to protect the world from those disasters is growing trees and protecting forests.

Forests and trees are removing carbon dioxide that is poisonous to life and are emitting oxygen, one of the most important components of life. In addition, they are also playing a major role in mitigating natural disasters, such as reducing soil erosion and preventing floods. Everyone should understand their role.



Commander-in-Chief of Defence Services General Ye Win Oo looks around the tree-planting ceremony to give words of encouragement to tree-growers.

In Buddhism, tree planting is a noble deed that gains Nicca merit, that benefits a doer every day. So, tree growing is an extraordinary, noble, and priceless deed. As the thriving trees and forests are **the heritage handed down from the past, benefit of the present time, and development for future,** they are partaking in the vital part for continuous progress of the country, food sufficiency of the people, and socio-economic development.

Myanmar is the country with the second largest forest areas among the ASEAN member states. But major towns in the midland including the 13 arid districts have less forested areas. Recently, the central part or the midland fell into the list of areas with world highest recorded temperatures, a consequence of lessening areas of forests and trees. Rising temperatures can cause droughts, arid areas, more forest fires, and finally, desertification. The State is carrying out a national task of growing trees to significantly increase the forest cover of the country with added momentum.

The Tatmadaw is actively participating in the nation-building,regional development and environmental conservation activities, apart from its national defence duties. Families of the Office of the Commander-in-Chief of Defence Services (Army, Navy and Air) had already held tree-growing ceremonies 45 time during the period from 2011 to the first ceremony for 2026, successfully planting various tree species including valuable teak, industrial crops, perennial crops, and wind breakers and shade trees, totalling 210,825. Today's ceremony will grow 900 teaks trees, 300 pyingadoe trees, 600 mahogany trees, 600 padauk trees, totalling 2,400. Tree-planing ceremonies are being held to benefit the nation and the people and creating a green and lush environment.

Nurturing a tree for its growth is more important than planting it. Tree planting and forest conservation are perpetual meritorious deeds. So, a planted tree must not be neglected. In accord with the Slogan, **"Plant a tree to live, nurture it to grow, conserve it for its longevity"** to ensure that every single tree planted lives, and all the trees are thriving well.

Everyone is urged to plant and conserve trees and forests to reduce the impacts of natural disasters caused by climate change of the world and to hand down lush and green environments and a better climate for the future. Therefore, concerted efforts for protection must be exerted to make the entire county green and pleasant, to restore favorable weather conditions and to maintain the sustainability of trees and forests and forest ecosystems in accordance with verse, **"Conserve forests, only when they are green, will the country be peaceful and pleasant."**

In conclusion, the Commander-in-Chief of Defence Services urged all to plant trees by placing goodwill at the fore as doing so and conservation of forests deserve unique merits, according to the motto, **"Plant trees to thrive, take care of them to grow and conserve them to support their sustainability,"** with the aim of planting a tree and letting it thrive systematically without doing it just for a show of responsibility and to actively participate in tree-planting ceremonies annually organized by the Tatmadaw by assuming it as a national responsibility.

Then, the Commander-in-Chief of Defence Services and his wife led the ceremony by planting a treasured teak seedling and participants did so at designated places.

Afterward, the Commander-in-Chief of Defence Services, his wife and party observed the tree-planting activities of officers, other ranks and their families.

Similarly, the second tree-planting ceremonies for monsoon were organized in areas under the control of respective regional military commands and treasured trees, industrial crops, perennial fruit trees and windbreaker and shady trees were planted today. Regional command commanders and responsible officers, officers, other ranks and families collectively planted 178,877 trees for the Tatmadaw as a whole, including 5,710 trees in Nay Pyi Taw Command, 8,390 trees in Northern Command, 2,420 trees in Northeastern Command, 8,002 trees in Eastern Command, 13,645 trees in Eastern Central Command, 11,171 trees in Triangle Region Command, 8,475 trees in Southeastern Command, 7,692 trees in Coastal Region Command, 41,119 trees in Yangon Command, 5,066 trees in Southwestern Command, 940 trees in Western Command, 7,380 trees in Northwestern Command, 45,827 trees in Central Command and 10,640 trees in Southern Command. **100**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# China successfully launches Haiyang-2E ocean observation satellite



BEIJING July 2

China successfully launched the new Haiyang-2E ocean observation satellite into a preset orbit using the Chang Zheng 4B launch vehicle on Thursday, the China Space Science and Technology Corporation (CASC) announced.

"On July 2 … the Chang Zheng 4B launch vehicle launched from the Jiuquan cosmodrome, successfully launching the Haiyang-2E satellite into a predetermined orbit, the launch was recognized as successful," CASC said in a statement.

The Haiyang-2E satellite will replace the Haiyang-2B satellite launched in 2018 and will operate in an orbital constellation with the existing Haiyang-2C and Haiyang-2D satellites, the statement added.

The Haiyang-2E satellite will mainly be used to ensure the protection of maritime rights, prevent and mitigate the effects of natural disasters, develop ocean resources and conduct scientific oceanological research, according to CASC. **Sputnik**

# Qatar says progress made in indirect U.S-Iran talks in Doha

DOHA July 2


Qatar confirmed late Wednesday that Qatari and Pakistani mediators had concluded separate meetings with U.S. and Iranian negotiators, making positive progress on issues related to the Islamabad Memorandum of Understanding.

The meetings were built on the outcomes of the Lake Lucerne talks, Foreign Ministry spokesperson Majed Al-Ansari said.

The parties agreed to continue discussions in the coming period, with the next meeting to be scheduled at the earliest possible time, he said.

**Xinhua**

# Five killed in Damascus cafe bombing



DAMASCUS July 2

An explosion ripped through a cafe in the Syrian capital of Damascus on Thursday, killing at least five people and injuring 16, according to the Syrian Ministry of Health. Authorities believe that the blast was caused by a bomb.

The explosion took place shortly after 3 PM local time at a cafe in the al-Marjah district, Syrian state media reported. At the nearby Palace of Justice, trials had recently been held for several members of former President Bashar Assad's government.

The blast was caused by an explosive device. Security forces cordoned off the area afterwards, fearing a potential second explosion, according to state television. Security sources told Al Jazeera that a man had entered the busy cafe, placed an improvised explosive device under a table, and left in the direction of the palace.

Exclusive RT video footage captured the aftermath of the blast, as armed security forces and rescuers descended on the scene.

Damascus has been rocked by regular attacks since jihadist leader Ahmed al-Sharaa ousted Assad and seized control of Syria in December 2024. Last month, a car bomb killed one Syrian soldier and wounded at least 18 other people outside a Defence Ministry building in the city.While it is unclear who was behind Thursday's attack, al-Sharaa's government has been battling the re-emergence of multiple armed groups – including ISIS and Druze militias – in the countryside south of Damascus.

**RT**

# Russian Embassy in Sweden reports drone attacks

HELSINKI July 2

The Russian Embassy in Sweden said Thursday that two drones had hit its mission in Stockholm at around 2 a.m. local time (0000 GMT).

According to a statement posted on Telegram, one quadcopter dropped a container of red paint inside the embassy; a second drone, carrying what the embassy described as a dummy improvised explosive device, fell inside the compound close to the embassy building.

The embassy called the incident not merely a provocation, but "an open attempt to intimidate" its staff.

Noting that similar incidents had happened before, the embassy accused Swedish authorities of failing to ensure the security of foreign diplomatic missions as required under the 1961 Vienna Convention on Diplomatic Relations.

The embassy said that although Swedish authorities had formally registered previous attacks against the mission, their investigations over more than two years had yielded no results.

It warned that responsibility for any further attacks on Russia's diplomatic mission and for their possible consequences would lie with the Swedish side.

There was no immediate comment from Swedish authorities.

**Xinhua**

# 11 killed in traffic accident in Tajikistan

DUSHANBE July 2

Eleven people were killed in a major traffic accident on the Dushanbe-Kulob-Khorog highway in Tajikistan on Thursday morning, the country's Interior Ministry said.

A truck traveling near the village of Elok in Vahdat, east of the capital Dushanbe, suffered brake failure and collided with two passenger vehicles. The truck driver, one of the car drivers and nine passengers in the two vehicles were killed, the ministry said in a statement posted on Facebook.

Tajik Interior Minister Ramazon Rahimzoda, the head of the State Motor Vehicle Inspectorate, the Vahdat city prosecutor and other officials arrived at the scene. An investigation into the accident is underway, it said.

**Xinhua**

●● From Page - 18

sector, pharmaceutical manufacturing sector, humanitarian sector, and various other fields, and conditions for further enhancing friendly relations and cooperation between the two countries across multiple sectors.

Afterward, the President hosted a dinner for the President of the Republic of Belarus and delegation members at the Presidential Palace.

Following the dinner, the delegation led by the President of the Republic of Belarus departed from the Presidential Palace, and the President saw them off warmly.

Subsequently, the high-level delegation led by the President of the Republic of Belarus departed from Nay Pyi Taw Airport. Union Minister for Transport and for Digital Development and Communications U Mya Tun Oo, Deputy Minister for Foreign Affairs U Ko Ko Kyaw, the Ambassador of Myanmar to Belarus, the Ambassador of Belarus to Myanmar, and responsible officials saw them off at the airport.



President of the Republic of Belarus Mr. Aleksandr Lukashenko being seen off by officials at the airport.

**Myawady**

# Vice President Daw Nan Ni Ni Aye addresses Central Committee Meeting on Intellectual Property Rights



Vice President Daw Nan Ni Ni Aye delivers speech at the Central Committee Meeting on Intellectual Property Rights.

NAY PYI TAW July 2

The Central Committee on Intellectual Property Rights held its first meeting (1/2026) for 2026 at the Ministry of Commerce in Nay Pyi Taw this afternoon. Vice President Daw Nan Ni Ni Aye, Chairperson of the Central Committee, attended the meeting and delivered the opening address.

The meeting was attended by Deputy Chairperson of the Central Committee and Union Minister for Commerce U Tun Ohn, deputy ministers, heads of departments, intellectual property experts, representatives of relevant associations, and other officials.

In her address, the Vice President said that, in accordance with the responsibilities set out under Chapter III, Section 5 of the Industrial Design Law, Trademark Law, Patent Law, and Copyright Law, the Central Committee had formulated the National Intellectual Property Strategy (2023–2028) to promote the systematic development of intellectual property activities in the country. She stressed that the successful establishment of a national intellectual property protection system requires close cooperation among relevant ministries and organizations in implementing the strategy together with the Intellectual Property Department under the Ministry of Commerce. She also noted that, as Myanmar is now able to receive, examine, and register both domestic and foreign intellectual property applications under the relevant laws, greater efforts are needed to prevent infringements and protect the rights of registered intellectual property holders.

The Vice President said it is also important to assess international intellectual property practices, examine the strengths and weaknesses of Myanmar's intellectual property system, and identify future priorities. With this objective, Myanmar successfully hosted its first International Intellectual Property Conference in July 2025 under the guidance of the State Administration Council. She said the discussions and outcomes of the conference should serve as a foundation for building a modern and effective intellectual property system that supports the country's economic ecosystem, and urged relevant ministries and organizations to continue implementing the recommendations and future initiatives identified at the conference.

She further emphasized the importance of expanding intellectual property awareness among businesspeople and MSME entrepreneurs to ensure a better understanding of and compliance with intellectual property laws. She also called for greater support for research and innovation to develop value-added products by combining the country's agricultural and livestock resources with modern technologies. The Vice President added that an effective patent system, which protects innovative technologies developed through research and facilitates technology transfer to businesses and other users, can create new sources of income and make a meaningful contribution to the country's socio-economic development.

Therefore, to enhance innovation and creativity, it is necessary to create an intellectual property ecosystem that connects universities, colleges, institutes, research departments, and MSME entrepreneurs in activities such as research collaboration, technology dissemination, and technology application. She also urged them to carry out awareness campaigns so that the public can become aware of the Technology and Innovation Support Centers (TISC), which are being jointly implemented by universities, research departments, and the Department of Intellectual Property, and utilize intellectual property information.

She noted that in implementing the action plans of the ASEAN regional intellectual property strategic plan under the ASEAN Economic Community, it can now be practiced and implemented on par with other ASEAN member states. Since national-level intellectual property registration systems are already being practiced, it is necessary to proceed with future action plans to join international treaties and conventions related to intellectual property ratified by the World Intellectual Property Organization in order to practice international-level intellectual property registration systems.

See Page - 19 ■■

# တစ်ယောက်လက် သစ်တစ်ပင် နှစ်စဉ်သာစိုက်ပျိုး

ရဲခေါင်

ကမ္ဘာဦးအစကတည်းကပင် သဘာဝတရားကြီးက လူသားတို့အား ပေးသနားခဲ့သည့် အဖိုးမဖြတ်နိုင်သော လက်ဆောင်မွန်မှာ "သစ်တောသစ်ပင်များ" ပင်ဖြစ်သည်။ လူသားတို့အသက်ရှူထုတ်လိုက်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကိုစုပ်ယူပေးပြီး သက်ရှိတို့အတွက် မရှိမဖြစ်လိုအပ်သော အောက်ဆီဂျင်ဓာတ်ငွေ့များကို ပြန်လည်ထုတ်လွှတ်ပေးသည့် သစ်တောသစ်ပင်များအား "ကမ္ဘာမြေ၏အဆုတ်" များဟု တင်စားညွှန်းဆိုရပါလိမ့်မည်။



ယနေ့ကမ္ဘာကြီးတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်နေရခြင်း၏ အဓိကအကြောင်းရင်းမှာ သစ်တောသစ်ပင်များ ပြုန်းတီးလာခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် သစ်တောသစ်ပင်များ ပြန်လည်စိုက်ပျိုးထိန်းသိမ်းခြင်းသည် ကမ္ဘာမြေနှင့် လူသားမျိုးနွယ်တစ်ရပ်လုံးရေရှည်တည်တံ့ရေးအတွက် ရွှေ့ဆိုင်း၍မရသော ဓမ္မတာလုပ်ငန်းစဉ်တစ်ခုဖြစ်လာသည်။

နွေရာသီ၏ ပူပြင်းခြောက်သွေ့မှုအစုစုကို နှုတ်ဆက်ပြီးနောက် ဖွဲဖွဲစွေစွေ ရွာသွန်းလိုက်သော မိုးစက်မိုးပေါက်များနှင့်အတူ မြေကမ္ဘာသည် တစ်ဖန်ပြန်လည်ဆန်းသစ်၍ သက်ဝင်လှုပ်ရှားလာခဲ့ပြီဖြစ်သည်။ ပျိုးထောင်ထားသော ပျိုးပင်ပေါက်ကလေးများကို မြေဩဇာကောင်းမွန်သောမြေဆီလွှာနှင့် ထိတွေ့ခွင့်ရရှိစေမည့် "မြေဆီစိုခိုက် သစ်ပင်စိုက်" ဆိုသော အချိန်ကာလပင်ဖြစ်သည်။ သစ်တစ်ပင်စိုက်လျှင် အရိပ်ရရုံတင်မက ကမ္ဘာမြေကို အသက်ဆက်ပေးရာရောက်သည့် "မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်" ကာလသို့ ရောက်ရှိလာခဲ့ပြီလည်းဖြစ်၏။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးဟူသော ပင်မတာဝန်အပြင် ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း ဘက်စုံကဏ္ဍစုံမှ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ နှစ်စဉ် မိုးရာသီကာလသို့ရောက်ပြီဆိုလျှင် ရေရှည်အနာဂတ်အတွက် အကောင်းဆုံးသောရင်းနှီးမြှုပ်နှံမှုဖြစ်သည့် သစ်ပင်စိုက်ပျိုးပွဲများကို တပ်မတော်အနေဖြင့် တက်ညီလက်ညီ တစ်တပ်တစ်အား ပါဝင်ဆင်နွှဲလေ့ရှိသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်၊ ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်နှင့် နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှအထောက်အကူဖြစ်စေရန်အတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ၂၀၁၁ ခုနှစ်မှအစပြု၍ ယနေ့ ၂၀၂၆ ခုနှစ်အထိ နှစ်စဉ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို နိုင်ငံတစ်ဝန်းလုံးတွင် တစ်ခဲနက်ကျင်းပဆောင်ရွက်လျက်ရှိသည်။

တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့်အတူ တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် သစ်ပင်စိုက်ပျိုးပွဲများကို တစ်နှစ်လျှင် သုံးကြိမ်ထက်မနည်း တစ်ပြိုင်နက်တည်း ကျင်းပပြုလုပ်လေ့ရှိသည်။ ၎င်းလှုပ်ရှားမှုမှာ သစ်ပင်စိုက်ပျိုးရုံသက်သက်မျှမဟုတ်ဘဲ စိုက်ပျိုးပြီးအပင်များ ရှင်သန်ကြီးထွားရေးအတွက် ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများကိုပါ စနစ်တကျဆောင်ရွက်လျက်ရှိကြသည်။

အပင်အုပ်စုများအနေဖြင့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ အင်၊ ကညင်၊ တမလန်း စသည့် နိုင်ငံတော်အတွက် ရေရှည်တန်ဖိုးရှိသော ရတနာတန်းဝင်အပင်များ၊ တမာ၊ ကံ့ကော်၊ စိန်ပန်း၊ ငုရွှေဝါ၊ မဟော်ဂနီ၊ ယူကလစ်၊ ထင်းရှူးနှင့် ဝါးအမျိုးမျိုး အစရှိသောအရိပ်ရပင်နှင့် လေကာပင်များ၊ မန်ကျည်း၊ သရက်၊ ပိန္နဲ၊ ကော်ဖီ၊ မက္ကဒေးမီးယား၊ ထောပတ် အစရှိသော ဒေသနှင့်ကိုက်ညီသည့် ကမ္ဘာ့အဆင့်မီ နှစ်ရှည်သီးနှံပင်များ၊ စီးပွားဖြစ်စားသောက်သီးနှံပင်များကို စနစ်တကျပြုစုပျိုးထောင်စိုက်ပျိုးခဲ့ကြခြင်းဖြစ်သည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် နှစ်စဉ်မိုးရာသီတစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပလာခဲ့သည်မှာ ၂၀၁၁ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဇွန်လ ၂၂ ရက်အထိ (၄၅) ကြိမ်ရှိခဲ့ပြီဖြစ်သည်။ ယခု ဇူလိုင်လ ၂ ရက်တွင် ပြုလုပ်သော ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိဆိုလျှင် စုစုပေါင်း (၄၆) ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်၏။

၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ကျင်းပပြီးစီးခဲ့သည့် (၄၄)ကြိမ်အတွင်း၌ ရတနာတန်းဝင်၊ စက်မှုကုန်ကြမ်းသီးနှံ၊ နှစ်ရှည်စားသုံးသီးနှံနှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၇၈၂၅၂၄ ပင်စိုက်ပျိုးနိုင်ခဲ့ပြီး ၁၃၄၅၀၁၉၇ ပင်ရှင်သန်ဖြစ်ထွန်းသဖြင့် ရှင်သန်ပင်ရာခိုင်နှုန်း ၆၄ ဒသမ ၇၂ ရှိသည်ဟု ဆိုရပါမည်။

၂၀၂၆ ခုနှစ်အတွင်း ပထမအကြိမ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် တပ်မတော်တစ်ရပ်လုံးအနေဖြင့် စုစုပေါင်းသစ်ပင် ၂၃၅၆၇၄ ပင်ကို စိုက်ပျိုးနိုင်ခဲ့ပြီး ယခုကျင်းပပြုလုပ်သည့် ဒုတိယအကြိမ်တွင်လည်း စုစုပေါင်းသစ်ပင် ၁၇၈၈၇၇ ပင်ကို ထပ်မံစိုက်ပျိုးနိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားစဉ် **"သစ်ပင်သစ်တောများသည် သက်ရှိသတ္တဝါများကို အဆိပ်အတောက်ဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကိုဖယ်ရှားသန့်စင်ပေးပြီး သက်ရှိသတ္တဝါများ အသက်ရှင်ရပ်တည်နေနိုင်ရန်အတွက်များစွာအရေးပါသည့် အောက်ဆီဂျင်ကိုလည်း ထုတ်လွှတ်ပေးနေသည့်အပြင် ရာသီဥတုမျှတစေရန်၊ မြေဆီလွှာပျက်စီးမှု လျော့ပါးစေရန်၊ ရေကြီးရေလျှံမှုများကို ကာကွယ်ပေးရန်စသည့် သဘာဝဘေးအန္တရာယ်များ လျော့ပါးစေရေးအတွက်လည်း ကြီးမားသည့်အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်ကို အားလုံးသိရှိထားရန်လိုကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

"နိုင်ငံတော်သာယာဖို့သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဟူသောဆောင်ပုဒ်မှာ သက်ရှိအပေါင်း မှီတင်းနေထိုင်ရာ မိမိတို့နိုင်ငံ၏ ကုန်းမြေ၊ ရေပြင်၊ လေထုတစ်ခွင်လုံး အကြားအလပ်မရှိ စိမ်းလန်းစိုပြည်သာယာဝပြောစေရန် နှီးဆော်ထားသည့် နိုင်ငံတော်အဆင့် ဦးတည်ချက်ဖြစ်သည်။ သစ်တောသစ်ပင်များက ပေးစွမ်းသည့် အကျိုးကျေးဇူးအထွေထွေတို့မှာ စာဖွဲ့၍ မကုန်နိုင်လောက်အောင်များပြားလှသည်။

မိုးရေချိန်မှန်ကန်စေခြင်း၊ အပူချိန်ကို ထိန်းညှိပေးခြင်း၊ လေထုကိုသန့်စင်ပေးခြင်းတို့ဖြင့် ရာသီဥတုကို ညီညွတ်မျှတစေသည်။ လေပြင်းမုန်တိုင်းဒဏ်၊ ရေကြီးရေလျှံမှုဒဏ်နှင့် မြေပြိုမှုအန္တရာယ်များကို သစ်ပင်များ၏အမြစ်များနှင့်ပင်စည်များက သဘာဝအတားအဆီးအဖြစ် ကာကွယ်ပေးကြသည်။ မြေဆီလွှာတိုက်စားမှုကို ကာကွယ်ပေးပြီး မြေအောက်ရေမျက်နှာပြင်ကို မြင့်တက်စေခြင်းဖြင့် မြေဆီလွှာနှင့် ရေအရင်းအမြစ်ကို ထိန်းသိမ်းပေးသည်။

ဂေဟစနစ်၊ စီးပွားရေးနှင့် လူမှုရေးတို့အပေါ် အကျိုးသက်ရောက်မှုများကိုလည်း ဤသို့တွေ့နိုင်သည်။

| ကဏ္ဍ | အကျိုးသက်ရောက်မှု အသေးစိတ် |
|---|---|
| **ဂေဟစနစ်** (Ecology) | ဇီဝမျိုးစုံမျိုးကွဲများ (Biodiversity) အတွက် ဘေးမဲ့ခိုလှုံရာဖြစ်စေခြင်း၊ ကာဗွန်စုပ်ယူမှု (Carbon Sequestration) ကောင်းမွန်စေသဖြင့် ဖန်လုံအိမ်အာနိသင်ကို လျှော့ချပေးနိုင်ခြင်း။ |
| **စီးပွားရေး** (Economy) | ရေရှည်တွင် အဖိုးတန်သစ်တောထွက်ပစ္စည်းများ ရရှိခြင်း၊ ကျေးလက်ဒေသများတွင် ထင်း၊ မီးသွေးနှင့် အိမ်ဆောက်သစ် အလွယ်တကူရသဖြင့် ကုန်ကျစရိတ်သက်သာခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း (Ecotourism) တိုးတက်လာနိုင်ခြင်း။ |
| **လူမှုရေး** (Social) | ပြည်သူများ စိတ်ရွှင်လန်းတက်ကြွပြီး ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင် (Green & Clean Environment) တွင် နေထိုင်ခွင့်ရခြင်း၊ နောင်လာနောက်သားလူငယ်မျိုးဆက်သစ်များအတွက် အဖိုးတန်သဘာဝအမွေအနှစ်ကို လက်ဆင့်ကမ်းနိုင်ခြင်း။ |

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများတွင် အရေးကြီးဆုံးအချက်မှာ "စိုက်သမျှအပင်တိုင်း ရှင်သန်ရေး" ဖြစ်သည်။ သစ်ပင်တစ်ပင်စိုက်ပျိုးခြင်းသည် မြေကြီးထဲသို့ ပျိုးပင်ချရုံမျှဖြင့် မပြီးဆုံးပါ။ ထိုအပင်လေး အရိပ်ရသည့်အပင်ကြီးတစ်ပင်ဖြစ်လာသည်အထိ ပြုစုစောင့်ရှောက်ခြင်းကသာ စိုက်ပျိုးပွဲ၏ တကယ့်အောင်မြင်မှုဖြစ်သည်ဟုဆိုကြသည်။

ထိုသို့ တစ်ပင်စိုက်လျှင် တစ်ပင်ရှင်သန်စေရန် ဒေသရေမြေတောတောင်နှင့် ကိုက်ညီပြီး ရာသီဥတုဒဏ်ခံနိုင်သည့် ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ ကညင်စသည့် အဖိုးတန်သစ်မာပင်များနှင့် အရိပ်ရပင်များကို စနစ်တကျရွေးချယ်စိုက်ပျိုးကြရမည်။ စိုက်ပျိုးပြီးနောက် ခြံစည်းရိုးခတ်ခြင်း၊ ပေါင်းမြက်ရှင်းခြင်းနှင့် နွေကာလတွင် ရေလောင်းပေးခြင်းတို့ကို စနစ်တကျစီမံဆောင်ရွက်ကြရမည်။ သစ်ပင်စိုက်ပျိုးခြင်းကို စည်းကမ်းချက်တစ်ခုအနေဖြင့် မဟုတ်ဘဲ မိမိတို့ပတ်ဝန်းကျင်ကို ချစ်ခင်မြတ်နိုးစိတ်ဖြင့် ကိုယ်တိုင်ကိုယ်ကျ တန်ဖိုးထားပါဝင်လာစေရန် စည်းရုံးလှုံ့ဆော်ခြင်းများ ဆောင်ရွက်ကြရမည်။

မိမိတို့၏ ဘိုးဘွားဘီဘင်များချန်ထားခဲ့သည့် စိမ်းလန်းစိုပြည်သော သဘာဝအလှတရားများကို ခံစားခဲ့ကြရပြီးဖြစ်သည်။ ယခုအခါ ထိုအလှတရားများမှာ လူသားတို့၏ မတော်လောဘနှင့် ပေါ့ဆမှုများကြောင့် တဖြည်းဖြည်းပြုန်းတီးလာခဲ့ကြောင်း တွေ့ရှိရသည်။ အနာဂတ်ကာလတွင် ရင်သွေးငယ်များအတွက် ကျန်းမာသန့်ရှင်းသောလေထုနှင့်စိမ်းလန်းသော ကမ္ဘာမြေကို လက်ဆင့်ကမ်းပေးနိုင်ရန်မှာ ယနေ့ မိမိတို့လက်တွေ့ကျကျလုပ်ဆောင်ရမည့် တာဝန်နှင့်ဝတ္တရားပင်ဖြစ်သည်။

မြို့ပြဧရိယာ၊ လမ်းဘေးဝဲယာ၊ ဌာနဆိုင်ရာအဆောက်အအုံများနှင့် သစ်တောကြိုးဝိုင်းများတွင် ယခုမိုးရာသီ၌ စိုက်ပျိုးလိုက်သော ပျိုးပင်တစ်ပင်ချင်းစီသည် နောင်အနာဂတ်တွင် ခိုင်မာတောင့်တင်းသော သစ်တောကြီးများဖြစ်လာမည်မှာ မလွဲကေန်ဖြစ်သည်။

အကယ်စင်စစ် သစ်ပင်စိုက်ပျိုးခြင်းဆိုသည်မှာ အနာဂတ်အတွက် သက်တမ်းတစ်ခုကို ဖန်တီးပေးနေခြင်းပင်ဖြစ်သည်။ တပ်မတော်အနေဖြင့် ၂၀၁၁ ခုနှစ်မှစ၍ ယနေ့တိုင် အဆက်မပြတ်ဆောင်ရွက်လာခဲ့သော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများသည် နိုင်ငံတော်၏ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကဏ္ဍတွင် ကြီးမားသောအင်အားစုတစ်ရပ်အဖြစ် ပါဝင်တည်ရှိနေသည်။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ တပ်မတော်နှင့်ပြည်သူတစ်ရပ်လုံးက ယခုကဲ့သို့ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် တက်ညီလက်ညီ တပျော်တပါးပါဝင်ဆင်နွှဲကြခြင်းအားဖြင့် မိမိတို့မြန်မာ့မြေပြင်တစ်ဝန်း ကမ္ဘာတည်သရွေ့ စိမ်းလန်းသာယာနေမည်ဖြစ်ပါကြောင်း စာပန်းချီခြယ်သ၍ ဂုဏ်ပြုမှတ်တမ်းတင်လိုက်ရပါသည်။ ။

# တုပ်ကွေးရန်ကကာကွယ်ဖို့ ကိုယ်ခံအားမြှင့်အစားအစာများကို စားသုံးစို့

**"သဘာဝမှရရှိသောအစားအစာများကို စနစ်တကျမှီဝဲခြင်းသည် ဘေးထွက်ဆိုးကျိုးကင်းစင်စေသည့်အပြင် ခန္ဓာကိုယ်အတွက် ရေရှည်ကျန်းမာရေးကောင်းကျိုးများကိုပါ ပေးစွမ်းနိုင်သည်။ အစားအသောက်ဖြင့် ကိုယ်ခံအားကို ကြိုတင်မြှင့်တင်ထားပါက တုပ်ကွေးပိုင်းရပ်စ်ကူးစက်မှုကို ဟန့်တားနိုင်ရုံသာမက အကြောင်းအမျိုးမျိုးကြောင့် ကူးစက်ခံရလျှင်ပင် ရောဂါပြင်းထန်မှုကို လျော့နည်းစေပြီး လျင်မြန်စွာပြန်လည်သက်သာလာစေရန် များစွာအထောက်အကူပြုသည်. . ."**

ရာသီဥတုအကူးအပြောင်းကာလများတွင် လူအများစုခံစားရလေ့ရှိသောရောဂါမှာ ရာသီတုပ်ကွေးရောဂါဖြစ်သည်။ ရာသီတုပ်ကွေးရောဂါသည် အသက်ရှူလမ်းကြောင်းကို အဓိကဒုက္ခပေးသည့် Influenza ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။ ထိုဗိုင်းရပ်စ်ပိုးသည် လူတစ်ဦးမှတစ်ဦးသို့ လေထုထဲမှတစ်ဆင့်သော်လည်းကောင်း၊ နှာချေ၊ ချောင်းဆိုးရာမှထွက်ရှိလာသော အစက်အမှုန်များကို ထိတွေ့မိရာမှသော်လည်းကောင်း အလွယ်တကူ ကူးစက်ပြန့်ပွားနိုင်သည်။ တုပ်ကွေးရောဂါကူးစက်ခံရပါက ဖျားခြင်း၊ ချမ်းတုန်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ နုံးခွေခြင်း၊ နှာစေးခြင်းနှင့် ချောင်းဆိုးခြင်း စသည့်ဝေဒနာများကို ပြင်းထန်စွာခံစားရလေ့ရှိသည်။ သို့ဖြစ်၍ ဤရောဂါပိုးကို ကြိုတင်ကာကွယ်ရန်အတွက် နှစ်စဉ် တုပ်ကွေးကာကွယ်ဆေးထိုးနှံခြင်းအပြင် မိမိတို့၏ နေ့စဉ်စားသောက်မှုပုံစံကို ပြုပြင်ပြောင်းလဲပြီး ခန္ဓာကိုယ်၏ခုခံအားကို မြှင့်တင်ထားရန် အထူးလိုအပ်သည်။

### ကိုယ်ခံအားစနစ်၏အခန်းကဏ္ဍ

ကျွန်ုပ်တို့၏ခန္ဓာကိုယ်အတွင်း ပြင်ပမှဝင်ရောက်လာမည့်ရောဂါပိုးမွှားများနှင့် ဗိုင်းရပ်စ်များကို တွန်းလှန်တိုက်ထုတ်ပေးသည့် ကိုယ်ခံအားစနစ် (Immune System) ရှိနေသည်။ ယင်းစနစ်တွင်ပါဝင်သော သွေးဖြူဥများနှင့် ခုခံပစ္စည်းများသည် ဗိုင်းရပ်စ်ပိုးများ ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်လာပါက ရှာဖွေဖျက်ဆီးရန် အမြဲတစေတာဝန်ယူထားကြသည်။ အကယ်၍ မိမိတို့ နေ့စဉ်စားသုံးသောအစားအစာများတွင် မရှိမဖြစ်လိုအပ်သည့် ဗီတာမင်နှင့် သတ္တုဓာတ်များချို့တဲ့နေပါက ကိုယ်ခံအားစနစ်သည် အားနည်းသွားပြီး ဗိုင်းရပ်စ်ပိုးများ၏တိုက်ခိုက်မှုကို အလွယ်တကူခံရနိုင်သည်။ ထို့ကြောင့် ကိုယ်ခံအားစနစ်အမြဲတစေအားကောင်းနေစေရန်အတွက် အာဟာရပြည့်ဝသောအစားအစာများကို ဂရုတစိုက်ရွေးချယ်စားသုံးပေးရန် အရေးကြီးသည်။

### ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်

ဆေးပညာလောကတွင် ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည်ဟူသော ဆိုရိုးစကားတစ်ခုရှိသည်။ ရောဂါပိုးကူးစက်ခံရပြီးမှ ဆေးဝါးများသောက်သုံး၍ ကုသခြင်းထက် ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်ခြင်းက လူကို မပင်ပန်းစေဘဲ ငွေကြေးကုန်ကျမှုကိုလည်း သက်သာစေသည်။ သဘာဝမှရရှိသောအစားအစာများကို စနစ်တကျမှီဝဲခြင်းသည် ဘေးထွက်ဆိုးကျိုးကင်းစင်စေသည့်အပြင် ခန္ဓာကိုယ်အတွက် ရေရှည်ကျန်းမာရေးကောင်းကျိုးများကိုပါ ပေးစွမ်းနိုင်သည်။ အစားအသောက်ဖြင့် ကိုယ်ခံအားကို ကြိုတင်မြှင့်တင်ထားပါက တုပ်ကွေးဗိုင်းရပ်စ်ကူးစက်မှုကို ဟန့်တားနိုင်ရုံသာမက အကြောင်းအမျိုးမျိုးကြောင့် ကူးစက်ခံရလျှင်ပင် ရောဂါပြင်းထန်မှုကို လျော့နည်းစေပြီး လျင်မြန်စွာပြန်လည်သက်သာလာစေရန် များစွာအထောက်အကူပြုသည်။

### ကိုယ်ခံအားမြှင့်တင်ပေးသည့် အဓိကဗီတာမင်နှင့် သတ္တုဓာတ်များ

တုပ်ကွေးဗိုင်းရပ်စ်ပိုးကို သဘာဝအတိုင်း တွန်းလှန်နိုင်ရန် ကျွန်ုပ်တို့နေ့စဉ်စားသုံးမည့်အစားအစာများတွင် အောက်ပါအဓိကအာဟာရဓာတ်သုံးမျိုး မဖြစ်မနေပါဝင်ရမည်ဖြစ်သည်။

### ဗီတာမင်-C

ဗီတာမင်-C သည် ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးရာတွင် အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံး ဗီတာမင်တစ်မျိုးဖြစ်သည်။ ဗီတာမင်-C သည် ခန္ဓာကိုယ်အတွင်း ရောဂါပိုးများကို တိုက်ဖျက်ပေးသည့် သွေးဖြူဥထုတ်လုပ်မှုကို သိသိသာသာမြှင့်တင်ပေးနိုင်စွမ်းရှိသည်။ ထို့ပြင် ဗီတာမင်-C တွင်ပါဝင်သော အစွမ်းထက် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ(Anti-oxidants)သည် ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်များ ပျက်စီးမှုကိုကာကွယ်ပေးပြီး ဗိုင်းရပ်စ်ပိုးများကြောင့် ဖြစ်ပေါ်လာသော ရောင်ရမ်းမှုများကို လျော့ကျစေသည်။ ဗီတာမင်-C ကို လိမ္မော်သီး၊ ရှောက်သီး၊ သံပရာသီး၊ ဂရိတ်ဖရုသီး၊ စတော်ဘယ်ရီသီး၊ ကီဝီသီးနှင့် ပန်းရောင်ငရုတ်ပွ စသည့်အစားအစာများမှ အများအပြားရရှိနိုင်သည်။

### ဇင့်သတ္တုဓာတ်

ဇင့်သတ္တုဓာတ်သည် ခန္ဓာကိုယ်အတွင်းရှိ ခုခံအားဆဲလ်များ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ခုခံအားဆဲလ်များ၏ လုပ်ဆောင်ချက်များ မှန်ကန်စေရန် မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်ဖြစ်သည်။ ဆေးပညာအရ ဇင့်သတ္တုဓာတ်သည် ဗိုင်းရပ်စ်ပိုးများ ခန္ဓာကိုယ်အတွင်း ပွားများလာမှုကို တိုက်ရိုက်ဟန့်တားပေးနိုင်သည့် အစွမ်းရှိကြောင်း တွေ့ရှိရသည်။ ခန္ဓာကိုယ်တွင် ဇင့်သတ္တုဓာတ်လုံလောက်စွာရှိနေပါက အအေးမိတုပ်ကွေးဖြစ်ပွားသည့်ကာလကို တိုတောင်းသွားစေသည်။ ဤသတ္တုဓာတ်ကို အမဲသား၊ ကြက်သား၊ ကမာကောင်အပါအဝင် ပင်လယ်စာများ၊ ဖရုံစေ့၊ နေကြာစေ့ကဲ့သို့သော အစေ့အဆန်များနှင့် ပဲအမျိုးမျိုးတို့ စားသုံးခြင်းမှရရှိနိုင်သည်။

### ဗီတာမင်-D

ဗီတာမင်-D သည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများကို ခုခံနိုင်စွမ်းနှင့် တိုက်ရိုက်ဆက်စပ်နေသော အာဟာရဓာတ်ဖြစ်သည်။ ဗီတာမင်-D သည် ကိုယ်ခံအားစနစ်၏တုံ့ပြန်မှုကို ပိုမိုကောင်းမွန်စေပြီး ဗိုင်းရပ်စ်ပိုးများ အဆုတ်အတွင်းသို့ ကူးစက်ဝင်ရောက်မှုကို အဟန့်တားဆုံးဗီတာမင်ဖြစ်သည်။ ဗီတာမင်-D ကိုရရှိရန် အကောင်းဆုံးနည်းလမ်းမှာ နံနက်ခင်းနေရောင်ခြည်တွင် နေပူဆာလှုံပေးခြင်းဖြစ်သည်။ ထို့ပြင် ဆယ်လ်မွန်ငါး၊ တူနာငါးကဲ့သို့သော အဆီများသောငါးများ၊ ကြက်ဥအနှစ်နှင့် မှိုအမျိုးမျိုးတို့ကို စားသုံးခြင်းဖြင့် ဗီတာမင်-D ကို ဖြည့်တင်းနိုင်သည်။

ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် အလွယ်တကူရရှိနိုင်ပြီး တုပ်ကွေးရောဂါကို ထိရောက်စွာကာကွယ်ပေးနိုင်သော အရေးပါသည့်အစားအစာငါးမျိုးရှိသည်။ ယင်းတို့မှာ-

### ကြက်သွန်ဖြူ

ကြက်သွန်ဖြူသည် ဟင်းခတ်အမွှေးအကြိုင်တစ်ခုတင်မကဘဲ အစွမ်းထက်လှသည့် သဘာဝဆေးဖက်ဝင်အစားအစာဖြစ်သည်။ ကြက်သွန်ဖြူကို ဓားဖြင့်ထုလိုက်သည့်အခါ သို့မဟုတ် ညှပ်လိုက်သည့်အခါတွင် အယ်လီဆင်(Allicin) ဟုခေါ်သော ဒြပ်ပေါင်းတစ်မျိုးထွက်ရှိလာသည်။ ထိုဒြပ်ပေါင်းသည် ဗိုင်းရပ်စ်နှင့်ပိုးမွှားများကို ပြင်းထန်စွာဆန့်ကျင်တိုက်ဖျက်နိုင်စွမ်းရှိပြီး ခုခံအားဆဲလ်များကို လှုံ့ဆော်ပေးသဖြင့် တုပ်ကွေးဖြစ်ပွားနှုန်းကို သိသိသာသာ လျော့ချပေးနိုင်သည်။ အာနိသင်အပြည့်အဝရရှိရန် ကြက်သွန်ဖြူကို မချက်ပြုတ်မီ ၁၀ မိနစ်ခန့် ကြိုတင်လှီးဖြတ်ကာ လေနှင့်ထိတွေ့စေပြီးမှ ဟင်းလျာများတွင် ထည့်ချက်သင့်သည်။

### ချင်းနှင့်နနွင်း

ချင်းနှင့်နနွင်းတို့သည် ရှေးယခင်ကတည်းကပင် အအေးမိတုပ်ကွေးရောဂါများအတွက် အသုံးပြုခဲ့ကြသော ဆေးဖက်ဝင်အပင်များဖြစ်သည်။ ချင်းတွင် Gingerol ပါဝင်ပြီး နနွင်းတွင် Curcumin ဒြပ်ပေါင်းတို့ အသီးသီးပါဝင်ကြသည်။ ထိုဒြပ်ပေါင်းများသည် ခန္ဓာကိုယ်တွင်းရောင်ရမ်းမှုများကို လျော့ကျစေသည့်အပြင် လည်ချောင်းနှင့်အသက်ရှူလမ်းကြောင်းအတွင်း ဗိုင်းရပ်စ်ပိုးများ ကပ်တွယ်ပေါက်ပွားမှုကို ဟန့်တားပေးသည်။ ချင်းနှင့်နနွင်းကို ရေနွေးပူပူတွင်စိမ်၍ လက်ဖက်ရည်ကဲ့သို့ သောက်သုံးပေးခြင်းဖြင့် လည်ချောင်းနာခြင်းနှင့် နှာပိတ်ခြင်းဝေဒနာများကို ချက်ချင်းသက်သာစေနိုင်သည်။

### ဒိန်ချဉ်

လူအများစု သတိမထားမိကြသည့်အချက်မှာ ခန္ဓာကိုယ်တစ်ခုလုံးရှိ ကိုယ်ခံအားစနစ်၏ ၇၀ ရာခိုင်နှုန်းခန့်သည် အစာခြေလမ်းကြောင်း (အူလမ်းကြောင်း) အတွင်း တည်ရှိနေခြင်းဖြစ်သည်။ ဒိန်ချဉ်တွင် ခန္ဓာကိုယ်အကျိုးပြုသော ဗက်တီးရီးယားများ(Probiotics) အမြောက်အမြားပါဝင်သည်။ အဆိုပါအကျိုးပြုဗက်တီးရီးယားများသည် အူလမ်းကြောင်းကိုကျန်းမာစေပြီး ခုခံအားစနစ်ကိုနိုးကြားစေကာ တုပ်ကွေးပိုးကူးစက်လာပါက အလွယ်တကူတိုက်ဖျက်နိုင်စွမ်းရှိအောင် အကူအညီပေးသည်။ ဒိန်ချဉ်စားသုံးရာတွင် သကြားဓာတ်မပါသော သဘာဝဒိန်ချဉ်စစ်စစ်ကို ရွေးချယ်စားသုံးရန် အကြံပြုလိုပါသည်။

### ကြက်စွပ်ပြုတ်

အအေးမိတုပ်ကွေးဖြစ်ပွားချိန်တွင် ကြက်စွပ်ပြုတ်ပူပူလေးသောက်သုံးခြင်းသည် ရိုးရာကုထုံးတစ်ခုမျှသာမဟုတ်ဘဲ သိပ္ပံနည်းကျ ထိရောက်မှုရှိသောနည်းလမ်းဖြစ်သည်။ ကြက်စွပ်ပြုတ်သည် ခန္ဓာကိုယ်အတွက်လိုအပ်သော ရေဓာတ်နှင့် ဆားဓာတ်ကို ပြန်လည်ဖြည့်တင်းပေးသည့်အပြင် အသက်ရှူလမ်းကြောင်းအတွင်းရှိ ချွဲသလိပ်များကို အရည်ပျော်စေသဖြင့် နှာပိတ်ခြင်းကို သက်သာစေသည်။ ထို့ပြင် ကြက်သားမှရရှိသော ပရိုတင်းနှင့် အမိုင်နိုအက်စစ်တို့သည် ပျက်စီးသွားသောကိုယ်ခံအားဆဲလ်များကို လျင်မြန်စွာ ပြန်လည်ပြုပြင်တည်ဆောက်ပေးသည်။

### အစိမ်းရောင်ဟင်းသီးဟင်းရွက်များနှင့် ဘယ်ရီသီးများ

ဟင်းနုနယ်၊ ကိုက်လန်၊ ကန်စွန်းရွက် စသည့် အစိမ်းရောင်ရှိသော ဟင်းသီးဟင်းရွက်များတွင် ဗီတာမင်-A ၊ C ၊ E နှင့် ကယ်လ်စီယမ်ဓာတ်များ ကြွယ်ဝစွာပါဝင်နေသဖြင့် ကိုယ်ခံအားကို မြှင့်တင်ပေးနိုင်သည်။ ထို့အတူ ဘလူးဘယ်ရီ၊ စတော်ဘယ်ရီ စသည့် ဘယ်ရီသီးများတွင်ပါဝင်သော Flavonoids ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် အသက်ရှူလမ်းကြောင်းဆဲလ်များကို ဗိုင်းရပ်စ်ရန်မှ အကာအကွယ်ပေးသည့် တံတိုင်းသဖွယ်ဆောင်ရွက်ပေးသည်။

### ရှောင်ကြဉ်ရမည့်အစားအစာများ

ကိုယ်ခံအားစနစ်ကောင်းမွန်နေစေရန် အာဟာရရှိသောအစားအစာများကို စားသုံးရုံမျှမက ခုခံအားကိုကျဆင်းစေမည့် အောက်ပါအစားအစာများစားသုံးခြင်းကိုလည်း လျှော့ချ သို့မဟုတ် ရှောင်ကြဉ်ရမည်ဖြစ်သည်။

သကြားအမြောက်အမြား စားသုံးခြင်းသည် သွေးဖြူဥများ၏ ရောဂါပိုးတိုက်ဖျက်နိုင်စွမ်းကို နာရီအနည်းငယ်ကြာအောင် ယာယီတုံ့ဆိုင်းသွားစေသည်။

ဆီကြော်မုန့်များ၊ အသင့်စားမုန့်များနှင့်တာရှည်ခံပစ္စည်းပါဝင်သောအစားအစာများသည် ခန္ဓာကိုယ်ကို ရောင်ရမ်းစေပြီး ကိုယ်ခံအားကို အားနည်းစေသည်။

ကဖင်းဓာတ်နှင့် အရက်အလွန်အကျွံသောက်ခြင်းသည် ခန္ဓာကိုယ်ကို ရေဓာတ်ခန်းခြောက်စေပြီး ခုခံအားစနစ်၏လုပ်ဆောင်ချက်များကို နှောင့်နှေးစေသည်။

### တခြားလိုက်နာရမည့် ကျန်းမာရေးစည်းကမ်းများ

တုပ်ကွေးရောဂါမှ အပြည့်အဝကင်းဝေးစေရန် အစားအသောက်စားသုံးမှုအပြင် အောက်ပါ နေ့စဉ်နေထိုင်မှုပုံစံကောင်းများကိုလည်း ပူးတွဲလုပ်ဆောင်ရမည်ဖြစ်သည်။

လူတစ်ဦး တစ်ရက်လျှင် ရေ ၂ လီတာထက်မနည်း လုံလောက်စွာသောက်သုံးပေးခြင်းဖြင့် ခန္ဓာကိုယ်တွင်းရှိအဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်သည်။

တစ်ရက်လျှင် အနည်းဆုံး ခုနစ်နာရီမှ ရှစ်နာရီအထိ ပြည့်ဝစွာ အိပ်စက်အနားယူပါ။ အိပ်စက်ခြင်းသည် ကိုယ်ခံအားဆဲလ်များကို ပြန်လည်အားဖြည့်ပေးနိုင်သည်။

ပြင်ပမှ ပြန်လာချိန်နှင့် အစာမစားမီတွင် လက်ကို ဆပ်ပြာနှင့် စနစ်တကျဆေးကြောသည့်အလေ့အထကို မပျက်မကွက်ပြုလုပ်သင့်သည်။

အချုပ်အားဖြင့်ဆိုရသော် ရာသီတုပ်ကွေးရောဂါသည် ပတ်ဝန်းကျင်တွင် အချိန်မရွေး ကူးစက်ပြန့်ပွားနိုင်သောရောဂါတစ်ခုဖြစ်သော်လည်း ကြိုတင်ပြင်ဆင်မှုများရှိနေပါက စိုးရိမ်စရာမလိုပေ။ မိမိတို့၏ နေ့စဉ်စားသောက်မှုပုံစံတွင် ဗီတာမင်-C ကြွယ်ဝသော သစ်သီးဝလံများ၊ ကြက်သွန်ဖြူ၊ ချင်း၊ ဟင်းနုနယ်နှင့် ကြက်စွပ်ပြုတ်ကဲ့သို့သော ကိုယ်ခံအားမြှင့်တင်ပေးသည့် သဘာဝဆေးဖက်ဝင်အစားအစာများကို ပုံမှန်ထည့်သွင်းစားသုံးခြင်းဖြင့် တုပ်ကွေးရောဂါဘေးမှ ကင်းဝေးရုံမျှမက ကျန်းမာကြံ့ခိုင်သော လူမှုဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

ဒေါက်တာ အောင်ညွန့်ပိုင်

# အမေရိကန်၏ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများက ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို မြင့်တက်စေမည်ဟုဆို



**ဝါရှင်တန်၊ ရာသီဥတု**

အမေရိကန်နိုင်ငံရှိ ဒေတာစင်တာများကိုအအေးပေးနိုင်စေရေးအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးမည့် ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများသည်ရာသီဥတုပြောင်းလဲမှုကိုဖြစ်ပေါ်စေသည့်ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုကို မြင့်တက်လာစေမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တစ်ဖွဲ့က ဇူလိုင်လ ၁ ရက်တွင် ထုတ်ပြန်ထားသည်။

အမေရိကန်က ဒေတာစင်တာများအတွက် သီးသန့်ဓာတ်အားလိုင်းအဖြစ်အသုံးပြုနိုင်ရန် ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ၇၄ ရုံကို တည်ဆောက်ရန်စီစဉ်ထားခြင်းဖြစ်သည်။ ထိုဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အား ၁၄၃ ဂစ်ဂါဝပ်အထိထုတ်လုပ်ပေးနိုင်ကာ တစ်ချိန်တည်းမှာပင် နှစ်စဉ်ဖန်လုံအိမ်ဓာတ်ငွေ့ပမာဏ တန်ချိန် ၆၆၂ သန်းအထိထွက်ရှိမည်ဖြစ်သည်။

အဆိုပါဓာတ်အားပေးစက်ရုံများမှထွက်ရှိလာမည့် ဖန်လုံအိမ်ဓာတ်ငွေ့ပမာဏက ဩစတြေးလျသို့မဟုတ် ပြင်သစ်နိုင်ငံ၏ နှစ်စဉ်ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏနှင့် ညီမျှမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ပေါင်းစည်းရေးစီမံကိန်းအဖွဲ့က ထုတ်ပြန်ထားခြင်းဖြစ်သည်။

Ref: RT

## ထိုင်း၌ ကလေးငယ်တစ်ဦးမောင်းသောထရပ်ကားဖြင့် တိုက်မိမှုကြောင့် သံဃာတော်ကိုးပါးပျံလွန်တော်မူ



**ဘန်ကောက်၊ မတော်တဆမှု**

ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်း၌ စီတန်းကြွချီတော်မူနေသည့်သံဃာတော်၃၅ပါးနှင့်ကပ္ပိယငါးဦးတို့ပါဝင်သောလူတန်းတစ်ခုကို ကလေးငယ်တစ်ဦးမောင်းနှင်လာသော ထရပ်ကားကတိုက်မိမှုဖြစ်ပွားရာ သံဃာတော်ကိုးပါးပျံလွန်တော်မူပြီး ၁၀ ပါးခန့်မှာ ဒဏ်ရာပြင်းထန်စွာရရှိကြောင်း သိရသည်။

ဇူလိုင်လ ၂ ရက်နံနက်ပိုင်းတွင် မွတ်ဒါဟန်ပြည်နယ်၌ သံဃာတော်များ နေ့ဆွမ်းဘုဉ်းပြီးနောက်စီတန်းကြွချီနေစဉ် အသက် ၁၁ နှစ်သာရှိသေးသည့် ကလေးငယ်တစ်ဦးက ၎င်းဖခင်၏ထရပ်ကားကိုခိုးယူမောင်းနှင်လာကာ သံဃာတော်များကိုဝင်တိုက်မိခြင်းဖြစ်သည်။

ထိုကလေးငယ်သည် စိတ်ပိုင်းဆိုင်ရာအရ အထူးစောင့်ရှောက်မှုလိုအပ်နေသူဖြစ်ပြီး ဖခင်၏ကားကိုခိုးယူကာ ၁၀ ကီလိုမီတာအကွာအဝေးအထိမောင်းနှင်လာသူဖြစ်သည်။ လက်ရှိတွင် ကလေးငယ်ကို ပြစ်မှုဆိုင်ရာဥပဒေအရ အရေးမယူနိုင်သော်လည်း ၎င်း၏အုပ်ထိန်းသူကို အရေးယူသွားမည်ဖြစ်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူး ဗိုလ်ချုပ်ပိုင်ရော့ထိုင်းပူထရာကပြောသည်ဟုသိရသည်။

Ref: AGC

## ဥရောပသမဂ္ဂက စစ်ပုံပြုသည့် လမ်းကြောင်းသို့ ဝင်ရောက်လာနေပြီဟုဆို



**မော်စကို၊ စစ်ရေး**

ဥရောပသမဂ္ဂအနေဖြင့်စစ်ပုံပြုသည့်လမ်းကြောင်းသို့ ဝင်ရောက်လာနေပြီဖြစ်ကြောင်းနှင့် ရုရှားနိုင်ငံနှင့်ထိပ်တိုက်ရင်ဆိုင်နိုင်ရေးအတွက် အလေးထားပြင်ဆင်လာနေကြောင်း ရုရှားသမ္မတရုံးမှပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က ဇူလိုင်လ ၂ ရက်တွင်ပြောသည်။

“ဥရောပသမဂ္ဂက သူတို့ရဲ့ကာကွယ်ရေးအခြေအနေကိုတိုးမြှင့်မှုတွေလုပ်နေတာ ရှင်းလင်းစွာမြင်နေရပါတယ်။ သူတို့က စစ်ပုံပြုလမ်းကြောင်းထဲကို တည့်တည့်ကြီးဝင်လာနေတာပါ။ ရုရှားနဲ့ထိပ်တိုက်တွေ့ဖို့ကိုလည်း သူတို့ကပြင်ဆင်ထားပါတယ်” ဟု ပက်စကော့က သတင်းထောက်များကိုပြောသည်။

ထို့ပြင် ဥရောပသမဂ္ဂက ဥရောပတိုက်အတွင်း တင်းမာမှုများမြင့်တက်လာအောင်လုပ်နေကြောင်း၊ ထို့ကြောင့် ရုရှားကလည်း ကိုယ့်ကိုယ်ကိုယ်ကာကွယ်နိုင်ရန် လုပ်ဆောင်ရခြင်းဖြစ်ကြောင်းပက်စကော့ကပြောသည်။

Ref: Sputnik

## အားကောင်းသောအယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် နယူးဇီလန်၌ မိုးခေါင်မှုနှင့်တောမီးလောင်မှုများဖြစ်နိုင်

**ဝယ်လင်တန်၊ ရာသီဥတု**

အပူပိုင်း ပစိဖိတ်သမုဒ္ဒရာတွင်ဖြစ်ပေါ်နေသည့်အားကောင်းသောအယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် လာမည့်လများအတွင်း နယူးဇီလန်နိုင်ငံ၌ မိုးခေါင်မှုများနှင့်တောမီးလောင်မှုများဖြစ်ပေါ်စေနိုင်သည်ဟု နယူးဇီလန်နိုင်ငံ ကမ္ဘာမြေသိပ္ပံဌာနကထုတ်ပြန်ထားသည်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်မှာ ဖြစ်ပေါ်နေပြီဖြစ်ကြောင်း၊ အဆိုပါဖြစ်စဉ်သည် လက်ရှိအချိန်အထိ မှတ်တမ်းများအရအားအကောင်းဆုံး အယ်လ်နီညိုဖြစ်လာစေမည်ဖြစ်ကြောင်းနှင့် ၂၀၂၅ ခုနှစ်အထိ ရာသီဥတုပုံစံများကို ပြောင်းလဲစေနိုင်မည်ဟု ကမ္ဘာမြေသိပ္ပံဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

“အရင်တုန်းကမှတ်တမ်းတွေအရဆိုရင် နယူးဇီလန်နိုင်ငံမြောက်ပိုင်းနဲ့ အရှေ့ပိုင်းနယ်မြေတွေမှာ ရာသီဥတုက ပုံမှန်ထက်ပိုမိုပူပြင်းခြောက်သွေ့လာမှာပါ။ အဲဒီအချိန်မှာပဲ နိုင်ငံအနောက်ပိုင်းဒေသဖြစ်တဲ့ တောင်ကျွန်းမှာ မိုးသည်းထန်စွာရွာသွန်းမှုတွေဖြစ်လာမှာဖြစ်ပါတယ်” ဟု ကမ္ဘာမြေသိပ္ပံဌာနနှင့် မိုးလေဝသဌာနတို့က ပူးတွဲထုတ်ပြန်ထားသည်။

ထို့ပြင် အလွန်နည်းပါးသော မိုးရေချိန်နှင့်အတူယှဉ်တွဲဖြစ်ပေါ်လာမည့် လေပူတိုက်ခတ်မှုများကြောင့် မြေမျက်နှာပြင်များခြောက်သွေ့ပြီး တောမီးလောင်မှုဖြစ်ပွားနိုင်သည့် အန္တရာယ်ကိုမြင့်မားစေနိုင်ကြောင်း မိုးလေဝသပညာရှင် တွန်းစတားကပြောသည်။

အလားတူ ပူပြင်းခြောက်သွေ့သောရာသီဥတုအခြေအနေများဖြစ်ပေါ်သည့်အတွက် မြေအောက်ရေကိုပြန်လည်ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသောကြောင့် သောက်သုံးရေအခက်အခဲများလည်းဖြစ်ပေါ်လာနိုင်ကြောင်း ပညာရှင်ကပြောသည်။

Ref: Xinhua



## ဂျပန်အရှေ့ပိုင်းနှင့်အနောက်ပိုင်းတို့၌ ရေကြီးမှုများနှင့် မြေပြိုမှုများဖြစ်ပေါ်မည်

**တိုကျို၊ ရာသီဥတု**

ဂျပန်နိုင်ငံမြောက်ပိုင်း၌ ဇူလိုင်လ ၂ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုများဖြစ်ပေါ်နေစဉ်မှာပင် နိုင်ငံအရှေ့ပိုင်းနှင့်အနောက်ပိုင်းတို့၌ ရေကြီးမှုများနှင့်မြေပြိုမှုများဖြစ်ပွားမည့်အပြင် မြစ်ရေများလည်း မြင့်တက်လာမည်ဖြစ်ကြောင်း မိုးလေဝသဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဓိကအားဖြင့် နိုင်ငံအနောက်ပိုင်းဒေသတွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နေသည့်အတွက် မိုးသည်းထန်စွာရွာသွန်းမှုနှင့်အတူ မိုးသက်မုန်တိုင်းများကျရောက်နိုင်ကြောင်း မိုးလေဝသဌာနကသတိပေးထားသည်။ ထို့နောက် အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နိုင်ငံအရှေ့ပိုင်းသို့ ဆက်လက်ရွေ့လျားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်၌ ဖော်ပြထားသည်ကိုတွေ့ရသည်။

Ref: ST

## ရုရှားစစ်ဘက်က ကီယက်မြို့ရှိ စစ်ရေးပစ်မှတ်များကို အကြီးစားလက်တုံ့ပြန် တိုက်ခိုက်မှုများပြုလုပ်

**မော်စကို၊ စစ်ရေး**

ရုရှားစစ်ဘက်သည် ယူကရိန်းနိုင်ငံ ကီယက်မြို့ရှိ စစ်ရေးပစ်မှတ်များကို အကြီးစားလက်တုံ့ပြန်တိုက်ခိုက်မှုများပြုလုပ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင်လ ၂ ရက်တွင်ထုတ်ပြန်သည်။

ကီယက်မြို့နှင့်အနီးဝန်းကျင်ရှိ စစ်ဘက်-စက်မှုဆိုင်ရာလုပ်ငန်းများ၊ လောင်စာနှင့်စွမ်းအင်အခြေခံအဆောက်အဦများအပေါ်တိုက်ခိုက်မှုများလုပ်ရာတွင် မြေပြင်၊ ရေပြင်၊ ဝေဟင်မှပစ်လွှတ်နိုင်သည့် တာဝေးပစ်တိကျပဲ့ထိန်းလက်နက်များ၊ တိုက်ခိုက်ရေးဒရုန်းများကို အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ရုရှား၏တိုက်ခိုက်မှုများကြောင့် ယူကရိန်းဘက်တွင် ၁၃ ဦးသေဆုံးပြီး ၈၆ ဦးဒဏ်ရာရရှိကာ ၎င်းတို့အနက် ၇၀ မှာ ဆေးရုံတက်နေရကြောင်း၊ ၉ ထပ်တိုက်တစ်လုံးအပါအဝင် လူနေအဆောက်အအုံ ၂၀ ကျော်ပျက်စီးသွားကြောင်း ကီယက်မြို့တော်ဝန်နှင့်ယူကရိန်းပြည်ထဲရေးဝန်ကြီးဌာနတို့က ထုတ်ပြန်ထားသည်။

အလားတူ ယူကရိန်းကလည်း ဒရုန်းများဖြင့်တိုက်ခိုက်မှုလုပ်ရာ ခု(စ်)ဒေသ၌ ၂၄ နာရီအတွင်း ယူကရိန်းဒရုန်း ၁၅၈ စင်းကို ရုရှား၏လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့က ကြားဖြတ်ပစ်ချမှုများလုပ်ခဲ့ရကြောင်းနှင့် ထိုဒေသအနေဖြင့် တိုက်ခိုက်မှု ၁၃ ကြိမ်ကိုရင်ဆိုင်ခဲ့ရကြောင်း ဒေသအုပ်ချုပ်ရေးမှူးက ဇူလိုင်လ ၂ ရက်တွင်ပြောသည်။

Ref: Xinhua

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဆောင်းပါး

# မြန်မာအမျိုးသမီးတို့၏ဂုဏ်ရည်

သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)

အမျိုးသမီးမှန်သမျှ အလှအပကိုနှစ်သက်ကြပါတယ်။ ရှေးကတည်းက “ဣတ္ထိရူပံ ခနံ” အမျိုးသမီးတို့ရဲ့ဥစ္စာဟာ အဆင်းလှပခြင်းလို့ ပြောစမှတ်ပြုကြပါတယ်။ အမျိုးသမီးတွေရဲ့အလှအပကို တင်စားတဲ့ ကဗျာတွေ၊ သီချင်းတွေလည်း ခေတ်အဆက်ဆက်မှာ အများကြီးပေါ်ထွန်းခဲ့ပါတယ်။ ဘုရားဟောဇာတ်တော်မှာလာတဲ့ ပပဝတီက ခုနစ်ဆောင်ပြိုင်တိုက်ခန်းတောင်မှ မီးမထွန်းဘဲလင်းအောင်လှပတယ်လို့ ဆိုကြပါတယ်။ မိန်းကလေးတွေကလည်း သူတို့အလှကို အလွန်အားကျကြပါတယ်။ ပိုပြီးလှအောင်လည်း ကြိုးစားကြပါတယ်။ အလှအပနဲ့ မိန်းမသားဆိုတာ ခွဲခြားလို့မရပါဘူး။ အလှအပက နေရာတိုင်းမှာအရေးပါတယ်လို့ ထင်ကြပေမယ့် သာမန်လူအချင်းချင်းဆက်ဆံရေးမှာသာ ရုပ်အလှကိုကြည့်ကြပြီး တကယ့်အလှစစ်ကတော့ စိတ်အလှပဲဖြစ်ပါတယ်။ စိတ်ထားလှသူတွေရှိတဲ့နေရာဟာ ငြိမ်းချမ်းတဲ့နေရာဖြစ်တယ်လို့ ဆိုချင်ပါတယ်။

စလေဦးပုညရဲ့ “ကောင်းခြောက်ဆယ့်လေးရပ်” ချီအလှဘွဲ့တေးထပ်တစ်ပုဒ်မှာ “လမင်းထက် နှစ်လေးသာ၊ မြေလိုက်တာ၊ မြင်ရသူ ဖေသက်သာတယ်၊ ရွှေမျက်နှာ ကြည်လွန်းလို့လေး” ဆိုပြီး တင်စားရေးဖွဲ့ထားတာတွေ့ရပါတယ်။ လမင်းကြီးထက်တောင်မှ နှစ်ဆလောက်သာအောင် အေးမြပါတယ်လို့ စာဆိုက မိန်းကလေးရဲ့မျက်နှာထားအလှကို တင်စားထားပါတယ်။ တကယ်တမ်းမှာလည်း ပူလောင်တဲ့အလှထက် အေးမြငြိမ်းချမ်းတဲ့ မိန်းကလေးတွေရဲ့အလှကိုသာ လူတွေကပိုနှစ်သက်ကြတာဖြစ်ပါတယ်။

မြန်မာအမျိုးသမီးတွေကလည်း မိန်းကလေးထဲက မိန်းကလေးတွေမို့ အလှအပကိုစိတ်ဝင်စားကြပါတယ်။ ခေတ်ကိုလိုက်ပြီး လှအောင်ပြင်ဆင်ကြသလို ခေတ်ဆန်လွန်းပြီး ပူပူလောင်လောင်ဖြစ်အောင်ပြင်ဆင်ကြတာတွေလည်း တွေ့နေရပါတယ်။ မိန်းကလေးတချို့ဟာ မြန်မာ့ယဉ်ကျေးမှုရဲ့ အနှစ်သာရကိုမေ့လျော့ပြီး အနောက်ဆန်ဆန် အသားစိုင်တွေဖော်ပြလို့ တုပဝတ်စားနေကြပါတယ်။ တချို့တွေက အတွင်းသားတွေပေါ်နေတဲ့ အဝတ်အဆင်ကိုမှ ခေတ်မီတယ်လို့ ထင်ကြပါတယ်။ တကယ်တော့ မြန်မာအမျိုးသမီးတို့ရဲ့အလှဆိုတာ အရေပြားတစ်ထောက်စာအလှမဟုတ်ဘဲ စိတ်ထားအလှဖြစ်တဲ့ ကိုယ်ကျင့်တရားစောင့်ထိန်းခြင်းဖြစ်တယ်လို့ ပြောချင်ပါတယ်။

စာဆိုတော်ကြီး စိန္တကျော်သူဦးဩက မြန်မာအမျိုးသမီးများဝတ်စားဆင်ယင်မှုနဲ့ပတ်သက်ပြီး “တွဲလွဲများလျား၊ ဖားယားမြေထိ၊ ရှေ့ငြိနောက်ကျ၊ ခြေချဖဝါး၊ နင်းသွားမသာ၊ ဝါဝါကားကား၊ ကြွားကြွားဝင့်ဝင့်၊ ဝတ်သဖြင့်လည်း၊ မတင့်တယ်ရာ၊ ခမ္မတာ” လို့ “ဩဝါဒထူးပျို့”မှာ ဆုံးမခဲ့ပါတယ်။ လှမယ်ထင်ပြီး မသင့်လျော်တဲ့ ဝတ်စားပြင်ဆင်မှုတွေမလုပ်သင့်ပါဘူး။ အရိုးဆုံးအပြင်အဆင်ဟာ အဆန်းဆုံးဖြစ်ပါတယ်။ အလှအပဆိုတာ အရေပြားတစ်ထောက်စာသာဖြစ်ပြီး တကယ့်ဘဝမှာ ခန္ဓာကိုယ်အလှအပထက် စိတ်ထားအလှဖြစ်တဲ့ ကိုယ်ကျင့်တရားကောင်းမွန်ခြင်းကသာ ပိုအသုံးဝင်ပါတယ်။

ကိုယ်ကျင့်တရားကောင်းဖို့ အဓိကလိုက်နာရမှာက ဗုဒ္ဓဘာသာတို့ရဲ့အခြေခံ ငါးပါးသီလပါပဲ။ ငါးပါးသီလကို ခါးဝတ်ပုဆိုးလိုမြဲမြဲရမယ်လို့ လူကြီးသူမတွေက ဆုံးမကြပါတယ်။ လောကပါလတရားနှစ်ပါးလို့ပြောကြတဲ့ “ဟိရီနဲ့ ဩတ္တပ္ပ” တို့ကိုလည်း မမေ့မလျော့ လိုက်နာကျင့်သုံးရပါမယ်။ ဟိရီဆိုတာက ရှက်ခြင်းပါ။ မလုပ်သင့်တာလုပ်တာကိုရှက်ရပါမယ်။ ဩတ္တပ္ပကတော့ ကြောက်ခြင်းပါ။ မလုပ်သင့်တာလုပ်ရမှာကိုကြောက်ခြင်းဖြစ်ပါတယ်။ ငါးပါးသီလစောင့်ထိန်းပြီး ဟိရီဩတ္တပ္ပကိုကျင့်သုံးရင် ကိုယ်ကျင့်တရား ကောင်းတဲ့သူဖြစ်ပါမယ်။ ဗုဒ္ဓဘာသာမြန်မာအမျိုးသမီးတွေဟာ မိဘဆရာသမားတို့ရဲ့ ဆုံးမသွန်သင်မှုကိုနာခံပြီး ကိုယ်ကျင့်တရားကို မြဲမြံစွာစောင့်ထိန်းကြသူများဖြစ်ပါတယ်။ ကိုယ်ကျင့်တရားစောင့်ထိန်းတဲ့အလှဟာ နတ်လူသာခုခေါ်စေနိုင်တဲ့ တကယ့်အလှစစ်ပဲဖြစ်ပါတယ်။

ကိုယ်ကျင့်တရားစောင့်ထိန်းတာဟာ ကိုယ်တိုင်ကော အခြားသူတွေအတွက်ပါ အကျိုးရှိပါတယ်။ အတွေးအခေါ်ပညာရှင်ကြီး “ ဆိုကရေးတီး” က “ချမ်းသာကြွယ်ဝခြင်းကို ဆုံးရှုံးတဲ့အခါ ဘာမှ ဆုံးရှုံးမှုမရှိပါ။ ကျန်းမာရေးဆုံးရှုံးတဲ့အခါ တစ်စုံတစ်ခုကို ဆုံးရှုံးရပါတယ်။ ကိုယ်ကျင့်တရား ဆုံးရှုံးပျက်စီးသည့်အခါ ဘဝတစ်ခုလုံးဆုံးရှုံးရပါတယ်” လို့ တပည့်တွေကို ပြောဆိုဆုံးမခဲ့တယ်လို့ မှတ်သားမိပါတယ်။ စီးပွားရေး၊ ကြီးပွားရေး၊ ပညာရေး စတဲ့လူမှုကိစ္စအဝဝ တိုးတက်ဖို့ အခြေခံက ကိုယ်ကျင့်သီလကောင်းခြင်းပဲဖြစ်ပါတယ်။




အမျိုးသမီးတွေအတွက် စံနမူနာပြပါပဲ။

စန္ဒကိန္နရီဇာတ်မှာ ဘုရင်ကြီးက ချစ်လင်ကိုမြားနဲ့ ခွင်းပြီး ဇနီးသည်ကိန္နရီကို မိဖုရားမြှောက်ပါ့မယ်လို့ ပြောတာတောင်လက်မခံဘဲ ခင်ပွန်းသည်အပေါ် သစ္စာထားခဲ့ပါတယ်။ မြားဆိပ်သင့်မိန်းမောနေတဲ့ ခင်ပွန်းသည် ကိန္နရာကို ပြန်ရှင်လာစေတဲ့အထိ ကိန္နရီရဲ့သစ္စာတန်ခိုးက ထက်မြက်ခဲ့ပါတယ်။ ကတော်ထဲမှာ အမြင့်ဆုံးဆိုတဲ့ ဘုရင်ရဲ့မိဖုရားအဖြစ်

**❖ မြန်မာ့လူမှုဘဝမှာ သစ္စာတရားကြီးမားတဲ့ အမျိုးသမီးတွေရှိတဲ့အတွက် မိသားစုသာမက ပတ်ဝန်းကျင်တစ်ခုလုံးပါ အေးချမ်းကြည်လင်တဲ့ အကျိုးကို ရရှိနိုင်ပါတယ်။ လူ့အသိုင်းအဝိုင်း၊ လူ့ပတ်ဝန်းကျင်တစ်ခုလုံးကို အေးချမ်းပျော်ရွှင်အောင် လုပ်ဆောင်နိုင်စွမ်းရှိတာကတော့ မြန်မာအမျိုးသမီးတွေရဲ့ ထူးခြားလှတဲ့ဂုဏ်ရည်ဖြစ် . . .**

ကိုယ်ကျင့်သီလကောင်းခြင်းနဲ့ပတ်သက်ပြီး မြန်မာအမျိုးသမီးတွေ စံနမူနာထားကြတာကတော့ “အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘူလ”ဆိုတဲ့ တော်လေးဝဝင် အမျိုးသမီးလေးဦးပဲဖြစ်ပါတယ်။ ဘုရားဟောဇာတ်တော်လာ ဒီအမျိုးသမီးတွေရဲ့ ကိုယ်ကျင့်သီလထိန်းသိမ်းမှု၊ ခင်ပွန်းအပေါ်သစ္စာစောင့်သိမှုတို့က အံ့ဩချီးမွမ်းလို့မကုန်နိုင်အောင်ပါပဲ။ မြန်မာအမျိုးသမီးအများစုကလည်း ဒီအမျိုးသမီးတွေရဲ့ မြတ်နိုးဖွယ်ကိုယ်ကျင့်သီလကို အတုယူလိုက်နာထိန်းသိမ်းကြတဲ့အတွက် မြန်မာ့လူ့အဖွဲ့အစည်းဟာ ငြိမ်းချမ်းသာယာမှုနဲ့ပြည့်စုံတယ်လို့ဆိုနိုင်ပါတယ်။ ဆက်လက်ထိန်းသိမ်းရမယ့် နမူနာကောင်းတွေလည်းဖြစ်ပါတယ်။

“အမရာ”ဆိုတာ ဘုရားအလောင်းတော် မဟော်သဓာရဲ့ ဇနီးဖြစ်ပါတယ်။ အပ်ချုပ်သမား ဟန်ဆောင်ပြီး ဇနီးသည်ရှာဖွေရွေးချယ်ခဲ့တယ်လို့ ဇာတ်ကြီးဆယ်ဘွဲ့မှာ ဖတ်ရပါတယ်။ သေနက၊ ပက္ကုသ၊ ကာမိန္ဒ၊ ဒေဝိန္ဒ ဆိုတဲ့ အမတ်ကြီးလေးဦးက အကောက်ကြံတဲ့အတွက် ဘုရားအလောင်းမဟော်သဓာဟာ မင်းဘေးကနေထွက်ပြေးတိမ်းရှောင်နေရပါတယ်။ ခင်ပွန်းသည် မဟော်သဓာကို အပြစ်ကင်းကြောင်း သက်သေပြနိုင်ဖို့ ဇနီးသည်အမရာက ကြိုးစားအားထုတ်ခဲ့ပါတယ်။ ခင်ပွန်းသည်အနားမှာမရှိတဲ့ အချိန်မှာ ဘယ်သူ့ရဲ့ ဖြားယောင်းသွေးဆောင်မှုကိုမှ လက်မခံဘဲ ခင်ပွန်းသည်ကိုကူညီဖို့ သစ္စာတရားနဲ့ ကြိုးစားခဲ့တဲ့ အမရာဒေဝီဟာ ကျွန်မတို့မြန်မာ

ပေးပါ့မယ်လို့ ပြောခဲ့တာတောင် ခင်ပွန်းကို သစ္စာမပျက်ဘဲ ငြင်းဆန်ခဲ့တဲ့ ကိန္နရီပါ။ ဘယ်လိုလာဘ်လာဘတွေနဲ့ မြူဆွယ်ပါစေ မဖောက်မပြန် ခိုင်မြဲတဲ့ သစ္စာတရားကိုသာ လက်ကိုင်ထားတဲ့ ကိန္နရီကို ကျွန်မတို့ မြန်မာအမျိုးသမီးတွေက အမြတ်တနိုးရှိကြပါတယ်။

“တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ” လို့ မှတ်သားကြတဲ့ ရှင်တော်မြတ်ဘုရားရဲ့ နောက်ဆုံးဘဝဖြစ်စဉ် ဝေဿန္တရာဇာတ်တော်ထဲက “မဒ္ဒီဒေဝီ” မိဖုရားကလည်း အမျိုးသမီးတို့ရဲ့ စံပြုထိုက်သူတစ်ဦးဖြစ်ပါတယ်။ ဝေဿန္တရာမင်းကြီးကို ခမည်းတော်က နယ်နှင်ဒဏ်ပေးလိုက်တဲ့အခါ တောထဲအထိ လိုက်ပါစောင့်ရှောက်ပါရမီဖြည့်ခဲ့သူဖြစ်ပါတယ်။ တောထဲမှာ နေထိုင်ရင်း သားနဲ့သမီးကို ပေးလှူခံလိုက်ရတဲ့အခါမှာ ရင်ကွဲမတတ်ခံစားပူလောင်ခဲ့ရပေမယ့် ခင်ပွန်းသည်မင်းကြီးကို အပြစ်မတင်ခဲ့ပါဘူး။ သိကြားမင်းက ပုဏ္ဏားယောင်ဆောင်ပြီး ဝေဿန္တရာမင်းကြီးဆီမှာ စိတ်စမ်းတဲ့အနေနဲ့ မိဖုရားကို အလှူခံခဲ့ပါတယ်။ မိဖုရားကိုကြည်ကြည်ဖြူဖြူလှူဒါန်းပေးခဲ့တဲ့ မင်းကြီးရဲ့ ပါရမီကို ကြက်သီးထမျှ အံ့ဩခဲ့ရသလို မင်းကြီးကို မငြိုငြင်တဲ့ မဒ္ဒီဒေဝီရဲ့ ပါရမီဖြည့်ဖက်ပီသတဲ့ စိတ်ထားကိုလည်း စံပြုကြရပါတယ်။ ဘုရားဟောဇာတ်တော်လာ ထူးခြားလှတဲ့ မြန်မာအမျိုးသမီးတို့ရဲ့ ခင်ပွန်းသည်ကိုသည်းညည်းခံပုံ၊ စိတ်ထားမြင့်မြတ်ပုံကတော့ အံ့ဩဖွယ်ဖြစ်ပါတယ်။

သောတ္ထိသေနမင်းဟာ နူနာရောဂါဖြစ်ပွားတဲ့အတွက် ဘုရင်အဖြစ်ကိုစွန့်ပြီး တောထဲမှာသွားနေခဲ့ရပါတယ်။ မိဖုရား သမ္ဘူလကို နန်းတော်မှာနေခဲ့ဖို့ ခွင့်ပေးပေမယ့် မနေရက်နိုင်ဘဲ ခင်ပွန်းဖြစ်သူမင်းကြီးကို ထက်ကြပ်မကွာ လိုက်ပါစောင့်ရှောက်ခဲ့ပါတယ်။ အမြင့်ကိုရောက်တဲ့အခါမှာပဲ စံစားတာမဟုတ်ဘဲ ခင်ပွန်းသည် နိမ့်ပါးတဲ့အခါမှာလည်း အေးအတူပူအမျှဆိုတဲ့ စကားအတိုင်း အနစ်နာခံတတ်တဲ့ မြန်မာအမျိုးသမီးတွေရဲ့ မြင့်မြတ်တဲ့စိတ်ထားကို မြင်တွေ့ရပါတယ်။

သမ္ဘူလမိဖုရားဟာ မင်းကြီးကို နေ့မှာသစ်သီးရှာဖွေကျွေးမွေးပါတယ်။ ညအခါမှာ ခြေဆုပ်လက်နယ်ပြုပါတယ်။ တစ်နေ့မှာ ကိုယ်ရောင်ကိုယ်ဝါတောက်ပပြီး ချောမောလှပတဲ့ သမ္ဘူလမိဖုရားကို ဝိဇ္ဇာဓော်ဂျီများနဲ့သစ်သီးရှာသွားရင်း ဖောက်ပြားတယ်လို့ မင်းကြီးကအထင်မှားပြီး စွပ်စွဲအပြစ်ဆိုခဲ့ပါတယ်။ သမ္ဘူလမိဖုရားက ထားရှိခဲ့တဲ့သစ္စာကို တိုင်တည်လိုက်တဲ့အခါ မင်းကြီးရဲ့နူနာပျောက်ကင်းသွားခဲ့တယ်လို့ သိရပါတယ်။ အမျိုးကောင်းသမီးတစ်ဦးရဲ့ သစ္စာလက်နက်ဟာ အရာရာအောင်မြင်စေတယ်ဆိုတာ အကောင်းဆုံးသာဓကပါပဲ။

ဒီအမျိုးသမီးလေးဦးကို တော်လေးဝလို့သတ်မှတ်ပြီး မြန်မာအမျိုးကောင်းသမီးတွေက စံထားအတုယူကြပါတယ်။ အမျိုးသမီးတွေဟာ ဒီလိုမျိုး ခင်ပွန်းသည်နဲ့မိသားစုကိုစောင့်ရှောက်ရလို့ နစ်နာတယ်လို့ မသတ်မှတ်ကြပါဘူး။ မြန်မာ့လူမှုဘဝမှာ သစ္စာတရားကြီးမားတဲ့ အမျိုးသမီးတွေရှိတဲ့အတွက် မိသားစုသာမက ပတ်ဝန်းကျင်တစ်ခုလုံးပါ အေးချမ်းကြည်လင်တဲ့အကျိုးကို ရရှိနိုင်ပါတယ်။ လူ့အသိုင်းအဝိုင်း၊ လူ့ပတ်ဝန်းကျင်တစ်ခုလုံးကို အေးချမ်းပျော်ရွှင်အောင် လုပ်ဆောင်နိုင်စွမ်းရှိတာကတော့ မြန်မာအမျိုးသမီးတွေရဲ့ ထူးခြားလှတဲ့ဂုဏ်ရည်ဖြစ်ပါတယ်။

အမျိုးသမီးတွေဆိုတာ မိသားစုကို မေတ္တာနဲ့ အေးချမ်းလုံခြုံစေတဲ့သူတွေဖြစ်ပါတယ်။ နေ့စဉ် အရုဏ်တက်မှာ အမျိုးသမီးများရဲ့ ဘုရားဝတ်တက်သံ၊ ကြေးစည်ထုအမျှဝေသံတွေဟာ မိသားစုအားလုံးကို နှလုံးစိတ်ဝမ်းငြိမ်းချမ်းစေပါတယ်။ မျိုးဆက်သစ် သားသမီးငယ်တွေကို ဗုဒ္ဓဘာသာဓလေ့ထုံးစံတွေ သိရှိအောင် အနီးကပ်သင်ကြားပေးလေ့ရှိတာလည်း အမျိုးသမီးများဖြစ်ပါတယ်။

သားသမီးဝတ္တရားငါးပါးထဲက “စောင့်လေမျိုးနွယ်”ဆိုတဲ့အချက်က အလွန်အရေးကြီးပါတယ်။ ဒီအချက်ကို မျိုးဆက်သစ်တွေလိုက်နာအောင်

စာမျက်နှာ ၂၆ သို့ ➲

➲ စာမျက်နှာ ၂၅ မှအဆက်

သွန်သင်ပြသလက်ဆင့်ကမ်းပေးနိုင်တာကလည်း အမျိုးသမီးတွေဖြစ်ကြတဲ့ အဘွား၊ အမေနဲ့ အဒေါ်တွေပဲဖြစ်ပါတယ်။ မျိုးချစ်စိတ်ဓာတ်ထက်သန်အောင်၊ ရိုးရာအစဉ်အလာတွေထိန်းသိမ်းတတ်အောင် အခြေခံကျကျသင်ကြားပေးသူကလည်း မိခင်အနွယ်ဝင် အမျိုးသမီးတွေပဲဖြစ်ပါတယ်။

ဗုဒ္ဓဘာသာဝင်အမျိုးသမီးတွေဟာ မိသားစုမှာ အရေးပါတဲ့သူတွေဖြစ်ပါတယ်။ အိမ်ရှင်မ အမျိုးသမီးတွေ တော်ရင်တော်သလောက် မိသားစုအဆင်ပြေပါတယ်။ ဉာဏ်အမြော်အမြင်ရှိတဲ့အမျိုးသမီးရဲ့ မိသားစုက တိုးတက်ပါတယ်။ ကြင်နာတတ်တဲ့ အမျိုးသမီးရဲ့မိသားစုက ငြိမ်းချမ်းပါတယ်။ ဘာရယ်မဟုတ် အိမ်ပူအောင်လုပ်တတ်တဲ့ အမျိုးသမီးတွေရှိတဲ့အိမ်ကတော့လာဘ်တိတ်တတ်ပါတယ်။ တစ်ခုခုဆိုစိတ်တိုင်းမကျနိုင်ဘဲ ပူညံပူညံလုပ်နေရင် အိမ်သားတွေအိမ်မှာမပျော်နိုင်တော့ပါဘူး။ အိမ်မှာမပျော်ဘဲ အပြင်မှာပျော်ကြရင် မလိုအပ်တဲ့ပြဿနာတွေအများကြီးဖြစ်လာနိုင်ပါတယ်။ အမျိုးသမီးတွေရဲ့စွမ်းရည်က မိသားစုအေးချမ်းပျော်ရွှင်တိုးတက်ဖို့အတွက် အလွန်ပဲအထောက်အကူပြုပါတယ်။

ဒီနေ့ခေတ်မှာ အမျိုးသမီးတွေက အမျိုးသားတွေနဲ့ ရင်ပေါင်တန်းနိုင်တဲ့ခေတ်ဖြစ်နေပါပြီ။ အမျိုးသားတစ်ဦးတည်းနဲ့ မိသားစုအတွက်ငွေကို လုံလောက်အောင်မရှာနိုင်တော့ပါဘူး။ အမျိုးသမီးတွေပါ ငွေရှာကြရပါတယ်။ တချို့အမျိုးသမီးတွေက ငွေရှာနိုင်တဲ့အတွက် အိမ်အလုပ်တွေကို မလုပ်ချင်ကြတော့ဘဲ သားသမီးပြုစုရေးကိုလည်း စိတ်ဝင်စားမှုနည်းလာကြပါတယ်။ အချိန်ယူပြီး ချက်ပြုတ်ကျွေးမွေးတာကိုလည်း အချိန်ကုန်တဲ့အပိုအလုပ်လို့ ထင်လာကြပါတယ်။ အဲ့ဒီအတွက် မိသားစုပျော်ရွှင်သာယာမှုတွေလည်း နည်းလာကြပါတယ်။ ချစ်ခင်ရင်းနှီးမှုနည်းတဲ့အတွက် ပြဿနာတစ်ခုခုဖြစ်လာရင် သည်းခံနိုင်မှုနည်းပြီး “စလယ်ဝင် ဖင်မမဲခင်” ကွဲကြတဲ့ ဇနီးမောင်နှံတွေ ပိုများလာပါတယ်။ ဒါတွေက လူမှုရေးအရ ဆုံးရှုံးမှုတွေပါပဲ။

အိမ်ရှင်မတစ်ယောက်က မိသားစုကိုတန်ဖိုးထားပြီးအချိန်ပေးရင် မိသားစုချင်း ပိုရင်းနှီးချစ်ခင်လာပါမယ်။ ညီအစ်ကိုမောင်နှမတွေ ပိုစည်းလုံးဖို့လည်း မိခင်ဖြစ်တဲ့အမျိုးသမီးက အဓိကကျပါတယ်။ မိခင်ရဲ့ဆိုဆုံးမမှုပေါ်မူတည်ပြီး နိုင်ငံနဲ့လူမျိုးကို ချစ်တတ်သူတွေ၊ ယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းကြသူတွေလည်း ဖြစ်လာနိုင်ပါတယ်။ တစ်ဦးကိုတစ်ဦး တန်ဖိုးထားဖို့ဆိုတာ လူမှုဆက်ဆံရေးမှာ အလွန်အရေးကြီးပါတယ်။ အမေတွေက အိမ်မှာ ဒီအလေ့အကျင့်ကို လုပ်ပေးခဲ့ရင် ကျောင်းမှာပဲဖြစ်ဖြစ်၊ အလုပ်ခွင်မှာပဲဖြစ်ဖြစ် ဆက်ဆံရေးကောင်းတဲ့ ကလေးတွေဖြစ်လာပြီး တစ်သက်တာအောင်မြင်တဲ့ ကလေးတွေဖြစ်လာမှာပါ။ စည်းကမ်းရှိဖို့၊ အလုပ်ကြိုးစားဖို့ဆိုတာလည်း အမေတွေက လိုလေသေးမရှိအောင် သင်ပေးကြတာပဲဖြစ်ပါတယ်။

ခင်ပွန်းသည်အပေါ် ဇနီးသည်က နားလည်မှုပေးရင်လည်း မိသားစုအားလုံး စိတ်လက်ချမ်းသာနေထိုင်နိုင်မှာဖြစ်ပါတယ်။ စိတ်ချမ်းသာနေတဲ့အတွက် ထမ်းဆောင်ရတဲ့ တာဝန်တွေကို စွမ်းအားပြည့်လုပ်ဆောင်နိုင်ပြီး အလုပ်ခွင်မှာ အောင်မြင်တိုးတက်နိုင်ပါတယ်။ မိသားစုတွင်း မိခင်မေတ္တာနဲ့ယှဉ်တဲ့ ဆုံးမပဲ့ပြင်မှုတွေကြောင့် လိမ္မာယဉ်ကျေးတဲ့ သားသမီးတွေအဖြစ် ကြီးပြင်းလာပြီး နိုင်ငံနဲ့လူမျိုးကို အကျိုးပြုသူတွေ ဖြစ်လာနိုင်ပါတယ်။ မိသားစုဝင်တွေကို အရက်နဲ့မူးယစ်ဆေးဝါးသုံးစွဲမှုတွေလျော့နည်းစေအောင် အကျိုးသင့်အကြောင်းသင့်ပြောပြတားမြစ်နိုင်တာလည်း အမျိုးသမီးတွေပဲဖြစ်ပါတယ်။ ဒါဟာ ထူးခြားလှတဲ့မြန်မာအမျိုးသမီးတွေရဲ့ဂုဏ်ရည်တွေပါပဲ။

“အတူတူငွေရှာရတဲ့အတွက် ခင်ပွန်းကို အရေးထားပြီး ပြုစုမနေနိုင်ဘူး”လို့ ပြောလာတာကိုလည်း ကြားနေရပါတယ်။ ငွေရှာရသည်ဖြစ်စေ၊ မရှာရသည်ဖြစ်စေ ကျွန်မတို့ဟာ မြန်မာနိုင်ငံမှာ နေထိုင်ကြတဲ့သူတွေဖြစ်ပါတယ်။ မြန်မာ့ဓလေ့ထုံးတမ်းအရ ခင်ပွန်းသည်ကို ရိုသေလေးစားအရေးထားရမှာဖြစ်ပါတယ်။ ခင်ပွန်းသည်ကို ရိုသေလေးစားတဲ့ အမျိုးသမီးတွေကိုလည်း အားလုံးကတန်ဖိုးထားဆက်ဆံကြပါတယ်။ ခင်ပွန်းသည်ကိုအရေးမထားဘဲ ထင်ရာစိုင်းတဲ့အမျိုးသမီးကိုလည်း လူ့ပတ်ဝန်းကျင်က လေးစားမှုနည်းတတ်ပါတယ်။

ယဉ်ကျေးမှုအရ ခင်ပွန်းသည်ကို အိမ်ဦးနတ်အဖြစ် တန်ဖိုးထားဆက်ဆံကြပေမယ့် အမျိုးသမီးတွေအနေနဲ့ အဆင့်အတန်းခွဲခြားခံရတယ်ဆိုတဲ့ ခံစားချက်မျိုး လုံးဝမရှိကြပါဘူး။ အိမ်ရှင်မအမျိုးသမီးက ကိုယ့်စွမ်းရည်နဲ့ ဆုံးဖြတ်နိုင်တဲ့ ကိစ္စမျိုးဖြစ်နေပါစေ ခင်ပွန်းနဲ့တိုင်ပင်ပါရစေ၊ ခင်ပွန်းကဆုံးဖြတ်ပါလိမ့်မယ်လို့ ပြောတတ်ကြပါတယ်။ မြန်မာအမျိုးသမီးတွေအနေနဲ့ အိမ်ဦးနတ်ကို နေရာပေးတာက ယဉ်ကျေးမှုထုံးစံတစ်ခုဖြစ်ပြီး အဲ့ဒီလိုနေရာပေးရတာကို နိမ့်ကျဂုဏ်ငယ်စရာလို့ မယူဆကြပါဘူး။

အမျိုးသမီးတချို့ကတော့ ခင်ပွန်းသည်ကို အလွန်ချုပ်ကိုင်တာကိုတွေ့ရပါတယ်။ ခေတ်ကြီးပြောင်းလဲလာပြီး နည်းပညာတွေ ဘယ်လောက်ပဲတိုးတက်ပါစေ “ကမ္ဘာက ကမ္ဘာဖြစ်ပြီး မြန်မာက မြန်မာ”ပဲ ဖြစ်ပါတယ်။ မြန်မာမှုမှာ မိသားစုတစ်ခုလုံးအောင်မြင်တိုးတက်ဖို့ အမျိုးသမီးတွေက အခရာကျပါတယ်။ မိသားစုကို ချစ်ခင်နွေးထွေးစွာစောင့်ရှောက်ကြတာဟာ ရှေးယခင်ကတည်းကရှိခဲ့တဲ့ “မြန်မာအမျိုးသမီးတို့ရဲ့ ထင်ရှားတဲ့ဂုဏ်ရည်” ဖြစ်ပါတယ်။ ဒီဂုဏ်ရည်ကို ဆက်လက်ထိန်းသိမ်းပြီး မိသားစုကနေ မြန်မာနိုင်ငံကြီးတစ်ခုလုံးကိုပါ မေတ္တာလွှမ်းခြုံပေးကြရင်းပိုပြီးအေးချမ်းသာယာတဲ့ လူ့အသိုက်အဝန်းတစ်ခုကို ဖန်တီးကြပါစို့လားရှင်။ ။

# ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုအခြေခံသင်တန်းအမှတ်စဉ် (၁၃) ဖွင့်လှစ်



နေပြည်တော် ဇူလိုင် ၂

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုအခြေခံသင်တန်းအမှတ်စဉ်(၁၃)ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ သင်တန်းနည်းပြများ၊ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများမှ သင်တန်းသား၊ သင်တန်းသူ အရာထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းတွင် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုနယ်ပယ်တွင် ဘဏ္ဍာငွေရရှိမှုအရင်းအမြစ်များ တိုးမြင့်ရရှိအောင်ဆောင်ရွက်ရေး၊ အသုံးစရိတ်များကို စနစ်တကျခွဲဝေရေး၊ ခွဲဝေပေးထားသည့်အသုံးစရိတ်များကို နိုင်ငံတော်အတွက်၊ အများပြည်သူအကျိုးစီးပွားအတွက် ထိရောက်မှုရှိစွာ သုံးစွဲနိုင်ရေး၊ စာရင်းများကို စနစ်တကျ ပြုစုခြင်းနှင့်အစီရင်ခံတင်ပြရေး၊ စောင့်ကြည့်ထိန်းကျောင်းရေး၊ သုံးသပ်အစီရင်ခံရေး စသည့်အဆင့်လိုက်လုပ်ငန်းစဉ်များ စွာပါဝင်ပြီး အထူးသဖြင့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုနှင့် စီမံကိန်းနှင့်ဘတ်ဂျက်ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ စာရင်းပြုစုခြင်းနှင့် စာရင်းနှင့်လုပ်ငန်းစစ်ဆေးခြင်းအပိုင်းများကို ဦးစားပေးဆောင်ရွက်ရန်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ယခုသင်တန်းသို့ ဝန်ကြီးဌာန၊ အဖွဲ့အစည်း ၂၃ ခုမှ သင်တန်းသား၊ သင်တန်းသူ အရာထမ်း ၄၁ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ၃ လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ပဲခူး ဇူလိုင် ၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ်တိုးတက်စေရေးဆောင်ရွက်လျက်ရှိနေမှု၊ လစဉ်တိုးချဲ့ဆောင်ရွက်သွားမည့်လုပ်ငန်းစီမံချက်များ၊ Quick Win ဖြစ်နိုင်သည့် လုပ်ငန်းများနှင့်ရေရှည်ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ဥသျှာတိုင်းသား

လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့်
မီတာခများများကျသင့်ခြင်းမှရှောင်ရှားပါ။

# ပဲခူးမြို့၌ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် “ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲနှင့် ပဒေသာကပွဲ” ကျင်းပ

ပဲခူး ဇူလိုင် ၂

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍၂၀၂၆ ခုနှစ်ဇူလိုင်လ ၃ ရက်တွင်ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့်“ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲနှင့် ပဒေသာကပွဲ” အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီသီစိုးက အဖွင့်နှုတ်ဆက်စကားပြောကြားပြီး ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်၊ သာယာဝတီခရိုင်၊ ပြည်ခရိုင်နှင့်နတ်တလင်းခရိုင်တို့မှ အမျိုးသမီးရေးရာအဖွဲ့များနှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားပြုအမျိုးသမီးငယ်လေးများ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာ (အထောက်အကူပြုအဖွဲ့)၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားပြု “ခေတ်မီလှပဥဿာပျိုမေတို့အလှ”အမျိုးသမီးငယ်လေးများက တေးသီချင်းများ၊တေးသရုပ်ဖော်များ၊ပြဇာတ်များဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံကျော်အဆိုတော် တေးသံရှင် ဝင်းလဲ့ချယ်ရီနှင့် တေးသံရှင် နန်းထိုက်ရွှေစင်တို့က ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြပြီး ပဲခူးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စိုးစိုးသက်က အခမ်းအနားဖြစ်မြောက်ရေးအတွက် ကူညီဆောင်ရွက်ပေးသော ကော်မတီဝင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ကာ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။



ယင်းနောက် အလှူရှင်၊ စေတနာရှင်များက အလှူငွေများပေးအပ်လှူဒါန်းရာ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်းသိရသည်။(၄၁၀)

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မွန်ပြည်သစ်ပါတီ(NMSP)တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော်    ဇူလိုင်    ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ် ဧပြီလ ၂၁ ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။



ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မွန်ပြည်သစ်ပါတီ(NMSP)တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် နိုင်အောင်မငေးနှင့် နိုင်ဗညားချမ်းနွန်၊ ဗဟိုကော်မတီဝင်များဖြစ်ကြသည့် နိုင်အမ်စိုက်ချမ်း၊ နိုင်ကွန်းစိုက်နှင့် ရုံးအဖွဲ့မှူး နိုင်ဇော်မင်းဦးတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ယခုဆွေးနွေးပွဲသည် အစိုးရသစ်တက်လာပြီး ငြိမ်းချမ်းရေးဖိတ်ခေါ်မှုအရ ဆွေးနွေးခြင်းဖြစ်ကြောင်း၊ ၂၀၂၁ ကာလတွင် ပြည်နယ်များ၌ ပဋိပက္ခများဖြစ်ပွားခဲ့သော်လည်း မွန်ပြည်နယ်သည် တည်ငြိမ်မှုရှိခဲ့ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးမည်ဖြစ်ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များအား သက်ဆိုင်ရာသို့တင်ပြပြီး ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းက NSPNC အနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ရေး၊ ငြိမ်းချမ်းရေးတည်ဆောက်သည့်နေရာတွင် စေတနာမှန်ကန်မှု၊ နိုင်ငံရေးဆန္ဒနှင့် စိတ်ရှည်သည်းခံမှုတို့နှင့်သာ တည်ဆောက်နိုင်ရေး၊ နိုင်ငံတော်မှ စစ်ရေး၊ နိုင်ငံရေးအပြင် ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေးစသည့် ဖြေလျှော့မှုများကို ပြုလုပ်ပေးနိုင်ရေး၊ အပစ်အခတ်ရပ်စဲရေး အသီးအပွင့်အကျိုးကျေးဇူးများကို ရရှိခံစားနိုင်ရေး၊ အလွတ်သဘောတွေ့ဆုံပွဲမှသည် အနှစ်သာရရှိပြီး အားလုံးပါဝင်နိုင်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်နိုင်ရန် ပွင့်လင်းမြင်သာစွာ အပြန်အလှန်ယုံကြည်မှုနှင့် စဉ်ဆက်မပြတ်လုပ်ဆောင်ရေးကိစ္စတို့ကို ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ၊ မွန်စာပေသင်ကြားနိုင်ရေးကိစ္စ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးဝါးအထောက်အပံ့ရရှိရေးကိစ္စ၊ ရေးမြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်အနောက်ဘက်ခြမ်း (ဂျိုင်းမြစ်တောင်ဘက်ခြမ်း)၊ တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြောက်ပိုင်းကျေးရွာများတွင် သတ်မှတ်ထားသည့် ပုံစံအတိုင်း မွေးစာရင်းအချက်အလက်များကိုအတည်ပြုမွေးစာရင်းထုတ်ပေးနိုင်ရေး၊ လမ်း၊ တံတားများကို ဦးစားပေးအစီအစဉ်အနေဖြင့် ဆောက်လုပ်ပေးရေးကိစ္စနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် အပြန်အလှန်ပေါင်းစပ်ဆောင်ရွက်နိုင်ရေးကိစ္စတို့အား ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က NMSP မှ တင်ပြသည့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ ယခင် Bilateral တွေ့ဆုံဆွေးနွေးမှုအခြေအနေများနှင့် ဒေသတည်ငြိမ်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စတို့အား ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန်ညှိနှိုင်းပြီး လက်မှတ်ရေးထိုးအတည်ပြုကြသည်။

ယင်းနောက် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းက ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ဆွေးနွေးပွဲအား ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

မြဝတီ

# ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃ ရက်တွင်ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲနှင့် စာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော်    ဇူလိုင်    ၂

၂၀၂၆ ခုနှစ်ဇူလိုင်လ ၃ ရက်တွင်ကျရောက်သောမြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ကြီးမှူးစီစဉ်သည့် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် သံတမန်ဇုန်မြောက်ဘက် သတ်မှတ်နေရာများ၌ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင် တက်ရောက်ပြီး သတ်မှတ်နေရာတွင် ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးကာ တက်ရောက်လာသူများက ဆီးသပြေ၊ မဟော်ဂနီ၊ ယူကလစ်၊ ယမနေနှင့် သပြေစသည့် အရိပ်ရနှစ်ရှည်ပင် ၁၅၀ ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် တပျော်တပါးစုပေါင်းစိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးသည်။



မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး၌ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ကြီးမှူး၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကစီစဉ်သည့် စာတမ်းဖတ်ပွဲသို့ တက်ရောက်သည်။

စာတမ်းဖတ်ပွဲတွင်မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင် ပါမောက္ခဒေါက်တာခင်ဆွေမြင့်က သဘာပတိအဖြစ်ဆောင်ရွက်ပြီးပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်ဒေါက်တာခင်ချစ်ချစ်က "မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်၊ အခွင့်အရေးနှင့် ဥပဒေအရအကာအကွယ်ပေးမှု" စာတမ်း၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမျိုးသားဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဆန်းဆုဆုရည်က "ပုလဲရတုမှ ဒစ်ဂျစ်တယ်ခေတ်ဆီသို့ - AI နည်းပညာနှင့်ဖွံ့ဖြိုးတိုးတက်လာမည့် မြန်မာအမျိုးသမီးများ၏အခန်းကဏ္ဍ" စာတမ်း၊ အမှတ်-၁ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးမိုးထွန်းက "လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် လူကုန်ကူးခံရသူများ အထူးသဖြင့် အမျိုးသမီးများအား ဥပဒေနှင့်အညီ အကာအကွယ်ပေးရေး" စာတမ်းတို့ကို ဖတ်ကြားခဲ့ကြကြောင်းသိရသည်။

မြဝတီ

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော်    ဇူလိုင်    ၂

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

**နိုင်ငံတစ်ဝန်းစိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

# အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီအစည်းအဝေး (၁/၂၀၂၆) ကျင်းပ

နေပြည်တော် ဇူလိုင် ၂

အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီအစည်းအဝေး (၁/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ အရွယ်မရောက်သေးသူကလေးသူငယ်များကို စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တပ်မတော်မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီကို ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ကလေးသူငယ်များအား အတင်းအကျပ် တပ်သားသစ်အဖြစ် စုဆောင်းခြင်းမပြုရန်၊ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်နှင့် ကလေးသူငယ်များ၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်အတွက် ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန် စသည့် ကော်မတီ၏ ရည်ရွယ်ချက်(၃)ရပ်ဖြင့် တပ်မတော်အတွင်း အသက် ၁၈ နှစ်မပြည့်သူများ စစ်မှုထမ်းဆောင်မှုမရှိစေရေး ဆောင်ရွက်လျက်ရှိရာ ကော်မတီစတင်ဖွဲ့စည်းချိန်မှ ယခုအချိန်အထိ ၂၂ နှစ်ကျော်ကာလရှိပြီဖြစ်ကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် Country Task Force on Monitoring and Reporting (CTFMR)တို့အကြား အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစီမံချက်(Plan of Action) ကို ၂၀၁၂ ခုနှစ် ဇွန်လ ၂၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ကော်မတီနှင့် CTFMR တို့ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဇွန်လအထိ CTFMR မှပေးပို့လာသည့် သံသယဖြစ်ဖွယ်စစ်သည် ၂၃၇၇ ဦး အနက် သံသယစာရင်းမှပယ်ဖျက်ရန် စိစစ်ဆဲ ၁၆ ဦးသာကျန်ရှိပါကြောင်း။

ထို့ပြင် ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင် အကောင်အထည်ဖော်ကျင့်သုံးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်ရာတွင် အရွယ်မရောက်သေးသူကလေးသူငယ်များမပါရှိစေရေးစနစ်တကျစိစစ်ဆောင်ရွက်လျက်ရှိသည့်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)မှအမှတ်စဉ်(၂၄)အထိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များမှ အကြောင်းအမျိုးမျိုးကြောင့် မှားယွင်းဆင့်ခေါ်ခဲ့သည့် အသက် ၁၈ နှစ်မပြည့်သူ စုစုပေါင်း ၁၁၃ ဦးကို သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးအဖွဲ့များမှတစ်ဆင့် မိဘ/အုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခဲ့ပါကြောင်း။

တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များစစ်မှုထမ်းဆောင်ခြင်းမရှိစေရေး ကော်မတီ၏ လုပ်ငန်းစဉ်များကို အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုပါကြောင်း၊ တပ်မတော်အတွင်း အသက်မပြည့်စစ်သည်များ မှားယွင်းစုဆောင်းမှုများရှိပါက တပ်မတော်သာမက နိုင်ငံတော်၏ပုံရိပ်ကိုပါကျဆင်းစေနိုင်သည့်အတွက် တပ်မတော်အတွင်း ကလေးစစ်သည်များဝင်ရောက်မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန်နှင့်ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်ရာတွင်အသက်မပြည့်ကလေးသူငယ်များမပါရှိစေရေးကိုလည်း ကော်မတီဝင်များမှ မိမိတို့ရုံး/ဌာနအလိုက် သက်ဆိုင်ရာဌာနများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိ/ရပ်ဖများအား အသိပညာပေးဟောပြောပို့ချမှုများကို အရှိန်အဟုန်ဖြင့် အမှန်တကယ်လုပ်ဆောင်သွားရန် လိုပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့်ကော်မတီဝင်များက အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းများနှင့်ပတ်သက်၍သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေများကို အကြံပြုဆွေးနွေးခဲ့ပြီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက တပ်မတော်အတွင်း အရွယ်မရောက်သေးသူကလေးသူငယ်များစစ်မှုထမ်းရန်မှားယွင်းစုဆောင်းမှုမရှိစေရေး ကြိုတင်ကာကွယ်တားဆီးခြင်းများကိုဦးစားပေးအလေးထားစီမံဆောင်ရွက်သွားရန်လိုပါကြောင်းနှင့် ကော်မတီဝင်များအနေဖြင့် မိမိတို့လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များကို အရှိန်အဟုန်မပြတ်ဆက်လက်ဆောင်ရွက်သွားရန်လိုပါကြောင်း ပြောကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သိရသည်။

မြဝတီ

# နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၆)ကျင်းပ

နေပြည်တော် ဇူလိုင် ၂

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆)ကိုယနေ့မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်နှင့် လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များတက်ရောက်ကြပြီး ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၊ ပြည်နယ်/တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများက Zoom Application Online System ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီးတိုင်းဒေသကြီး/ပြည်နယ်အားလုံး အကြားအလပ်မရှိ အချိုးညီမျှစွာ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်အချိုးကျသည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများခိုင်မာမှု၊ ညှိနှိုင်းပေါင်းစပ်တာဝန်ယူဆောင်ရွက်မှု၊ အစိုးရနှင့်ပြည်သူ ပူးပေါင်းပြီး အားတက်သရောဆောင်ရွက်မှုတို့လိုအပ်မည်ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသနှင့် နယ်စပ်ဒေသနေတိုင်းရင်းသားလူငယ်များကို ဗလငါးတန်နှင့်ပြည့်စုံပြီး ထူးချွန်ထက်မြက်သည့်လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပေါ်လာစေရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် အပြန်အလှန်နီးကပ်စွာ အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီတွဲဖက်အတွင်းရေးမှူး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းကော်မတီဆိုင်ရာ အချက်အလက်များရှင်းလင်းတင်ပြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီအတွင်းရေးမှူးများက လက်ရှိဘဏ္ဍာရေးနှစ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ အားသာချက်များ၊ အားနည်းချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက်ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။



ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက တင်ပြချက်များနှင့်စပ်လျဉ်း၍ဖြည့်စွက်ရှင်းလင်းတင်ပြပြီး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

တံတားဦး ဇူလိုင် ၂

မန္တလေးတိုင်းဒေသကြီး တံတားဦး (စဉ့်ကိုင်တွဲ) မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ဘယ်လင်း)၌ သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးက သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများ၊ တောမီးထိန်းချုပ်ရေးဆိုင်ရာနည်းလမ်းများ၊ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာအစီအစဉ်များ၊ ဂေဟစနစ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများ၊ ရေအရင်းအမြစ်ထိန်းသိမ်းခြင်းဆိုင်ရာ အကျိုးကျေးဇူးများ၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ အကျိုးကျေးဇူးများကို အသိပညာပေးရှင်းလင်းဟောပြောသည်။

ဆက်လက်၍ တံတားဦး(စဉ့်ကိုင်တွဲ) မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်မြင့်ဦးက တစ်ပင်စိုက် တစ်ပင်ရှင်သန်စေရေးအတွက် ကျေးရွာအလိုက် အရိပ်ရပင်များ စိုက်ပျိုးရန်၊ မြို့ပြသစ်တောငယ်များ တည်ထောင်ခြင်းသည် အပူချိန်လျှော့ချမှုတွင် အခြေခံဖြစ်ကြောင်းနှင့် သစ်ပင်စိုက်ပျိုးရေးလုပ်ငန်းများကို တတ်နိုင်သမျှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးဟောပြောကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား လူသစ်တန်းနှင့်အသက် ၂၀ နှစ်အောက် မြို့နယ်ပေါင်းစုံ ဂျူဒိုပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား လူသစ်တန်းနှင့် အသက် ၂၀ နှစ်အောက် မြို့နယ်ပေါင်းစုံဂျူဒိုပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တာဝန်ရှိသူများက ပြိုင်ပွဲများအလိုက် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ဂျူဒိုပြိုင်ပွဲတွင်ပွဲစဉ်တစ်လျှောက် တာဝန်ယူခဲ့သည့် ဒိုင်ကြီးကြပ်နှင့်ဒိုင်လူကြီးများ၊ (-၂၃)ကီလိုတန်းအမျိုးသမီးသက်ငယ်တန်းပြိုင်ပွဲနှင့် (-၅၀)ကီလိုတန်းအမျိုးသား သက်ငယ်တန်းပြိုင်ပွဲတွင် ဆုရရှိသူများ၊ အမျိုးသမီးလူသစ်တန်းပြိုင်ပွဲနှင့်အမျိုးသား လူသစ်တန်းပြိုင်ပွဲတွင် အကောင်းဆုံးဆု ရရှိသူများ၊ အမျိုးသမီးသက်ငယ်တန်းပြိုင်ပွဲ နှင့်အမျိုးသားသက်ငယ်တန်းပြိုင်ပွဲတွင် အကောင်းဆုံးဆုရရှိသူများ၊ လူသစ်တန်း ပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသည့် မှော်ဘီမြို့နယ်အသင်းအား တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် တံခွန်စိုက်ဆုဖလားတို့ကို အသီးသီးပေးအပ်ကြသည်။

ယင်းနောက် သက်ငယ်တန်းပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသည့် လှိုင်မြို့နယ် အသင်းအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ကြောင်းသိရသည်။ ဝန်းရံခ




# စစ်ကိုင်းမြို့တွင် ငွေကျပ်သိန်း ၄၆၀၀ တန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဝေါမြို့နယ်တွင် ငွေကျပ် ၁၀၂ ဒသမ ၅ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါး TRAMADOL ဆေးတောင့်များဖမ်းဆီးရမိ



တရားခံ ထက်ထက်ဇော်(ခ)အငယ်ကောင်နှင့် ထက်ကိုဝင်း တို့အား ဖမ်းဆီးရမိစိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



တရားခံ သက်အောင်ထွန်း(ခ)နဂါး၊ စိုးမျိုးထွန်း(ခ)ကိုကြီးနှင့် မလဖိုင်နန်ဘောက်တို့အား ဖမ်းဆီးရမိသည့် TRAMADOL ဆေးတောင့်များနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၂

စစ်ကိုင်းမြို့တွင် ငွေကျပ်သိန်း ၄၆၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ နှင့် ဝေါမြို့နယ်တွင် ငွေကျပ် ၁၀၂ ဒသမ ၅ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါး TRAMADOL ဆေးတောင့်များ ဖမ်းဆီးရမိ ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရ သည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်း ရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန်လ ၂၉ ရက် နံနက် ၈ နာရီတွင် သတင်းအရ စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်အနီးတွင် တမူးမြို့၊ စော်ဘွား(၆)ရပ်ကွက်နေသူများဖြစ်သည့် ထက်ကိုဝင်း(၂၉)နှစ် မောင်းနှင်ပြီး ထက်ထက်ဇော် (ခ)အငယ်ကောင်(၂၃)နှစ် လိုက်ပါလာသော HILUX SURF အမျိုး အစားမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၄၆၀၀) ဖမ်းဆီးရမိသဖြင့် ထက်ကိုဝင်းနှင့် ထက်ထက်ဇော်(ခ)အငယ်ကောင်တို့ကို မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူ ထားသည်။

အလားတူ ယင်းနေ့ ည ၈ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ သည် သတင်းအရ ဝေါမြို့နယ်၊ ညောင်ခါး ရှည်ကျေးရွာအနီးတွင် ဘားအံမြို့၊ (၉) ရပ်ကွက်နေ သက်အောင်ထွန်း(ခ)နဂါး(၄၃) နှစ်မောင်းနှင်ပြီး ကော့ကရိတ်မြို့၊ အမှတ်(၃) ရပ်ကွက်နေ စိုးမျိုးထွန်း(ခ)ကိုကြီး(၄၃)နှစ်နှင့် မိုးကောင်းမြို့၊ နတ်ကြီးကုန်းရပ်ကွက်နေ မလဖိုင်နန်ဘောက်(၃၁)နှစ်တို့ လိုက်ပါလာ သော TOYOTA HIACE အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေး ရှာဖွေရာ မူးယစ်ဆေးဝါး TRAMADOL ဆေးတောင့် ၂၀၅၀၀ (ဆေးတစ်တောင့်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်၁၀၂ ဒသမ ၅ သိန်း) ဖမ်းဆီးရမိသဖြင့် သက်အောင်ထွန်း(ခ)နဂါး၊ စိုးမျိုးထွန်း(ခ) ကိုကြီးနှင့် မလဖိုင်နန်ဘောက်တို့ကို မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူ ထားကြောင်း သိရသည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါ အဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ် ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက် သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၂၄၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၂

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူ စားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံး နိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံး ဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီကဆောင်ရွက်ပေး လျက်ရှိကြောင်းသိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်း ရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေး နှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့ သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်း ဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်မှ ၉ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၂၄၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ် ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်း ဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူ ပြည်သူများအနေဖြင့် စားသုံးသူရေးရာ ဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း ၏ Facebook Page တို့တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ကြောင်းသိရသည်။

မြဝတီ

**ဖခင်အမည်မှန်**
လှည်းကူးမြို့နယ်၊ အင်းတိုင် အ.ထ.က၊ ဆဋ္ဌမတန်း(B)မှ မောင်ဟိန်းသီဟဇင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇင်ဝင်း ၁၂/ရပသ(နိုင်)၀၅၃၁၉၃ ဖြစ်ပါကြောင်း။
ဦးအောင်ဇင်ဝင်း

**ပျောက်ဆုံးကြောင်း**
ခိုင်ဇာလင်း(ဘ)ဦးသန်းထွန်း ၁၂/မရက(နိုင်) ၁၂၂၄၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၀၆၇၀၈၁

**ပျောက်ဆုံးကြောင်း**
နှင်းနုနုထွေး(ဘ)ဦးသိန်းလွင် ၁၂/သကတ (နိုင်)၂၁၂၈၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၂၁၀၆၄၉

**ပျောက်ဆုံးကြောင်း**
နန္ဒာလင်း(ဘ)ဦးသက်မင်းနိုင် ၁၂/ဒဂဆ (နိုင်)၀၅၁၁၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MK 009657)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၇၆၈၈၅၁၃၂၉

**ပျောက်ဆုံးကြောင်း**
ကောင်းခန့်လွင်(ဘ)ဦးမြင့်လွင် ၁၂/တမန (နိုင်)၁၂၀၃၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MG 774005)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၄၄၃၀၃၁၉၉၁

**ပျောက်ဆုံးကြောင်း**
ဆုဝတီကျော်(ဘ)ဦးတင်မောင်နိုင် ၃/ဘအန (နိုင်)၃၄၂၄၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၈၀၀၃၇၅

**ပျောက်ဆုံးကြောင်း**
ဖြူဖြူလင်း(ဘ)ဦးကြည်ဝင်း ၇/ညလပ(နိုင်) ၁၇၇၅၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ဖခင်အမည်မှန်**
ဘားအံမြို့၊ အမှတ်(၂)အခြေခံပညာအထက် တန်းကျောင်းခွဲ၊ Grade-9 မှ နန်းသဇင်မြင့်၏ ဖခင်အမည်မှန်မှာ ဦးခင်သန်းလှိုင် ၃/ဘအန (နိုင်)၀၆၈၄၈၉ ဖြစ်ပါကြောင်း။
ဦးခင်သန်းလှိုင်

**ဖခင်အမည်မှန်**
ဘားအံမြို့၊ ပညာစံအိမ်ကိုယ်ပိုင်အထက် တန်းကျောင်း၊ Grade-9 မှ နန်းဝတ်ရည်အေး ၏ဖခင်အမည်မှန်မှာ စောမင်းအောင် ၃/ဘအန (နိုင်)၂၁၆၆၂၅ ဖြစ်ပါကြောင်း။
စောမင်းအောင်

**တစ်ဦးတည်းဖြစ်ပါကြောင်း**
တောင်ကြီးမြို့၊ ကံသာရပ်ကွက်၊ နယ်မြေ(၁)၊ မြမဥ္ဇူလမ်းနေ မမိုးကြယ်စုံလင်း၏မိခင် ဒေါ်သင်းသင်းနွယ်နှင့် ဇင်ဇင်ဖြိုး ၁၃/ရစန (နိုင်)၀၄၇၁၈၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဒေါ်သင်းသင်းနွယ်(ခ)ဇင်ဇင်ဖြိုး

**ဖခင်အမည်မှန်**
မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တိုးချဲ့(၁)ရပ်ကွက်နေ အထက(ပလစ-၂) Grade-11(B)မှ မောင်စည်သူဖြိုး၏ဖခင် အမည်မှန်မှာ ဦးဝင်းမောင် ၁၃/တကန(နိုင်) ၁၄၆၉၇၁ ဖြစ်ပါကြောင်း။ ဦးဝင်းမောင်

**ပျောက်ဆုံးကြောင်း**
စောကော်သောစိန်(ဘ)စောစိန်ဝင်း ၁၄/ ပေတ(နိုင်)၃၀၀၆၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MK 118050)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ ဖုန်း-၀၉-၆၉၆၂၂၅၉၁

**ပျောက်ဆုံးကြောင်း**
မိုးမိုးအေး(ဘ)ဦးတင်ရွှေ ၁၄/ဟကက(နိုင်) ၀၄၁၂၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဖြူသဲချစ်(ဘ)ဦးဖြိုးဇော်အောင် ၉/ကပတ (နိုင်)၂၅၄၁၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မူးတုပ်ကောက်(ဘ)ဦးလှမြင့် ၃/ဘအန(နိုင်) ၂၉၂၀၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MB 979034)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
မလှိုန်နိုတ်ထဲမ်း(ဘ)ဦးပုမ်းလျှန်းခိုင် ၄/တဇန (နိုင်)၀၂၈၄၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၀၁၆၂၂၅

**ပျောက်ဆုံးကြောင်း**
ဒေါ်ထွမ်ဘောလ်(ခ)ပါးရှ်(ဘ)ဦးဇလှင်ခိုင်း ၅/ ကလထ(နိုင်)၂၂၁၄၁၁ ကိုင်ဆောင်သူ၏ နိုင်ငံ ကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ ဖုန်း-၀၉-၄၂၅၀၁၆၂၂၅

**ပညာဘဏ်တိုက် စာကြည့်တိုက်**


မန္တလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ရွှေဘို-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS Certification
UKAS MANAGEMENT SYSTEMS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၆၉၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။
THE BEST QUALITY TYRE
ဆိုင်ကယ်တာယာ
သုံးဘီးဆိုင်ကယ် တာယာ
ကားတာယာ
LIGHT TRUCK TYRE
ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
နှင့်
PURE ARABICA COFFEE
MOUNT PLEASANT
ပင်ရင်းအရောင်း-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
MOUNT PLEASANT COFFEE
2 plus 1
Black Coffee
PYIN OO LWIN
NAN MYAING
2 in 1
2+1 coffee

❖ နိုင်ငံတော်ရှေးသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ (၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



နေပြည်တော်  ဇူလိုင်  ၂


မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ (၁/၂၀၂၆) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကော်မတီဝင်ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မူပိုင်ခွင့်ဆိုင်ရာပညာရှင်များ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ စာမျက်နှာ ၁၅ ကော်လံ ၁ ■

## ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်

စာ - ၁၁ သို့

# တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်




နေပြည်တော်  ဇူလိုင်  ၂


ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဇူလိုင်လ ၃ ရက်၌ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇူလိုင်လ ၃ ရက်မှ ၁၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ●

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် မွန်ပြည်သစ်ပါတီ(NMSP)တို့ တွေ့ဆုံဆွေးနွေး

စာ - ၂၇ သို့

## လေဖိအားနည်းရပ်ဝန်းပိုမိုအားကောင်းလာနိုင်




နေပြည်တော်  ဇူလိုင်  ၂

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်း- အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခုဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်သည်ဟုခန့်မှန်းရပါသည်။ (မိုး/ဇလ)

# မြန်မာ U -20 အမျိုးသားဘောလုံးအသင်းနှင့် တရုတ်ဟောင်ကောင် U – 20 အမျိုးသားဘောလုံးအသင်းတို့၏ ခြေစမ်းပွဲများ MRTV မှတိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော်  ဇူလိုင်  ၂

2027 AFC U –20 Asian Cup Development (အုပ်စု K) ပြိုင်ပွဲအကြိုခြေစမ်းပွဲ ပထမပွဲစဉ်အဖြစ် မြန်မာ U –20 အမျိုးသားဘောလုံးအသင်းနှင့် တရုတ်ဟောင်ကောင် U –20 အမျိုးသားဘောလုံးအသင်းတို့ ဇူလိုင်လ ၄ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်အား ယင်းနေ့ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်ပြီး MRTV–HD Channel၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

မြဝတီ

## စစ်ကိုင်းမြို့တွင် ငွေကျပ်သိန်း ၄၆၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဝေါမြို့နယ်တွင် ငွေကျပ် ၁၀၂ ဒသမ ၅ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါး TRAMADOL ဆေးတောင့်များဖမ်းဆီးရမိ

စာ - ၂၉ သို့

**နိုင်ငံ တကာ သတင်း**

စာ - ၂၄ သို့

အားကောင်းသောအယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် နယူးဇီလန်၌ မိုးခေါင်မှုနှင့် တောမီးလောင်မှုများဖြစ်နိုင်

ထိုင်း၌ ကလေးငယ်တစ်ဦးမောင်းသော ထရပ်ကားဖြင့် တိုက်မိမှုကြောင့် သံဃာတော်ကိုးပါး ပျံလွန်တော်မူ

ဂျပန်အရှေ့ပိုင်းနှင့်အနောက်ပိုင်းတို့၌ ရေကြီးမှုများနှင့်မြေပြိုမှုများဖြစ်ပေါ်မည်

## ဆောင်းပါး

မြန်မာအမျိုးသမီးတို့၏ဂုဏ်ရည်

စာ - ၂၅ သို့

တစ်ယောက်လက် သစ်တစ်ပင် နှစ်စဉ်သာစိုက်ပျိုး

စာ - ၂၂ သို့